# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## စိတ်ကိုကြည်လင်စေနိုင်

မြတ်စွာဘုရား၏ တရားစကားကို နာကြားရသူ ပညာရှိတို့သည် စိတ်ကြည်လင်အေးချမ်းခြင်းကို ရကြကုန်၏။ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်လောက် စိတ်ကိုကြည်လင်စေနိုင်သောအရာသည် မရှိ။ မိမိတို့၏ စိတ်နှလုံးအစဉ် အေးမြကြည်လင်နေစေရန် မြတ်စွာဘုရား၏ အစ၊ အလယ်၊ အဆုံး သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်ကို နာကြားရာ၏။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၂)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၃၂၄)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဘ် မူခါဂျီး ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ပါသည်။

(သတင်းစဉ်)

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် ကိုဖီအာနန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်း

နေပြည်တော် ဩဂုတ် ၂၄

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

**အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

**သတင်းထုတ်ပြန်ချက်**

**ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများကိုရှာဖွေသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ရေရှည်နည်းလမ်းကောင်းများ ရရှိရေးအတွက် အကြံပြုပေးရန် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာတစ်ခုကို လက်မှတ်ရေးထိုးမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအစိုးရ၏ ဦးဆောင်မှုဖြင့်အဆိုပါသိမ်မွေ့နက်နဲသည့် အရေးကိစ္စများကိုဖြေရှင်းရန် ဤအကြံပေးကော်မရှင်ကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။ အကြံပေးကော်မရှင်တွင် ဘက်လိုက်မှုကင်းသည့်၊ လူအများလေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံသားပုဂ္ဂိုလ်(၆)ဦး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်(၃)ဦးတို့ဖြင့် စုစုပေါင်းအဖွဲ့ဝင်(၉)ဦး ပါဝင်မည်ဖြစ်ပါသည်။ အဆိုပါကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ကိုဖီအာနန်ဖောင်ဒေးရှင်းတည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန်မှ ဆောင်ရွက်မည်ဖြစ်ပါသည်။ အကြံပေးကော်မရှင်၏ အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များ ပါဝင်မည်ဖြစ်ပါသည်-

(က) ဦးဝင်းမြ<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊

(ခ) ဒေါက်တာသာလှရွှေ<br>နာယက၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊

(ဂ) မစ္စတာ ဂါဆန် ဆလမ်<br>ယဉ်ကျေးမှုဝန်ကြီး(၂၀၀၀-၂၀၀၃)၊ လက်ဘနွန်နိုင်ငံ၊<br>ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်(၂၀၀၃-၂၀၀၆)

*စာမျက်နှာ ၃ ကော်လံ ၁*

# ရန်ကုန်-မန္တလေး ရထားခရီးစဉ်ကို ရှစ်နာရီနှင့် မောင်းနှင်နိုင်ရန် ဆောင်ရွက်မည်




**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဩဂုတ် ၂၃**

မြန်မာ့မီးရထားသည် ရန်ကုန်-မန္တလေး ရထားခရီးစဉ်ကို ရှစ်နာရီနှင့် မောင်းနှင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ ချေးငွေ ဒေါ်လာ နှစ်ဘီလီယံဖြင့် ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား နေပြည်တော်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ(မြို့ပြအင်ဂျင်နီယာဌာန)ဦးတင်စိုးက ပြောသည်။

လက်ရှိအခြေအနေတွင် ရန်ကုန်-မန္တလေး ရထားခရီးစဉ်ကို ၁၄ နာရီကြာ ခုတ်မောင်းနေခြင်းဖြစ်ပြီး အဆိုပါလမ်းပိုင်းများ မြှင့်တင်ပြီးပါက ရှစ်နာရီနှင့် ရောက်ရှိနိုင်မည်ဟု မျှော်မှန်းထားသည်ဟု ဆိုသည်။

"ဂျပန်နိုင်ငံချေးငွေနဲ့ လမ်းပိုင်းအဆင့်မြှင့်တာတွေကို လာမယ့်နှစ် ဧပြီလမှာ စတင်ဆောင်ရွက်သွားမယ်။ မြန်မာ့မီးရထားအနေနဲ့ ရထားခုတ်မောင်းချိန် လျှော့နည်းပြီး အချိန်တိုအတွင်းရောက်ရှိရေးအတွက် ကြိုးစားလုပ်ဆောင်နေပါတယ်" ဟု မြန်မာ့မီးရထား နေပြည်တော်ရုံးချုပ်မှ အထွေထွေမန်နေဂျာက ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)




မြန်မာ့အလင်း

# ပြည်သူတို့၏စွမ်းပကား

မြန်မာနိုင်ငံသမိုင်း၌ ဖြစ်စေ၊ ကမ္ဘာ့သမိုင်း၌ဖြစ်စေ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုမပါသော သမိုင်းအချိုးအကွေ့တို့ကို ရှာဖွေမည်ဆိုပါက တွေ့ရှိမည်မဟုတ်ပါ။ သမိုင်းအချိုးအကွေ့တို့ဟူသည် ပြည်သူလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့်သာ ဖန်တီးဖြစ်ပေါ်စေနိုင်ပါသည်။ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပြည်သူလူထု၏ လွတ်လပ်သောဆန္ဒမဲပေါ် အခြေခံဖွဲ့စည်းခဲ့သော လူထုအစိုးရသစ်အနေဖြင့် တိုင်းပြည်၏ဒီမိုကရေစီအုတ်မြစ်ခိုင်မာတောင့်တင်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဆောင်ရွက်ရာ၌ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မလွဲမသွေရယူရမည် ဖြစ်ပါသည်။

ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုရယူရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၏ လူထုရိပ်မြုံ **(Community Center)** များတွင် လူထုအကျိုးဆောင်ရွက်နေသော ပုဂ္ဂိုလ်အဖွဲ့အစည်းတို့အား အခမဲ့သုံးစွဲခွင့်ပြုထားပြီးဖြစ်ပါသည်။ လူထုအကျိုးပြုအဖွဲ့အစည်းတို့၏လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အစည်းအဝေးကျင်းပရာနေရာခန်းမ ရရှိရေးသည်လည်း လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် စတင်ထူထောင်စအဖွဲ့အစည်းများအတွက် ဤလိုအပ်ချက်သည် အဟန့်အတား၊ အခက်အခဲတစ်ရပ်ဖြစ်နေတတ်ပါသည်။ သို့ဖြစ်၍ ကမ်းလှမ်းထားပြီးဖြစ်သော ဤအခွင့်အရေးအား လူထုအကျိုးပြုပုဂ္ဂိုလ်အဖွဲ့အစည်းတို့အနေဖြင့် ထိထိရောက်ရောက် အသုံးချနိုင်သောနည်းလမ်းတို့ကို ရှာဖွေသင့်ပါသည်။ ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်နိုင်သော အကြံအစည်သစ်တို့ကိုလည်း ကြံဆသင့်ပါသည်။ ဥပမာအားဖြင့် လူထုရိပ်မြုံများရှိ စာကြည့်တိုက်များအား လူထုအကျိုးပြုအဖွဲ့အစည်းများ၏ လှူဒါန်းမှုအင်အားကိုရယူ၍ ပိုမိုကျယ်ပြန့်ပြည့်စုံသော စာကြည့်တိုက်များ ဖန်တီးခြင်းမျိုး ဖြစ်ပါသည်။

လူထုအကျိုးပြုအဖွဲ့အစည်းများအနေဖြင့် လူထုအစိုးရသစ်၏ လမ်းညွှန်မှုကို ရယူလျက် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည် ဖြစ်ပါသည်။ သို့သော် ဤသို့သော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတို့မည်သည် လူထုအစိုးရသစ်၏ လမ်းညွှန်မှုဖြင့်သာဖြစ်ပေါ်နိုင်သည်ဟု စဉ်းစားခြင်းမျိုးကိုမူ စွန့်လွှတ်ရမည်ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်ရေးတို့မည်သည် နှစ်လမ်းသွားဖြစ်မှသာ ကျယ်ပြန့်အားကောင်းခိုင်မာမည်ဖြစ်ပါသည်။ နိုင်ငံပိုင်သတင်းစာတို့၌ လူထုအကျိုးပြုအဖွဲ့အစည်းတို့က မိမိတို့၏အတွေ့အကြုံ၊ အတွေးအမြင်တို့ကို ကြိုးပမ်းအားထုတ်တင်ပြပါက တိုင်းပြည်ထူထောင်ရေးလုပ်ငန်းစဉ်များ၌ များစွာအကျိုးရှိစေမည်ဖြစ်ပါသည်။ နိုင်ငံပိုင်သတင်းစာတို့ကလည်း ဤသို့သောအတွေ့အကြုံ၊ အတွေးအမြင်တို့ကို ကြိုဆိုလိုလားကြောင်း ဖော်ပြအသိပေးပြီးဖြစ်ပါသည်။

တိုင်းပြည်၏ကဏ္ဍအသီးသီးအတွက် လိုအပ်ချက်အဖုံဖုံတို့ကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်လူထုအကျိုးပြု အဖွဲ့အစည်းပေါင်းစုံတို့၏ လှုပ်ရှားဆောင်ရွက်မှုတို့ကို စုစည်းဆက်စပ်တင်ပြပေးသော အင်တာနက်စာမျက်နှာ **(WEBSITE)** တစ်ရပ်ကို စုပေါင်းလက်တွဲဆောင်ရွက်နိုင်ပါက နိုင်ငံတော်ယန္တရားများနှင့်လူထုအကျိုးပြုအဖွဲ့အစည်းတို့အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီဖြစ်ပေါ်နိုင်ရေးအတွက် အထောက်အပံ့ကောင်းဖြစ်မည်ဟု ယူဆပါသည်။ ခြုံငုံတင်ပြရပါက ပြည်သူတို့၏စွမ်းပကားရရှိရေးကို ဆောင်ရွက်ရာ၌ နိုင်ငံတော်ယန္တရားတို့က စတင်ဆောင်ရွက်သည်များ ရှိရမည်ဖြစ်သကဲ့သို့ လူထုအကျိုးပြုအဖွဲ့အစည်းတို့က စတင်ဆောင်ရွက်သည်များလည်း ရှိရမည်ဖြစ်ပါသည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီလူ့အဖွဲ့အစည်းကို ဖန်တီးနိုင်မည့် ပြည်သူတို့၏ စွမ်းပကားအား စုစည်းရယူနိုင်မည် ဖြစ်ပါသည်။ ။

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**



# ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၃**

နယ်စပ်ဒေသ ကျေးလက်မြို့ပြနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးမည့် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ် (၁၄)ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက်က ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကယား၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ ကယန်း၊ လီဆူ၊ ဒိုင်းနက်နှင့် နာဂတိုင်းရင်းသားများအပါအဝင် သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်သည်။

ခေတ်မီမော်တာအထည်ချုပ်စက် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးလျက်ရှိရာ သင်တန်းအပတ်စဉ် (၁)မှ (၁၃)အထိ သင်တန်းဆင်းတိုင်းရင်းသူ ၁၆၁၄ ဦးအား တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး အထည်ချုပ်စက်ရုံများတွင် အလုပ်ခန့်ထားလုပ်ကိုင်စေ၍ ဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဥရောပသမဂ္ဂ သံအမတ်ကြီး မန္တလေးသို့လာရောက်

**မန္တလေး ဩဂုတ် ၂၃**



ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာသည် မန္တလေးမြို့ကံတက်ကုန်း (မစိုးရိမ်) ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဩဂုတ် ၂၂ ရက်က ရောက်ရှိပြီး ကျောင်းသားများအား အားပေးစကားများပြောကြားခဲ့သည်။

"မြန်မာနိုင်ငံအရပ်ရပ်က ကလေးတွေအားလုံးမှာ ဒီကကျောင်းသားတွေလို ငြိမ်းချမ်းစွာ စာသင်နေရတာ မဟုတ်ဘူး။ ဒီမှာစောင့်ရှောက်တဲ့သူ၊ ပညာရေးထောက်ပံ့ပေးသူတွေရှိတယ်။ တစ်ကမ္ဘာလုံးမှာ ငြိမ်းချမ်းစွာ စာမသင်ရတဲ့ကလေးတွေ အများကြီးရှိတယ်။ ခုလိုမျိုး အခြားကလေးတွေမရနိုင်တဲ့ အခွင့်အရေးမျိုးကိုယ်က ရရှိနေတဲ့အချိန်မှာ တန်ဖိုးထားပါ။ အလဟဿမဖြစ်ပါစေနဲ့"ဟု ၎င်းက အားပေးစကားပြောကြားခဲ့သည်။

ဥရောပသမဂ္ဂသည် နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်သည့် အဖွဲ့အစည်းဖြစ်ပြီး ငြိမ်းချမ်းရေးအတွက် ကြိုးစားအားထုတ်နေကြောင်း၊ နိုင်ငံများသည် ဘာသာစကား၊ လူမျိုး၊ ကိုးကွယ်မှုစသည်တို့ ကွဲပြားနေသော်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နေကြကြောင်း ဆက်လက်ပြောကြားသည်။

"ကလေးတွေအတွက် ထောက်ပံ့မှုတွေ လိုအပ်နေတယ်။ အပြင်က ကလေးတွေမှာ မိဘနဲ့အခြားထောက်ပံ့သူတွေရှိတယ်။ ဥရောပသမဂ္ဂအဖွဲ့အနေနဲ့ ဘယ်လို ထောက်ပံ့ပေးနိုင်မလဲဆိုတာမျိုးတော့ မျှော်လင့်တာပေါ့"ဟု ကံတက်ကုန်း(မစိုးရိမ်) ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသက မိန့်ကြားသည်။

အဆိုပါ ကံတက်ကုန်း (မစိုးရိမ်)ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသားပေါင်း တစ်ထောင်ကျော်ရှိ၍ မူလတန်းမှအလယ်တန်းအထိ ယင်းကျောင်းတွင် ပညာသင်ကြားပေးပြီး အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားများအား ပြင်ပစာသင်ကျောင်းများသို့ ပို့ဆောင်ပညာသင်ကြားပေးနေကြောင်း သိရသည်။

ထို့ပြင် ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာသည် ဆေးတက္ကသိုလ်(မန္တလေး) သို့ရောက်ရှိကာ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၉၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၆ |
| တရုတ် | တစ်ယွမ် | ၁၇၉.၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၉၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❇ ရှေ့ဖုံးမှ

(ဃ) မစ္စ လက်တီတီရာ ဇန်ဒန် အာဆမ်
ကုလသမဂ္ဂအိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ဆိုင်ရာအစီအစဉ် (UNAIDS) ၏ အထူးအကြံပေးပုဂ္ဂိုလ်(၂၀၀၅-၂၀၀၆)
ဖြိတိန်နိုင်ငံဆိုင်ရာနယ်သာလန်သံအမတ်ကြီး(၂၀၁၂-၂၀၁၅)
(င) ဦးအေးလွင်
တည်ထောင်သူတစ်ဦးနှင့်အမြဲတမ်းအဖွဲ့ဝင်၊
ငြိမ်းချမ်းမေတ္တာအဖွဲ့(မြန်မာနိုင်ငံ)
(စ) ဒေါက်တာမြသီတာ
ဥက္ကဋ္ဌ၊ သားဖွားမီးယပ်ပညာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ အဖွဲ့ဝင်၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊
(ဆ) ဦးခင်မောင်လေး
အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊
(ဇ) ဒေါ်စောခင်တင့်
ဥက္ကဋ္ဌ၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်)
ဒုတိယ-ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသမီးများအသင်း၊

၃။ ကော်မရှင်အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာများအား ဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေရန်အတွက် ပါဝင်သက်ဆိုင်သူများနှင့်လည်းကောင်း၊ နိုင်ငံတကာကျွမ်းကျင်သူများနှင့်လည်းကောင်း၊ နိုင်ငံတကာမှ အရေးပါသည့် ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အမြင်သဘောထားများကို ရယူလျက် လေ့လာသုံးသပ်မှုများ ပြုလုပ်မည်ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ရခိုင်ဒေသရှိပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေးကိစ္စ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများနှင့် အခြေခံလူမှုဝန်ဆောင်မှုများ ရရှိရေးကိစ္စများအား စဉ်းစားဆောင်ရွက်မည်ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးရေး၊ အခွင့်အရေးများနှင့် ပြန်လည်ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဖွဲ့အစည်းအဆောက်အအုံများ တည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး စသည့်ကဏ္ဍများအတွက် လေ့လာသုံးသပ်မှုပြုလုပ်၍ အကြံပြုတင်ပြမှုများ ပြုလုပ်မည်ဖြစ်ပါသည်။ ထို့အပြင် ကော်မရှင်အနေဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းအရာ အပါအဝင် နိုင်ငံတကာဆက်နွှယ်မှုတို့ကိုလည်း သုံးသပ်သွားမည်ဖြစ်ပါသည်။

၄။ ကော်မရှင်အနေဖြင့် သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ရှာဖွေတွေ့ရှိချက်များနှင့် လေ့လာသုံးသပ်အကြံပြုချက်များ ပါဝင်သည့် အစီရင်ခံစာကိုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြမည်ဖြစ်ပြီး ပြည်သူလူထုသိရှိနိုင်ရေးအတွက်လည်း အစီရင်ခံစာကို ထုတ်ဝေဖြန့်ချိမည် ဖြစ်ပါသည်။ အစီရင်ခံစာကို ကော်မရှင်တည်ထောင်ပြီး (၁၂)လ ကာလထက် နောက်မကျစေဘဲ တင်ပြရမည်ဖြစ်ပါသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးမြင့်ထွေး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာစိုးလွင်ငြိမ်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၃) ပါမောက္ခ<br>ဒေါက်တာဝင်းဌေးအောင် | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (၄) ဒေါ်ချယ်ရီလွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၅) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

✳ ရှေ့ဖုံးမှ

အဆိုပါ စီမံကိန်းကို ၂၀၂၃ ခုနှစ်တွင် ရန်ကုန်-မန္တလေးသို့ ရထားဖြင့် ရှစ်နာရီ ခုတ်မောင်းချိန်နှင့် ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းပိုင်းများကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး ပထမအပိုင်းတွင် ရန်ကုန်-တောင်ငူ၊ ဒုတိယအပိုင်းတွင် တောင်ငူ-ရမည်းသင်းနှင့် တတိယအပိုင်းတွင် ရမည်းသင်း- မန္တလေးတို့ ဖြစ်ကြောင်း သိရသည်။

"တစ်နာရီကို ကီလိုမီတာ ၁၀၀ (မိုင် ၆၀)နှုန်း မောင်းနှင်နိုင်အောင် ရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင်သွားမှာဖြစ်ပါတယ်။ စီမံကိန်းလုပ်ဆောင်ရာမှာ အပိုင်းလိုက်ခွဲပြီး လုပ်သွားမှာပါ " ဟု မြန်မာ့မီးရထား (နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် မီးရထားဖြင့် ခရီးသွားလာရေး အဆင့် မြှင့်တင်ခြင်းနှင့် စီးပွားရေးအရ အရှုံးပေါ်သဖြင့် ဖျက်သိမ်းခဲ့သည့် ရထားလမ်းပိုင်း ၁၆ ခုနှင့် ရထားခရီးလမ်းပိုင်း ၁၄ ခု ပြောင်းလဲပြေးဆွဲခြင်းများကို ရက် ၁၀၀ အတွင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

## ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးမည်

**နေပြည်တော် ဩဂုတ် ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်သိရှိ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ပူတာအို၊ ဟိုပင် |
| ၂။ | ကယားပြည်နယ် | ရှားတော |
| ၃။ | ကရင်ပြည်နယ် | ကော့ဘိန်း၊ ကော့ပေါက် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | မြင်းမူ၊ ဒီပဲယင်းမြို့သစ်၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည် |
| ၇။ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်၊ ပျော်ဘွယ်၊ နွားထိုးကြီး |
| ၉။ | မွန်ပြည်နယ် | မုဒုံ၊ ဘီးလင်း |
| ၁၀။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ဟိုပုန်း၊ ရွာငံ၊ နမ့်စန်၊ ကွမ်းလုံ၊ ဟိုပန် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ အင်္ဂပူ၊ ဘိုကလေး |

**(သတင်းစဉ်)**



**သာယာဝတီခရိုင် မင်းလှမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရာဇဝတ်မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် ဩဂုတ် ၂၂ ရက် ညပိုင်းက ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များ၌ လှည့်ကင်းဆောင်ရွက်မှုများအား လှည့်လည်စစ်ဆေးစဉ်**
(မြို့နယ် ပြန်/ဆက်)

## ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ADB တို့အကြား တိုးမြှင့်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ADB မှ ဌာနေညွှန်ကြားရေးမှူး Mr. Winfried F. Wicklein ဦးဆောင်သော အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ထိုလုပ်ငန်းစဉ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် မြန်မာနိုင်ငံ၏ Insolvency Law အား ပြင်ဆင်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် ဌာနများမှ ဝန်ထမ်းများကို ဟောင်ကောင်၊ ဗီယက်နမ်နှင့် စင်ကာပူ စသည့် နိုင်ငံများတွင် သွားရောက်လေ့လာနိုင်ရေးအတွက် ADB ၏ စီစဉ်ဆောင်ရွက်ထားမှုများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ကောင်းမွန်လာစေရေးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဥပဒေစိစစ်ရေးဦးစီးဌာနမှ ဥပဒေအရာရှိများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်လာစေရေးတို့အတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများနှင့် ဥပဒေရေးဆွဲရေး သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ADB တို့အကြား တိုးမြှင့်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ရေကြီးနစ်မြုပ်သည့်ဒေသများ အစားထိုးသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေး တောင်သူပညာပေး

**ရွှေတောင် ဩဂုတ် ၂၃**

မိုးသီးနှံများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဒုရင်ဒုပိုလ်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝေ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးမြင့်လွင်၊ ရုံးချုပ်ပညာပေးအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် စိုက်ပျိုးရေးပညာရှင်များ၊ ခရိုင်ဦးစီးမှူး ဒေါ်စိန်လှမြင့်နှင့် ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး ဒုတိယဦးစီးမှူးတို့က အမှာစကားများပြောကြားပြီး စိုက်ပျိုးရေးပညာရှင်များက ပညာပေးဆွေးနွေးကာ တောင်သူများ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ဩဂုတ် ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး၌ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းအား တိုင်းရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်အတွင်း မှုခင်းကျဆင်းမှု ဆောင်ရွက်ခဲ့သည့် အခြေအနေများကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ မှုခင်းအသိပညာပေးယာဉ်အား လေ့လာကြည့်ရှုကြစဉ်။** သန့်စင်(ပဲခူး)

# တိုင်းရင်းသားလူမျိုးစုစာပေများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့်စာတမ်းဖတ်ပွဲများ ဆောင်ရွက်သွားရန်လျာထား

*✻ ကျော်ဖုံးမှ*



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အာဗာနည်နေ့လှုပ်ရှားဆောင်ရွက်မှုများ တွေ့ရစဉ်

### ပြန်ကြားရေးဝန်ကြီးဌာန

ရုပ်သံလုပ်ငန်းလုပ်ကိုင်လိုသူ Content Provider များ ပါဝင်နိုင်ရေးအတွက် ရုပ်သံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မေ ၂၇ ရက်က ပြုလုပ်ခဲ့ပြီး Broadcasting Law အရ ကောင်စီမပေါ်ပေါက်မီကာလအတွင်း ပြင်ပမှ ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်လိုသူများကို ပါဝင်ခွင့်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Multi Channel Play Out System မှ Channel ငါးခုကို လုပ်ကိုင်ခွင့်ရရှိရန် စီစဉ်ထားရှိရာ ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်လိုသူများ ဆောင်ရွက်ရမည့် အစီအမံနှင့် ဌာနမှဆောင်ရွက်ပေးရမည့်အစီအစဉ်များကို ဩဂုတ် ၂၅ ရက်တွင် ခေါ်ယူဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ယင်းရှင်းလင်းဆွေးနွေးပွဲပြီးပါက စိတ်ပါဝင်စားမှုဖော်ပြချက် အဆိုပြုလွှာ (Expression of Interest) ကို ပြန်လည်တင်ပြစေကာ ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် Channel များကို ရွေးချယ်လုပ်ကိုင်ခွင့်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များ ဝန်ဆောင်မှု တိုးမြှင့်ဆောင်ရွက်ရန် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့၊ YMCA၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ သရုပါစာကြည့်တိုက်၊ Myanmar Book Aid and Preservation Foundation တို့နှင့်ပူးပေါင်း၍ ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက် ၉၃ တိုက်တွင် ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲများ စုစုပေါင်း ၁၆၄ ကြိမ်ခန့် ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ အင်းစိန်ခရိုင်ရုံး စာကြည့်တိုက်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ လူမှုအခြေပြုဗဟိုဌာန (Community Centre) ဩဂုတ် ၂၀ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ကော့မှူးမြို့နယ်၊ နတ်မောက်မြို့နယ်နှင့် မြောင်းမြခရိုင်ရုံးများကိုလည်း လူမှုအခြေပြုဗဟိုဌာနများ ဖြစ်လာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့နယ် ရန်ကင်း၊ ပုဇွန်တောင်၊ ကျောက်တံတားနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) ရုံးများကို လူမှုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

### တစ်နေရာတည်း၌ ဝယ်ယူနိုင်

စာပေဗိမာန် စာအုပ်ဆိုင်သစ်အား မူလစာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် ဆက်စပ်ပြီး ကုန်သည်လမ်းနှင့် (၃၇) လမ်းမြေညီထပ်ရှိ ၄၆ ပေ × ၃၈ ပေ အကျယ်ရှိ အခန်းကို ဇူလိုင် ၂၉ ရက်တွင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းအားဖြင့် စာပေတိုက် ၇၀၀ ကျော်မှ ထွက်ရှိလာသည့် စာအုပ်များကို တစ်နေရာတည်း၌ ဝယ်ယူနိုင်မည် ဖြစ်ပါကြောင်း၊ စာအုပ်ဆိုင်ကို မြို့လယ်ကောင်တွင် စာအုပ်များ ပြည့်ပြည့်စုံစုံ ရရှိနိုင်အောင် တိုးချဲ့ဆောင်ရွက်ခဲ့ပါကြောင်း။

## ❖ ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် Channel များကို ရွေးချယ်လုပ်ကိုင်ခွင့်ပေးသွားနိုင်မည်

ပြန်ကြားရေးဝန်ကြီးဌာန

## ❖ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်းပြီး နေပြည်တော်၊ ရှာမနှင့် မန္တလေးတို့တွင် ကျွမ်းကျင်မှုအခြေပြု ကာလတိုသက်မွေးသင်တန်းဖွင့်လှစ်

ပညာရေးဝန်ကြီးဌာန

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံရေးစာတမ်း ၁၈ စောင် ဖတ်ကြားတင်သွင်းခဲ့ပြီး သုံးရက်လုံး ခန်းမပြည့်လျှံသည်အထိ စာချစ်ပရိသတ်တို့ စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ကြပါကြောင်း၊ စာအုပ်တိုက်ပေါင်း ၁၀၈ တိုက်က ဆိုင်ခန်းပေါင်း ၁၇၁ ခန်း ဖွင့်လှစ်ရောင်းချခဲ့ရာ ကျပ်သိန်းပေါင်း ၁၃၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များရောင်းချခဲ့ရသည်ဟု သိရှိရပါကြောင်း၊ လေးလတစ်ကြိမ် ယခုကဲ့သို့ စာတမ်းဖတ်ပွဲနှင့် စာအုပ်အရောင်းပွဲတော်များ ကျင်းပခြင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး ဘာသာပြန်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးစုစာပေများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ပတ်သက်သည့် စာတမ်းဖတ်ပွဲများ ဆက်လက်ဆောင်ရွက်သွားရန် လျာထားပါကြောင်း။

### ဝန်ဆောင်မှုကိုသာ ဦးစားပေး

ဧပြီ ၁ ရက်မှ စတင်၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပြောင်းလဲခဲ့ပါကြောင်း၊ နာမည်ကြီးစာရေးဆရာကြီးများ၏ ဆောင်းပါးစာမူများကို ဖိတ်ခေါ်ထည့်သွင်းဖော်ပြခဲ့ပြီး ယခင်က မဖော်ပြနိုင်ခဲ့သော ကာတွန်းများကိုလည်း ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ဇွန် ၁ ရက်တွင် ကြားညှပ်ကြော်ငြာများကို ရပ်နားခဲ့ပါကြောင်း၊ သတင်းစာ၏ ထုတ်လုပ်မှုကုန်ကျသည့်တန်ဖိုးသည် ခန့်မှန်းငွေကျပ် ၁၃၁ ကျသင့်သော်လည်း အကျိုးအမြတ်ကို အဓိကမထားဘဲ ဝန်ဆောင်မှုကိုသာ ဦးစားပေးခဲ့ပြီး ကျပ် ၅၀ ဖြင့်သာ ရောင်းချ ဖြန့်ဝေခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

### ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းစီမံချက်များမှာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ရွက်ခြင်း၊ ကျောင်းသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆောင်ရွက်ခြင်း၊ မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်(သို့) ပုဂ္ဂလိကဘဏ်များနှင့် နီးသော အခြေခံပညာကျောင်း ၁၇ ကျောင်းနှင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတွင်ရှိသည့် ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်ငါးခုမှ ဆရာ ဆရာမများနှင့် ဝန်ကြီးရုံးမှ စီမံ (အရာထမ်း၊ အမှုထမ်း) များ၏ လစာငွေကို ဘဏ်စာရင်းမှ အပြည့်အဝလွှဲပြောင်းထုတ်ယူနိုင်ရေးဆောင်ရွက်ခြင်း၊ ဝါရင့်ကထိက ဆရာ ဆရာမများအတွက် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေး ဖြေလျှော့ပေးခြင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ လေ့လာသုံးသပ်၍ စီမံကိန်းများချမှတ်နိုင်ရန်အတွက် ဦးတည်ဆောင်ရွက်ခြင်း၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍများတွင် ဆရာ ဆရာမများ အတန်းဝင်ရောက်ပို့ချမှုကို စစ်ဆေးအကဲဖြတ်ခြင်း Alternative Education (ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး) ပတ်သက်၍ ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် စုစုပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ကျောင်းနေအရွယ် အသက်ငါးနှစ် ကလေးဦးရေ ၁ ဒသမ ၁၁ သန်းသာရှိပါကြောင်း၊ KG (သူငယ်တန်း) သို့ ဝင်ရောက်လာသည့် အသက်ငါးနှစ်အရွယ် ကလေးဦးရေ ၁၀ ဒသမ ၇ သိန်း ဖြစ်ပါကြောင်း၊ KG (သူငယ်တန်း) အသားတင်ကျောင်းဝင်နှုန်း ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ကျောင်းအပ်နှံ သည့် KG (သူငယ်တန်း) ကလေးဦးရေပေါင်း ၁၃၃၉၀၂၇ ဦးရှိပြီး အသက်ခြောက်နှစ်နှင့်အထက် KG (သူငယ်တန်း)ကလေးဦး ရေ ၂၆၈၃၃၇ ဦး ဖြစ်ပါကြောင်း။

### ဒေသအထောက်အကူပြုသင်တန်းများဖွင့်

နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်းပြီး နေပြည်တော်၊ ရှာမနှင့် မန္တလေးတို့တွင် ကျွမ်းကျင်မှုအခြေပြုကာလတိုသက်မွေးသင်တန်းဖွင့်လှစ်ခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်းတွင် ဒေသအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဟိုတယ်သင်တန်း၊ စိုက်ပျိုးရေးသင်တန်းများအပြင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး ၁၄ ခု၊ ပြည်ထောင်စုဝန်ကြီး ဌာန ၁၈ ခုတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

Alternative Education (ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး)ကို ပြည်သူများ သိရှိစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဇူလိုင် ၆ ရက်တွင် နေပြည်တော်၌ Alternative Education Forum ကိုကျင်းပပြီးစီးခဲ့ပါကြောင်း၊ အဆိုပါ Forum တွင် ကျောင်းထွက်နှုန်းများ၊ ကျောင်းပြင်ပအလယ်တန်းပညာရေးများ၊ အခြေခံစာတတ်မြောက်မှုများကို မည်သို့ဆောင်ရွက်မည်ကို ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

### စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သည့်လုပ်ငန်းကိုးခုမှာ National Trade Repository (ကုန်သွယ်မှုအချက်အလက်များဘဏ္ဍာတိုက်) ကို တရားဝင်လွှင့်တင်ခြင်း၊ နယ်စပ်စခန်းများတွင် သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းရန်ကျန်ရှိနေသည့် ယာဉ်ယန္တရားများကို သွင်းကုန်လိုင်စင်သက်တမ်း တိုးမြှင့်ပေးပြီး တင်သွင်းခွင့်ပြုခြင်း၊ မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒကို ပြန်လည်သုံးသပ်ချမှတ်ပြီး ချမှတ်ထားသည့်မူဝါဒအတိုင်း နယ်စပ်ဒေသမှ လုပ်ငန်းသုံးယာဉ်ယန္တရားများကို ပြန်လည်တင်သွင်းခွင့် ရရှိရေးကိုလည်း ဆောင်ရွက်ပေးခြင်း၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် တင်ပို့တင်သွင်းမည့် အမယ်ပစ္စည်းများအား ပြင်ဆင်ဖြေလျှော့တင်သွင်းခွင့်ပြုပေးခြင်း၊ ပြည်ပမှ တင်သွင်းခွင့်ပြုထားသည့် လုပ်ငန်းသုံးယာဉ်ယန္တရားများနှင့် ပတ်သက်၍ ကုမ္ပဏီတစ်ခုလျှင် တစ်နှစ်အတွင်း ၁၀ စီးသာ တင်သွင်းခွင့်ပြုပေးခြင်းအစား လိုင်စင်တစ်စောင်လျှင် လုပ်ငန်းသုံးယာဉ်ယန္တရား ၁၀ စီးနှုန်းဖြင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ပြင်ဆင်ဖြေလျှော့ခွင့်ပြုပေးခြင်း၊ နယ်စပ်ဒေသရှိ ဒေသခံကုန်သည်ငယ်များအတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်ကတ် (Individual Trading Card-ITC) ဖြင့် ခွင့်ပြုဆောင်ရွက်ပေးနေသည့် တစ်ရက်လျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် ငါးရက်စာ တစ်ကြိမ်တည်း ကျပ်သိန်း ၁၀၀ ခွင့်ပြုနေခြင်းအစား တစ်ရက် ကျပ်သိန်း ၃၀ နှုန်းဖြင့် ငါးရက်စာ ကျပ်သိန်း ၁၅၀ အထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုပေးခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အွန်လိုင်းအပြည့်အဝသုံးစွဲနိုင်သည့်စနစ် Fully Online Licencing System အသုံးပြုနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ Negative List ဖြင့် ထုတ်ပြန်ထားသည့် သွင်းကုန် H.S Code Line ၄၄၀၅ လိုင်းအနက် အချို့ကို ထပ်မံဖြေလျှော့ပေးခြင်းနှင့် ပြည်ပသို့တင်ပို့ရန် ကန့်သတ်ထားသော ပို့ကုန် ၁၂ မျိုးအနက်မှ အချို့အမယ်များအား ဖြေလျှော့တင်ပို့ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါကြောင်း။

ကုန်သွယ်မှုအချက်အလက်များ ဘဏ္ဍာတိုက်ကို မေ ၂၆ ရက်တွင် တရားဝင်လွှင့်တင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကုန်သွယ်မှုအချက်အလက်များ ဘဏ္ဍာတိုက်ကို အာဆီယံနိုင်ငံများနှင့် စုစည်းချိတ်ဆက်ထားသည့် Asean Trade Repository သို့လည်း တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အာဆီယံနိုင်ငံများသို့ တင်ပို့ခြင်း၊ တင်သွင်းခြင်းများပြုလုပ်ရာတွင် သက်ဆိုင်ရာနိုင်ငံမှ ချမှတ်ထားသည့် ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအား English ဘာသာဖြင့် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသမှ လုပ်ငန်းသုံး ယာဉ်ယန္တရားများ တင်သွင်းရာတွင် စနစ်တကျနှင့် မှန်မှန်ကန်ကန်တင်သွင်းနိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ပူးပေါင်းစစ်ဆေးနိုင်မည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ လူစီးယာဉ်အုပ်စုဖြစ်သော (Saloon, Jeep, Station Wagon, Micro Bus, Van, MPV,SUV) များနှင့် လူနှင့်ကုန်နှစ်မျိုးလုံး တင်နိုင်သည့် (Pick Up, Double Cab) တို့မှအပ ကျန်လုပ်ငန်းသုံးယာဉ်ယန္တရားများကို မေ ၂၃ ရက်မှစ၍ တင်သွင်းခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ စတင်ခွင့်ပြုချိန်မှ ဩဂုတ် ၁၅ ရက်အထိ လိုင်စင်စောင်ရေ ၁၁၄၃ စောင်၊ စီးရေ ၁၁၄၆၃ စီး တင်သွင်းခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကုန်ပစ္စည်း ၁၂ မျိုးအနက်မှ ပန်းနှမ်းဆီ၊ မုန်ညင်းစေ့/မုန်ညင်းဆီ၊ နေကြာစေ့/နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံးနှင့် ပုစွန်ဖွဲ့ တို့ကို ဖြေလျှော့တင်ပို့ခွင့်ပြုမည့်ကုန်စည်အဖြစ် ဩဂုတ် ၁၆ ရက်တွင် ထုတ်ပြန်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### စက်မှုဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့သည့် ကဏ္ဍခြောက်ရပ်ရှိပြီး ပြည်သူ့အကျိုးပြုစက်ရုံအလုပ်ရုံများဖွင့်လှစ်ခြင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ခြင်း၊ စွမ်းအင်ချွေတာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ဆဲ စက်ရုံစီမံကိန်းများရှိ အလုပ်ရုံများအလိုက် အပြီးသတ် ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

မြွေဆိပ်ဖြေဆေး စက်ရုံမှ ယခင်က တစ်နှစ်လျှင် မြွေဆိပ်ဖြေဆေး အလုံးရေ ၃၀၀၀၀ ခန့်သာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ပြည်ပမှ မှာယူတင်သွင်းခဲ့ရသော်လည်း ယခုအခါ လုံလောက်အောင် ဖြန့်ချိနိုင်ပြီဖြစ်ပါကြောင်း၊ ယခုအခါ တစ်နှစ်လျှင် မြွေဆိပ်ဖြေဆေးအလုံးရေ ၈၀၀၀၀ ခန့်အထိ GMP နှင့်အညီ ထုတ်လုပ်၍ တစ်နိုင်ငံလုံး၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)ကို ဩဂုတ် ၂၈ ရက်တွင်ဖွင့်လှစ်ခဲ့ပြီး Myanmar Conch Cement Co.,Ltd နှင့် အကျိုးတူ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ဘိလပ်မြေများ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ တစ်နေ့လျှင် တန်ချိန် ၁၀၀၀၀ အထိ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ပေးနေပါကြောင်း။

**ဆားထုတ်လုပ်မှုနည်းပညာပံ့ပိုးပေး**

ဂျာမနီနိုင်ငံ GIZ နှင့်ပူးပေါင်း၍ လက်ဖက်ခြောက် နည်းပညာပံ့ပိုးခြင်းကို ပင်းတယမြို့တွင် လည်းကောင်း၊ နယ်သာလန် PUM Netherlands Senior Expert Organization နှင့်ပူးပေါင်း၍ ဆားထုတ်လုပ်မှုနည်းပညာပံ့ပိုးပေးခြင်းကို သံဖြူဇရပ်၊ စစ်တွေ၊ ရန်ကုန်မြို့များတွင် လည်းကောင်း၊ နယ်သာလန်၊ PUM Netherlands Senior Expert Oraganization နှင့်ပူးပေါင်း၍ ကော်ဖီစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုနည်းပညာ လွှဲပြောင်းခြင်းကို မန္တလေးမြို့နှင့် မိုးကုတ်မြို့တွင် လည်းကောင်း၊ ဆပ်ပြာထုတ်လုပ်မှု နည်းပညာလွှဲပြောင်းပေးခြင်းကို မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ ခုတွင် လည်းကောင်း၊ Foundry & Forging နည်းပညာဖြန့်ဝေခြင်းကို ပဲခူး၊ မန္တလေးနှင့် ရန်ကုန်မြို့များတွင် လည်းကောင်း၊ ချည်ထည် ဆေးဆိုးခြင်းနည်းပညာဖြန့်ဝေခြင်းကို ရန်ကုန်မြို့တွင် လည်းကောင်း၊ သရက်သီးမှ Juice၊ Bar၊ Candy ထုတ်လုပ်မှု နည်းပညာဖြန့်ဝေခြင်းကို ရန်ကုန်မြို့တွင် လည်းကောင်း ဆောင်ရွက်ခဲ့ ပါကြောင်း။

UNIDO နှင့်ပူးပေါင်း၍ ရက်ကန်းလုပ်ငန်းအစုအဖွဲ့အား Marketing Training ကို မိတ္ထီလာမြို့တွင် လည်းကောင်း၊ ဂျာမနီ GIZ နှင့်ပူးပေါင်း၍ လက်ဖက်ခြောက်လုပ်ငန်းအစုအဖွဲ့အား အရည်အသွေးမီ လက်ဖက်ခြောက်နည်းပညာ ပံ့ပိုးပေးခြင်းကို တောင်ကြီးမြို့တွင် လည်းကောင်း၊ ဂျာမနီ GIZ နှင့် ပူးပေါင်း၍ လက်ဖက်ခြောက်လုပ်ငန်းအစုအဖွဲ့အား ထင်းအစား နေရောင်ခြည်သုံးနိုင်ရန် ပံ့ပိုးပေးခြင်းကို ပင်းတယမြို့တွင် လည်းကောင်း ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို ဝန်ကြီးဌာနကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သတင်းထောက်များ ခန့်ထားမှုအပိုင်းနှင့် သတင်းစာတွင် တွေ့ဆုံမေးမြန်းခန်းများဖော်ပြရာတွင် စိစစ်ဖော်ပြခြင်း ရှိ/မရှိနှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ဖြေကြားရာတွင် သတင်းမီဒီယာလောကတွင် စည်းမျဉ်း စည်းကမ်းများ၊ ကျင့်ဝတ်များရှိပါကြောင်း၊ ဖော်ပြချက်များအားလုံးသည် မြေပြင်တွင် သတင်းထောက်များက သွားရောက်မေးမြန်းပြီး ယင်းအပေါ် အယ်ဒီတာက မူဝါဒနှင့်အညီ စိစ်ဆေးဖော်ပြခြင်းဖြစ်ပါကြောင်း၊ မှန်ကန်ပြီး ဖြစ်နိုင်ခြေရှိပါက ဖော်ပြပါကြောင်း၊ မိမိတို့၏ သတင်းထောက်များအား ကျင့်ဝတ်များနှင့်အညီ ရေးသားနိုင်ရန် လေ့ကျင့်ပေးထားပါကြောင်း ဖြေကြားသည်။

**Channel ငါးခု**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရုပ်သံလွှင့်မီဒီယာတွင် အသစ်ပေးမည့် Channel ငါးခုနှင့်ပတ်သက်၍ မေးမြန်းချက်ကိုဖြေကြားရာတွင် Skynet အခွန်ဝင်ငွေနှင့်ပတ်သက်ပြီး လွှတ်တော်နှင့် သတင်းစာရှင်းလင်းပွဲများတွင် မကြာခဏရှင်းလင်းပြီး ဖြစ်ပါကြောင်း၊ သိန်း ၄၀၀ ဆိုသည်မှာ လက်ရှိငှားရမ်းထားမှုအပေါ် ကောက်ခံခြင်းဖြစ်ပါကြောင်း၊ နောက်ပိုင်းတွင် တိုးချဲ့လာသည့်နေရာများအတွက်လည်း ထပ်မံပေးသွင်းနေပါကြောင်း၊ လက်ရှိတွင် သိန်း ၂၀၀ ထပ်မံပေးသွင်းနေပါကြောင်း၊ ယခုအခါ သိန်း ၆၀၀ ခန့်ရှိပြီဖြစ်ပါကြောင်း၊ နောက်လေးလတွင် သိန်းတစ်ထောင်ကျော်ထိ တက်သွားနိုင်ပါကြောင်း။

အခြေခံအဆောက်အအုံ အသုံးပြုမှုအပေါ်မူတည်ပြီး ဝင်ငွေလည်း တိုးကောက်မည်ဖြစ်ပါကြောင်း၊ စာချုပ်များကိုလည်း အသေးစိတ်ပြင်ဆင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် ထပ်မံပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အကြံပြုချက်ကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Channel ငါးခုနှင့် စပ်လျဉ်း၍ ဩဂုတ် ၂၅ ရက်တွင် အသေးစိတ်ရှင်းလင်းသွားမည်ဖြစ်ပါကြောင်း၊ Forever နှင့် ရွှေသံလွင်ကို ယခုအသစ် Channel ငါးခုတွင် ထပ်မံပေးရန်မရှိပါကြောင်း၊ သိန်း ၂၀၀ မှာ ဌာနမှ သေချာတွက်ချက်ထားခြင်းဖြစ်ပြီး နောက်လိုင်းသစ်ငါးခုကိုလည်း သိန်း၂၀၀ သာ ကောက်ခံ မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Community Center**

ယခုအစိုးရလက်ထက် စာကြည့်တိုက်များနှင့်စပ်လျဉ်းပြီး Community Center ဆောင်ရွက်သွားမည့်ကိစ္စ၊ ယင်းအတွက် ဘတ်ဂျက်သုံးစွဲမည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဖြေကြားရာတွင် စာကြည့်တိုက် ၄၁၄ ခုကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က စာကြည့်တိုက်များသည် ရုံးသဘောဆန်သည့်အတွက် ပြည်သူများလာရောက်မှုနည်းပါးပါကြောင်း၊ ယင်းစာကြည့်တိုက်များကို ပြည်သူများ ဖတ်ရှုနိုင်ရန်အတွက် Community Center အဖြစ် တစ်ခုပြီးတစ်ခု စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ အင်းစိန်တွင် Community Center ကို ဖွင့်လှစ်ပေးထားပြီဖြစ်ပါကြောင်း၊ နောင်နှစ်လခန့်တွင် မြောင်းမြ၊ နတ်မောက်တို့တွင်လည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်မြို့များတွင်လည်း ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပုဂ္ဂလိကရုပ်သံလိုင်း၊ FM လိုင်းများ လျှောက်ထားလာမှုအပေါ် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ Cross Ownership နှင့်ပတ်သက်ပြီး ပြင်ဆင်ချင်သည့်အချက်များကို စုဆောင်းထားပြီးဖြစ်ပါကြောင်း၊ ရုပ်သံလိုင်းများအသစ် ထပ်တိုးလာမှုနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားဥပဒေပြဋ္ဌာန်းပြီးပါက ယင်းဥပဒေအရ ပေါ်ပေါက်လာမည့် ကောင်စီကသာ လိုင်စင်လျှောက်ထားမှုကို ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းဥပဒေမပေါ်ပေါက်မီ လုပ်ငန်းဆောင်ရွက်လိုသူများ ဆောင်ရွက်နိုင်ရန်အတွက် စဉ်းစားပေးသည့်အနေဖြင့် ဩဂုတ် ၂၅ ရက်တွင် ရုပ်သံလိုင်းငါးခုကို ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ■ နယ်စပ်ဒေသမှ လုပ်ငန်းသုံးယာဉ်ယန္တရားများကို ပြန်လည်တင်သွင်းခွင့်ရရှိရေးကိုလည်း ဆောင်ရွက်ပေး

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ■ မြေဆိပ်ဖြေဆေးစက်ရုံမှ ယခုအခါ တစ်နှစ်လျှင် မြေဆိပ်ဖြေဆေးအလုံးရေ ၈၀၀၀၀ ခန့်အထိ ထုတ်လုပ်

**စက်မှုဝန်ကြီးဌာန**

သတင်းထောက်များအနေဖြင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မီဒီယာလုပ်ငန်း ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရမှုနှင့်စပ်လျဉ်း၍ မေးမြန်းမှုကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းထောက်များ၏ အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပို့ကုန် သွင်းကုန်ညီမျှရန်**

ပို့ကုန်၊ သွင်းကုန်ညီမျှရန်နှင့် အရည်အသွေးမြင့်မားရန်အတွက် ဝန်ကြီးဌာန၏ ရေရှည်အစီအမံများနှင့်စပ်လျဉ်း၍ မေးမြန်းမှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူတို့က လာမည့်ကာလများတွင် ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် အပိုင်းလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ကုန်များတင်ပို့နိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရန် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုဦးစီးဌာနအနေဖြင့် ပြည်ပနိုင်ငံများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်၊ သက်ဆိုင်ရာဒေသများမှ ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများအား သတင်းပေးခြင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်း အဆင့်လိုက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ပို့ကုန်ကဏ္ဍ ခုနစ်ခုရှိ**

အမြဲတမ်းအတွင်းဝန်ဦးတိုးအောင်မြင့်က ပို့ကုန်ကဏ္ဍ လျော့ကျနေခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပို့ကုန်ကဏ္ဍ ခုနစ်ခုရှိပါကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်းကဏ္ဍတို့တွင် တိုးတက်ပါကြောင်း၊ ကျောက်စိမ်းနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် လျော့ကျသွားပါကြောင်း၊ သစ်အချောထည်ကဏ္ဍတွင် တိုးတက်လာပါကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ယမန်နှစ်ကထက် အနည်းငယ်လျော့သွားပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း လွန်ခဲ့သည့် လေး၊ ငါးနှစ်လောက်မှ တိုးတက်လာခြင်းဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

ပညာရေးစနစ် အကြိမ်ကြိမ် ပြုပြင်ပြောင်းလဲနေခြင်းနှင့် ပတ်သက်၍ အစမ်းသပ်ခံ ပညာရေးပုံစံမဖြစ်စေရန် မည်သို့ဆောင်ရွက်နေမှုကိုသိရှိလိုကြောင်း မေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ခြင်းသည် ပညာရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ လူငယ်များကို သင်ယူမှုအခွင့်အလမ်းများပေးပြီး ဆောင်ရွက်သည့်အခါတွင် သင်ယူမှုအခွင့်အလမ်းကို လူတိုင်းပါဝင်နိုင်စေရန်၊ လူတိုင်းအကျုံးဝင်စေရန် မျှတမှုရှိစေရန် ဆောင်ရွက်ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ပညာရေးအရည်အသွေးမြင့်မားစေရန် ဆောင်ရွက်ရာတွင် ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ရပါကြောင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အခါမှ စမ်းသပ်ဆောင်ရွက်ခြင်းမျိုးမရှိပါကြောင်း၊ ပြည်သူများအကျိုးရှိစေရန်၊ ကျောင်းသားကျောင်းသူများ အရည်အသွေးမြင့်မားစေရန်၊ ကျောင်းမထွက်သွားစေရန်၊ သင်ယူမှုအခွင့်အလမ်းမြင့်မားစေရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နေပါ ကြောင်း၊ စမ်းသပ်နေခြင်းမဟုတ်ပါကြောင်း ဖြေကြားသည်။

**ပညာရေးဝန်ထမ်းများ လစာတိုးပေးရန်ကိစ္စ**

ပညာရေးဝန်ထမ်းများ၏ လစာအားတိုးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက ရရှိနိုင်မည့် ဝင်ငွေပေါ်တွင် မူတည်၍ တိုးပေးရန်လျာထားပါကြောင်း၊ မိမိဌာနတွင် ဝန်ထမ်းအင်အား လေးသိန်းကျော်ရှိပါကြောင်း၊ တိုးပေးလိုက်လျှင်လည်း လိုအပ်လာမည့် ငွေကြေးပမာဏသည် အလွန်ကြီးမားသည့်အတွက် တိုးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလွတ်ကျက် ပညာရေးစနစ်ကို ပြောင်းလဲရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက သင်ကြားသည့်နေရာတွင် အချက်သုံးချက်ရှိပါကြောင်း၊ ပထမအဆင့်မှာ မှတ်မိခြင်းဖြစ်ပါကြောင်း၊ ဒုတိယအဆင့်မှာ နားလည်ခြင်းအဆင့်ကို သွားရမည်ဖြစ်ကြောင်း၊ တတိယအဆင့်ကိုရောက်မှသာ မှတ်မိထားသည်များနှင့် နားလည်ထားသည့်အရာများကို ပြန်လည်အသုံးချနိုင်သည့်အဆင့်သို့ သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ကြိမ်တည်းဖြင့် နားလည်ခြင်းအပိုင်း သို့မဟုတ် အသုံးချခြင်းအပိုင်းကိုသွား၍ မရပါကြောင်း၊ အဆင့်သုံးဆင့်ဖြင့် သွားရန်လိုအပ်ပါကြောင်း၊ မိမိတို့ရည်မှန်းချက်မှာ ပြန်လည်အသုံးချနိုင်သည့်အဆင့်အထိ သွားနေခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲများမှရရှိသည့် ရလဒ်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုရန်ပုံငွေအရ လုပ်နိုင်သည်များကို စီမံကိန်းအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပညာရေးမြှင့်တင်မှုကဏ္ဍများတွင် သုံးစွဲမည်**

တိုးတက်လာသည့် ပညာရေးအသုံးစရိတ်များကို မည်သည့်ကဏ္ဍများတွင် သုံးစွဲနေသည်၊ ဆရာ ဆရာမများအား လစာတိုးပေးမည့် အသုံးစရိတ်ကို မည်သည့်ဝင်ငွေဖြင့် သုံးစွဲသွားမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကောက်မှုမှ တစ်လစာ ရရှိခဲ့ပါကြောင်း၊ ပညာရေးမြှင့်တင်မှုကဏ္ဍများတွင် သုံးရန်စီစဉ်လျက်ရှိပါကြောင်း၊ ထို့ပြင် အခြေခံပညာကဏ္ဍ လိုအပ်သည့်နေရာများတွင် သုံးစွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆယ်တန်းအမှတ်စာရင်းအပေါ်မူတည်၍ အင်ဂျင်နီယာ၊ ဆရာဝန် စသည့် လိုင်းများကွဲသွားပါကြောင်း၊ ထို့ကြောင့် ဝင်ခွင့်စနစ်ကို ပြုပြင်ပြောင်းလဲရန် ရှိ/မရှိ မေးမြန်းချက်အပေါ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က ယခုလောလောဆယ် အခြေအနေအထိ တက္ကသိုလ်ဝင်စာမေးပွဲ တစ်ခုတည်းဖြင့် ဆုံးဖြတ်ပါကြောင်း၊ အခြေခံပညာ ၁၀ တန်းအဆင့်စာမေးပွဲနှင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဝင်ခွင့် စာမေးပွဲနှစ်ခုကို တစ်ပေါင်းတည်းကျင်းပသည့် တက္ကသိုလ်ဝင် စာမေးပွဲဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး တက္ကသိုလ်အသီးသီးဆက်တက်သည့်အခါ အမှတ်ဖြင့် ခွဲခြင်းမဟုတ်ပါကြောင်း၊ ကျောင်းသားများက ၎င်းတို့တက်ချင်သည့် တက္ကသိုလ်၊ ကောလိပ်ကို လျှောက်ထားပါကြောင်း၊ ထိုသို့ လျှောက်ထားရာတွင် လက်ခံမည့်ဦးရေထက် ကျော်လွန်လျှောက်ထားပါက အမှတ်များသည့် သူကိုသာ ရွေးချယ်လိုက်ခြင်းဖြစ်ပါကြောင်း၊ လျှောက်ထားသူအရေအတွက်နှင့် လက်ခံနိုင်သည့်အရေအတွက်ပေါ်မူတည်၍ ကန့်သတ်ခွဲဝေခြင်း ဖြစ်ပါကြောင်း၊ တက္ကသိုလ်များ လွတ်လပ်စွာ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရလာသည့်အခါ တက္ကသိုလ်များက သီးခြားတက္ကသိုလ်ဝင်ခွင့် စာမေးပွဲများကျင်းပပြီး ဆောင်ရွက်လာရန်ရှိပါကြောင်း ဖြေကြားသည်။

**ပြည်ပသွားရန် စီစဉ်ဆောင်ရွက်မှု**

ပြည်ပသွားရန်အရွေးခံထားသည့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်းမေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက မိမိတာဝန်ယူစဉ်ကာလတွင် ပြည်ပသို့ သွားနေသူ ၈၆ ဦးရှိပါကြောင်း၊ ယခင်က အင်္ဂလိပ်ဘာသာ တစ်ခုတည်းပေါ်တွင်မူတည်ပြီး ရွေးထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံ၏လိုအပ်ချက်အရ ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာ ဘာသာရပ်အလိုက်ရွေးသည့်အခါ အင်္ဂလိပ်စာအပြင် အခြားဘာသာရပ်များလည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် အကောင်းဆုံးဖြစ်စေရန် လိုအပ်ချက်များအပေါ်မူတည်၍ ဘာသာရပ်ကျွမ်းကျင်မှုနှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအရ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အရှုံးပေါ်နေသည့် နိုင်ငံပိုင်စက်ရုံလုပ်ငန်းများအား မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က စက်မှုဝန်ကြီးဌာနတွင် လက်ရှိအရှုံးပေါ်နေသည့် စက်ရုံများရှိပါကြောင်း၊ အရှုံးပေါ်နေသည့် ကျောက်ဆည်ရှိ မှန်စက်ရုံ၊ ပုသိမ်ရှိ မှန်စက်ရုံနှင့် ကျောက်ဆည်ရှိ အဆင့်မြင့်မီးခံအုတ်ထုတ်စက်ရုံတို့ကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နှစ်ရှည်ငှားရမ်းပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဆိုလာထုတ်လုပ်မည့် စီမံကိန်းကို စီးပွားရေးတွက်ခြေမကိုက်သဖြင့် ရပ်ဆိုင်းခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ ၄၇ ရုံရှိရာမှ သုံးရုံကို ငှားရမ်းလိုက်ပြီး စီမံကိန်းတစ်ခုရပ်ဆိုင်းလိုက်သည့်အတွက် ၄၄ ရုံသာ ကျန်ရှိပါကြောင်း၊ စက်မှုဝန်ကြီးဌာနအောက်၌ တွင် စုစုပေါင်း စက်ရုံ ၁၀၃ ရုံရှိပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၄၄ ရုံနှင့် ကျန် ၅၉ ရုံမှာ အကျိုးတူ တစ်ရုံ၊ ဖက်စပ် နှစ်ရုံနှင့် ပုဂ္ဂလိကသို့ ငှားရမ်းသည့်စက်ရုံ ၅၆ ရုံဖြစ်ပါကြောင်း ဖြေကြားသည်။

**ပွင့်လင်းမြင်သာစွာဆောင်ရွက်**

ပုဂ္ဂလိကသို့ စက်ရုံများ လွှဲပြောင်းငှားရမ်းရာတွင် ပွင့်လင်းမြင်သာမှု ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကမှ ငှားရမ်းတော့မည်ဆိုပါက စိတ်ဝင်စားမှု ရှိ/မရှိ သတင်းစာများတွင် ကြော်ငြာထည့်သွင်းပါကြောင်း၊ တင်ပြလာသည့်ကုမ္ပဏီများ၏ ရေရှည်စီမံချက်တွင် မည်သို့ရှိသည်ကို တွေ့ဆုံဆွေးနွေးပါကြောင်း၊ ကုမ္ပဏီ၏နည်းပညာအင်အား၊ ငွေကြေးအင်အား အခြေအနေနှင့် ဝန်ထမ်းများ၏အခြေအနေကိုပါ ထည့်သွင်းတွက်ချက်ပြီး စောင့်ကြည့်ပါကြောင်း၊ ယခုအခြေအနေများပေါ်မူတည်ပြီး စီးပွားရေးကော်မတီကိုတင်ပြပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပါကြောင်း ဖြေကြားသည်။

အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က စီးပွားရေးကော်မတီတွင် မည်သည့်ပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းချက်ပေါ် စီးပွားရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီးများနှင့် အတွင်းရေးမှူးအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပါဝင်ဆောင်ရွက်ပါကြောင်း ဖြေကြားသည်။

အလုပ်ရှင်၊ အလုပ်သမားအကြား ပြဿနာဖြစ်ပွားနေသည့် ပန်ဒါအထည်စက်ရုံကိစ္စနှင့်ပတ်သက်၍ စက်ရုံရှိ အလုပ်သမားများသည် ကုမ္ပဏီဝန်ထမ်းဖြစ်သည့်အတွက် အလုပ်သမားဥပဒေအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဩဂုတ် ၂၆ ရက်တွင် ပလိပ်မြို့ကိုသွားရောက်ပြီး ဖြေရှင်းပေးရန်ရှိပါကြောင်း၊ အလုပ်သမားများသည် စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းဟောင်းများဖြစ်သည့်အတွက် ၎င်းတို့လည်း မထိခိုက်မနစ်နာစေရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်ဘက်တွင်လည်း စီးပွားရေးအရ ဆက်ပြီးသွားနိုင်စေရန် တည်ဆဲဥပဒေများနှင့်အညီ ဘက်မလိုက်ဘဲ မှန်မှန်ကန်ကန် လမ်းကြောင်းအတိုင်း သွားရောက်ဖြေရှင်းပေးရန် စီစဉ်ထားကြောင်းပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# ကမ်းလင့်၍ ကြိုလျက်ပါ

## သန်းဝင်းမောင်-မင်္ဂလာဒုံ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေ၊ အစည်းအဝေးတွေ၊ သတင်းတွေကို တီဗွီ၊ သတင်းစာ၊ ဂျာနယ်များမှာ ဝေဝေဆာဆာဖော်ပြနေတာ တွေ့ရမြင်ရတော့ ကျွန်တော် တပ်မတော်သားအငြိမ်းစားတစ်ယောက်ရဲ့ရင်ထဲ၊ နှလုံးပီတိဂွမ်းဆီထိသလို ထွေးခနဲ၊ နွေးခနဲ၊ သိမ့်ခနဲ ကျေနပ်ကြည်နူးစိတ်အမြူးလေးနဲ့ ခပ်ကူးနေမိတယ်။

ကျွန်တော့်စိတ်ကူးအမြူးလေးက နည်းနည်းမျှမရပ်....၊ တရစပ်ပင် ဟိုးအဝေးသို့ အသော့နှင်ရှာခဲ့ပြီ။ ကျွန်တော်ဆိုတာ တစ်ခါကခြေမြန်တပ်မတစ်ခုရဲ့ လက်အောက်ခံ တပ်ရင်းတစ်ရင်း၏ ဒုဗိုလ်ကလေး၊ ဗိုလ်ကလေးမှ ဗိုလ်ကြီးလေး ဘဝများကို အနုအကြမ်း အလွမ်းများနဲ့ ရောင်စုံခြယ်မှုန်းသီကုံးခဲ့ရလေသူ။ ရဲဝံ့စွန့်စား ဇာနည်ဖွားတစ်ဦး လို့ပဲ ဆိုပါရစေ...။

တစ်ချိန်က မြန်မာပြည်ရဲ့အရှေ့မြောက်ဒေသမှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့စစ်ရေးအင်အားအကြီးမားဆုံး အချိန်ပေါ့။ သူတို့ရဲ့ သွေးတိုးစမ်းစစ်ဆင်လာတဲ့ နယ်မြေသိမ်းတိုက်ပွဲတွေကို လှေခွက်ချည်းကျန်၊ အလံမလှဲစိတ်ဓာတ်နဲ့ နိုင်ငံရဲ့ပိုင်နက်နယ်မြေကို တစ်လက်မမျှ ကျူးကျော်ထိပါးမခံရအောင် “စွန့်ဝံ့သူသာအောင်ကြောင်းဖြာ”ဆိုတဲ့ ဆောင်ပုဒ်ကို ရဲရဲဝံ့ဝံ့ကိုင်စွဲရင်း စစ်ဆင်နေတာ၊ ကျွန်တော်ရဲ့ မိခင်တပ်မတစ်ခုပေါ့...။

ကံအားလျော်စွာပင် ကျွန်တော်ရဲ့ ဗိုလ်သင်တန်းကျောင်းဆင်း First Posting ကလည်း ထိုတပ်မရဲ့ လက်အောက်ခံ၊ အတော်ဆုံးတပ်ရင်းဟု သတ်မှတ်ခြင်းမခံရသည့်တိုင်အောင် တိုက်ရည်ခိုက်ရည်ပြည့်ဝတဲ့ တပ်ရင်းတစ်ရင်းဖြစ်ခဲ့ပါတယ်။ သို့အတွက် ကျွန်တော်လည်း တန်ဖိုးဖြတ်နိုင်ခဲလှသော စစ်ရေးအတွေ့အကြုံကို သင်ယူရရှိခဲ့ပါတယ်။ ကောင်းမွန်စွာတတ်မြောက်ပိုင်နိုင်ခဲ့ပါတယ်။

မင်းသားသုမောင်ပါဝင်သရုပ်ဆောင်တဲ့ “ချိုးရွှေမှအပြန်”ဟု ဇာတ်လမ်းပင်မှတ်တမ်းဝင်ခဲ့တဲ့ “ချိုးရွှေ-ပန်ကောက်” တိုက်ပွဲကြီးကို ၂၅ ရက်တိုင် မရပ်မနားဆင်နွှဲခဲ့ရပါတယ်။ အခြားတပ်ရင်းများနဲ့အတူ ကျွန်တော်အပါအဝင် ကျွန်တော်တို့တပ်ရင်းက ပင်မစစ်ကြောင်းအနေနဲ့ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့ရပါတယ်။ အဲဒီနောက်မှာလည်း ရွှေလီချိုင့်ဝှမ်းစိုးမိုးရေးစစ်ဆင်ရေးများ၊ ဝေါ်ခြုံနမ့်ကျွမ်း၊ စီစီဝမ်တာပန်စသော စခန်းသိမ်းတိုက်ပွဲကြီးများ ဆင်နွှဲခဲ့ရပါတယ်။

မူဆယ်၊ နမ့်ခမ်းဒေသ၊ ကွတ်ခိုင်၊ တာမိုးညဲ၊ မုန်းစီးနားလယ်ဒေသ၊ တီးဝေးဂွင်စစ်ဆင်ရေးများ၊ ပင်းမဟွိုင်၊ ဝင်းဖိုင်တိုက်ပွဲကြီးများ၊ ကြူကုတ်၊ ပန်ဆိုင်း၊ မုန်းလွဲဒေသ နမ့်တောင်းစခန်းသိမ်းတိုက်ပွဲ၊ မိုးမိတ်ဒေသ၊ နမ္မတူ၊ မန်တုံလွယ်ယားဒေသ၊ ကွမ်လုံ၊ ဟိုပန်၊ ပန်လုံဒေသများပါမကျန် အရှေ့မြောက်တစ်ခွင်မှာ နေရာအနှံ့၊ တရစပ်စစ်ဆင်ရေးတိုက်ပွဲ အတွေ့အကြုံတွေ တစ်ပွေ့တစ်ပိုက်အားပါးတရရရှိခဲ့တယ်။

ထိုထိုတိုက်ပွဲအတွေ့အကြုံများနဲ့အတူ ကျွန်တော်တို့ တပ်မနဲ့ရင်ဆိုင်ဖက်၊ တစ်ဖက်ခေါင်းဆောင်များရဲ့ လှုပ်ရှားမှုကြေးနန်းသတင်းများအဆက်မပြတ်ဖတ်ခဲ့ရပါတယ်။ အနီးကပ်

> **ယနေ့အချိန် အခါသမယမှာတော့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့ အသီးသီးတို့ရဲ့ လက်တွဲပူးပေါင်း အကောင်အထည် ဖော်ဆောင်မှုတွေနဲ့ ထိုစဉ်အခါက သန္ဓေတည်ပေါက်ဖွားခဲ့တဲ့ ငြိမ်းချမ်း ရေးအဖူးအပွင့်ကို ထာဝရငြိမ်းချမ်း ရေးပန်းခင်းအဖြစ် ဖော်ဆောင်နေပြီ လည်းဖြစ်ပါတယ်**

မြေပြင်သတင်းများကို စုံစမ်းထောက်လှမ်း၍ ကြားသိခဲ့ရ၊ ရယူခဲ့ရပါတယ်။ စစ်ဆင်ရေးကာလတစ်လျှောက်လုံး သူတင်ကိုယ်တင်ဉာဏ်ရည်ချင်းကစား၊ ဗျူဟာများနဲ့ထိတွေ့ယှဉ်ပါးခဲ့ကြရတယ်။ သို့အတွက်တစ်ဖက်ခေါင်းဆောင်တွေနဲ့ လူချင်းမတွေ့၊ မမြင်ခဲ့ကြရသော်လည်း သတင်းများနဲ့အတူ စစ်မြေတလင်းမှာ အထိအတွေ့များနဲ့သူတို့ရဲ့အမည် မှန်းဆပုံသဏ္ဌာန်ပင်အလွတ်ရနေ၊ မြင်ယောင်နေခဲ့ရတယ်။

လူသား၊ တပ်မတော်သားစစ်သည်တွေမို့၊ လက်နက်ဖြင့်ရင်ဆိုင်တိုက်ခိုက်နေရပြားသော်လည်း သူတို့ရဲ့စစ်နည်းဗျူဟာနဲ့ တိုက်စွမ်းရည်ကလည်း မညံ့လေတော့ ထိုနာမည်ကြီးခေါင်းဆောင်တွေကို စိတ်ကူးဖြင့် ပုံဖော်မျှော်မှန်းမိပါတယ်။ မဖြစ်နိုင်မှန်းသိပါငြားလည်း စစ်သားအချင်းချင်းအလေးထားလေးစားစိတ်ဖြင့် တွေ့ဖူးချင်၊ မြင်ဖူးချင်ခဲ့သည်တော့ အမှန်ပင်ဖြစ်ခဲ့မိတယ်။

သို့နှင့် ၁၉၈၉-၉၀ ခုနှစ်ကာလများတွင် ငြိမ်းချမ်းရေးပန်းများစတင်လန်းဆန်းလာခဲ့ပါတယ်။ မရှေးမနှောင်းမှာပဲ ကျွန်တော်လည်း တပ်ခွဲမှူးဗိုလ်မှူးအဆင့်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း တောင်စခန်းမြို့တစ်နေရာတွင် တာဝန်ကျခဲ့ပါတယ်။ ထိုတပ်ရဲ့ တပ်ရင်းမှူးသည်လည်းကောင်း၊ ဒုတပ်ရင်းမှူးသည်လည်းကောင်း ထိုတပ်မရဲ့ တပ်ရင်းအသီးသီးတွင် ကြီးပြင်းခဲ့ရသူများ ဖြစ်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း တပ်ရင်းရိပ်သာမှာ ကျွန်တော်တို့ ဆရာတပည့်တွေ စားရင်းသောက်ရင်း၊ ရှေးဟောင်းနှောင်းဖြစ်ပြောဖြစ်ကြလျှင် ထိုတစ်ဖက်တပ်ဖွဲ့၏ခေါင်းဆောင်များအကြောင်း တခုတ်တရမပါမပြီးပင်...။

ထိုတပ်ရဲ့စစ်ဆင်ရေးနယ်မြေစိုးမိုးရေးဖြစ်တဲ့ ကျိုင်းတုံမြို့ကနေ နယ်စပ်မြို့ကိုသွားတဲ့ လမ်းပေါ်မှာရှိတဲ့ အတန်အသင့်ကျယ်ပြီး ရေစီးသန်တဲ့ချောင်းတစ်ခုရဲ့ ချောင်းကူးတံတားတစ်ခုမှာ နှစ်နဲ့ချီကျွန်တော်တာဝန်ကျခဲ့ပါတယ်။ ထိုအချိန်မှာ ကျွန်တော်တို့တပ်ရဲ့ အထက်ဌာနဖြစ်တဲ့စစ်ဗျူဟာ ဒေသကွပ်ကဲမှုတို့နဲ့နယ်စပ်မြို့မှာ အခြေပြုလျက်ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ အပြန်အလှန်သွားလာမှုတွေရှိခဲ့ပါတယ်။ ကျွန်တော်က လမ်းခုလတ်ခေါင်းဆောင်ငယ်ဖြစ်၍ လိုအပ်သည်များကိုစီစဉ်ပေးရပါတယ်။ ကျွန်တော်မှတ်မိပါသေးတယ်။ ထိုတစ်နေ့၊ ပထမဦးဆုံးတစ်နေ့ တစ်ဖက်မှခေါင်းဆောင်များ ကျိုင်းတုံသို့လာမယ်။ လမ်းခုလတ်ကျွန်တော့်စခန်းမှာ တစ်ထောက်နားပါက လိုအပ်သည်များစီစဉ်ပေးရန် အထက်မှ ညွှန်ကြားပါတယ်။ ထိုည ကျွန်တော်တော်တော်နဲ့ အိပ်မပျော်။ ကျွန်တော်တို့ငယ်စဉ်ကတည်းက တစ်ဖက်ရင်ဆိုင် တပ်ဖွဲ့များရဲ့ သတင်းတွေမှာ အစဉ်မပြတ်တွေ့ထိကြားသိနေခဲ့ရတဲ့ စစ်မြေတလင်းမှာ စစ်နည်းဗျူဟာအပြားပြားနဲ့ ဉာဏ်ကစားစစ်ခင်းခဲ့ကြတဲ့ တစ်ဖက်ခေါင်းဆောင်တွေကို ပထမဆုံးနဖူးတွေ့ဒူးတွေ့တွေ့ရပြီး ကြိုဆိုဖို့ထိတွေ့ဖို့ ဆောင်ရွက်ရမယ်ဆိုတဲ့ အခါ ကျွန်တော့်အတွက် ထိုညဟာအိပ်၍မပျော်သော ညတစ်ညဖြစ်ခဲ့ရပါတယ်။

နောက်နေ့ ကျွန်တော်တို့တွေ့ခဲ့ကြပြီး စကားပြောခဲ့ရပါတယ်။ ကျွန်တော့်အရင် တပ်မအမည်၊ တပ်ရင်းအမည် မိတ်ဆက်ခဲ့ရာမှ သူ့ဘက်မှလည်း ထိုစဉ်က သူ့တပ်မရဲ့အမည်၊ သူ့လှုပ်ရှားမှုပြောပြရင်း ကျွန်တော်တို့ကဲ့သို့ပင် သတင်းမှသိထားတဲ့ ထိုစဉ်က ကျွန်တော့်တပ်၊ ကျွန်တော်တပ်ရင်းမှူးအမည်မှအစ ကျွန်တော်တပ်မမှူးအကြောင်းထိ အားပါးတရဖက်လဲတကင်းပြောပြပါတယ်။ အပြုံးကိုယ်စီနဲ့ လှိုက်လှိုက်လှဲလှဲစစ်သည်တော်အချင်းချင်း လေးစားသမှု တမ်းတမ်းတတဖက်လဲတကင်း၊ နှုတ်ဆက်ရယ်မော ရှေးဟောင်းနှောင်းဖြစ် တို့ပြောဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်ကနည်းနည်းပြော... သူပြောတာများများနားထောင်ပေါ့။

တစ်ဖက်နဲ့တစ်ဖက် အဲဒီတုန်းက တိုက်ပွဲများ၊ ဖြစ်စဉ်ဖြစ်ရပ်များအကြောင်း စားမြုံ့ပြန်ပြောဆိုခဲ့ကြတဲ့ ထိုအခိုက်အတန့်ဟာညီရင်းအစ်ကိုတစ်မျှဖြစ်ခဲ့ကြပါတယ်။ ကျွန်တော့်ရဲ့စိတ်ထဲ မှာ ထိုစဉ်ကတည်းကပင် ထာဝရငြိမ်းချမ်းရေးဆိုလျှင်ဒို့သွေးသားညီအစ်ကိုချင်းတွေ ဘယ်လောက်များ ပျော်စရာကောင်းလိမ့်မလဲ၊ ထိုထိုအင်အားများ၊ အတွေးအခေါ်များရဲ့ စုပေါင်းအင်အားနဲ့ အနာဂတ်မြန်မာပြည်ကြီးတိုးတက်စည်ပင်ဝပြောအောင် ဘယ်လောက်လုပ်နိုင်လိမ့်မလဲဆိုတဲ့ အတွေးမျိုးနဲ့ဝမ်းသာဆုတောင်းခဲ့ရဖူးပါတယ်။

ကျွန်တော်ကဲ့သို့ အခြားသောပြည်နယ်ဒေသအသီးသီးမှာ ထိစပ်တွေ့ကြုံခဲ့ရတဲ့ တပ်မတော်သား စစ်သည်တော်အငြိမ်းစားများ၊ တပ်မတော်သားများတို့ကလည်း အလားတူအတွေ့အကြုံတွေနဲ့ ညီနောင်သွေးချင်းတို့ကို ကမ်းလင့်လို့ကြိုဆိုနေမှာ အသေအချာပါ...။

ယနေ့အချိန်အခါသမယမှာတော့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့ အသီးသီးတို့ရဲ့ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်မှုတွေနဲ့ ထိုစဉ်အခါက သန္ဓေတည်ပေါက်ဖွားခဲ့တဲ့ ငြိမ်းချမ်းရေးအဖူးအပွင့်ကို ထာဝရငြိမ်းချမ်းရေးပန်းခင်းအဖြစ် ဖော်ဆောင်နေပြီလည်းဖြစ်ပါတယ်။ ဒီလိုတိုင်းရင်းသားညီအစ်ကိုအချင်းချင်း ရွှေလက်ရယ် ခိုင်ခိုင်တွဲလို့ အင်အားတောင့်တင်းခိုင်မာပြီး စည်းလုံးညီညွတ်တဲ့ အနာဂတ်ရွှေနိုင်ငံတော်ကြီးဆီသို့ဆိုတဲ့ တူညီတဲ့ဘုံရည်မှန်းချက်ကို ကျွန်တော်တို့အားလုံးရဲ့ ပေါင်းစည်းညီညွတ်တဲ့အင်အားများနဲ့ ဖော်ဆောင်နေကြတာကိုလည်း ကျွန်တော်တို့တွေ့ရမြင်ရတဲ့အတွက် နိုင်ငံကိုယ်စား၊ တပ်မတော်ကိုယ်စား၊ တိုင်းရင်းသားညီအစ်ကိုများကိုယ်စား ဝမ်းသာပီတိဖြစ်ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ပြည်သူအားလုံးရဲ့ဆန္ဒ တစ်နည်းအားဖြင့် ကျွန်တော်တို့အားလုံး အနှစ်နှစ်အလလက မျှော်လင့်ခဲ့ရတဲ့ ငြိမ်းချမ်းရေး “ရွှေအိပ်မက်” ကို “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ” ဟု အမည်ရသော “ရွှေညီလာခံ” ကြီးမှ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုအပေါင်းရဲ့ ပေါင်းစည်းအားနဲ့ ညှိနှိုင်းပေါင်းစပ်အဖြေရှာပြီး အင်အားတောင့်တင်းခိုင်မာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောတဲ့ “ရွှေနိုင်ငံတော်ကြီး”ဆီသို့ အရောက်တက်လှမ်းနိုင်ပါစေ....စည်းလုံးခိုင်မြဲတဲ့ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံထူထောင်ရေးဆိုတဲ့ တူညီတဲ့ဘုံရည်မှန်းချက်ကို စည်းလုံးညီညာအောင်ကြောင်းဖြာတဲ့ ဆွေးနွေးမှုရလဒ်ကောင်းတွေနဲ့ အောင်ပွဲခံနိုင်ပါစေလို့....ဆန္ဒပြုဆုမွန်ကောင်းတောင်းလျက် ကျွန်တော်၊ တပ်မတော်သားအငြိမ်းစားတစ်ဦးမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို လှိုက်လှဲဝမ်းသာစွာ ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း......။

---

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference-21st Century Panglong ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီနောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း ၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဖုန်း ၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ တည်းခိုမှု လွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာနေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

---

# ကဗျာငှက်ကလေးသို့-

ငြိမ်းငြိမ်းအေးအေး၊
ဆိုရေးခွင့်သာ၊ ခုချိန်ခါဝယ်
မေတ္တာလှမ်းပတ်၊ ဆိုရေးတတ်နှင့်
ဆိုတတ်မှန်စွာ၊ ဆိုနေပါမူ
ကဗျာငှက်ကလေး ထိုဆိုရေး
ကြားရသူတို့ နားဝင်အေး။

ငြိမ်းငြိမ်းအေးအေး၊
ပျံရေးခွင့်သာ၊ ခုချိန်ခါဝယ်
ညီညာပုံဟပ်၊ ပျံရေးတတ်နှင့်
ပျံတတ်မှန်စွာ၊ ပျံနေပါမူ
ကဗျာငှက်ကလေး ထိုပျံရေး
မြင်ရသူတို့ ဘဝင်အေး။

ဘယာမသန်း၊
အေးချမ်းကြည်သာ၊ ခုချိန်ခါဝယ်
ညီညာသမျှ၊ ပြည်ရွာလှလိမ့်
တော်စွလျော်စွ၊ လုပ်ပြတတ်သူ
နှုတ်ချိုလှည့်ဖြား၊ လုပ်စားတတ်သူ
ကပ်ခြောက်ပင့်မြှောက်၊ စားသောက်တတ်သူ
ဘယ်သူဖြစ်စမ်း၊ မအေးချမ်းနိုင်
ဆုတ်လမ်းကြည့်ကာ၊ ကျင့်ဆိုးခွာ၍
မေတ္တာပို့ဝေ၊ တောင်းဆုခြွေပါ
ဤမြေသာမူ၊ စဉ်ရှေးရှုပါ
ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝ
ပြည်သူ့ဒေသ၊ ပြည်သူ့အလှ
ကြုံဆမြော်မြင်၊ လက်တွေ့ယှဉ်၍
ပြုပြင်မှန်စွာ၊ တိုးတက်ပါလိမ့်
ကဗျာငှက်ကလေး ဆိုတေးဖွဲ့
ပျံဖြစ်အောင်သာ ပျံပါကွဲ့။ ။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံအား ကြိုဆိုဂုဏ်ပြုလျက်-

ဖိုလေးလုံး သောင်းကိုကို

# ပြည်ထောင်စုဝန်ကြီးဌာနများ၏ သုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

နေပြည်တော် ဩဂုတ် ၂၃

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး ကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါစာချုပ်သည် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုစာချုပ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ အခြေပြစာချုပ် သက်ဝင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက ၎င်းတို့၏ သက်ဆိုင်ရာ ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက အတည်ပြုကြောင်း အကြောင်းကြားစာပေးပို့ပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက အတည်ပြုကြောင်း တင်သွင်းစာကို လက်ခံရရှိသည့်နေ့မှစ၍ အတည်ပြုမည်ဖြစ်ကြောင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်သည် အတည်ပြုကြောင်း အကြောင်းကြားစာ ရရှိပါက အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးသို့ အတည်ပြုပေးမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ စီးပွားရေးဝန်ကြီးဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စာချုပ်၌ အခြား အာဆီယံနိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့၏ အစီရင်ခံစာပါ မူနှင့် အခြေခံသဘောအကြောင်းအရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘောဆွေးနွေးခြင်းများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေ စာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ တွင်ပါဝင်သည့် စိစစ်လျှော့ချသည့် သုံးငွေ များအပေါ် တစ်ပိုဒ်ချင်းစီအလိုက် အဆို တင်သွင်းဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက် ကြသည်။

ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ စသည့် ဗဟိုအဖွဲ့အစည်းများ၏ သုံးငွေများနှင့် စပ်လျဉ်း၍ မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က ကန့်ကွက်သူမရှိသဖြင့် အဆိုအတည်ဖြစ်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယက က ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က ပြည်ထောင်စု ဝန်ကြီးဌာနများ၏ သုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပြည်ထဲရေးဝန်ကြီး ဌာန၏ သာမန်သုံးငွေ(ဦးစီးဌာန) သန်း ၂၅၇၃၇၀ ဒသမ ၅၄၁ သန်းမှ ငွေကျပ် ၁၀၁၉ သန်းလျှော့၍ ခွင့်ပြုပေးရန် အဆို တင်သွင်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ် လျှော့ချသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ် ငွေကျပ် ၁၀၁၉ သန်း နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ၏ အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ် တော်နာယက က ယင်းအဆိုနှင့်စပ်လျဉ်း ၍ လွှတ်တော်၏ဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူရာ ထောက်ခံမဲ ၅၀၀ မဲ၊ ကန့်ကွက်မဲ နှစ်မဲ၊ ကြားနေမဲ လေးမဲဖြင့် အဆိုအတည်ဖြစ်ကြောင်း ကြေညာ သည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေလုံး ငွေရင်းသုံးငွေ(ဦးစီးဌာန) ငွေကျပ် သန်းပေါင်း ၈၀၄၁၃ ဒသမ ၃၈၇ သန်းမှ ငွေကျပ် ၉၂၄၃ သန်းကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ် ချက်နှင့်အညီ လျှော့၍ ခွင့်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ ပို့ဆောင်ရေးနှင့် ဆက် သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်က ပြည်သူ့ ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင် ခံစာအတိုင်း သုံးစွဲသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ် တော်နာယက က ယင်းအဆိုနှင့်စပ်လျဉ်း ၍ လွှတ်တော်၏ဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြု၍ရယူရာ ထောက်ခံမဲ ၅၇၆ မဲ၊ ကန့်ကွက်မဲ တစ်မဲ၊ ကြားနေမဲ လေးမဲဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်အညီ လျှော့၍ ခွင့်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ဆောက်လုပ်ရေးဝန်ကြီး ဌာန၏ ငွေလုံးငွေရင်းသုံးငွေ(ဦးစီးဌာန) ငွေကျပ် သန်း ၄၆၇၃၅၄ ဒသမ ၅၁၃ သန်း မှ ငွေကျပ် သန်း ၈၀၁၀၈ ဒသမ ၅ လျှော့ ၍ခွင့်ပြုရန် အဆိုပြုချက်အား လွှတ်တော် က အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်း ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ စိစစ်လျှော့ချမှုနှင့်စပ်လျဉ်း၍ ကန့်ကွက် ရန်မရှိကြောင်း၊ စိစစ်လျှော့ချငွေကို သဘောတူပါကြောင်း ပြန်လည်ရှင်းလင်း သည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒကို စက်ခလုတ်နှိပ်အသုံးပြု၍ ရယူရာ ထောက်ခံမဲ ၅၁၇ မဲ ကန့်ကွက်မဲ သုံးမဲ၊ ကြားနေမဲ နှစ်မဲဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ငွေလုံးငွေရင်းသုံးငွေ(ဦးစီး ဌာန) ငွေကျပ် ၄၆၇၃၅၄ ဒသမ ၅၁၃ သန်းမှ ငွေကျပ် ၈၀၁၀၈ ဒသမ ၅သန်းကို လျှော့၍ ခွင့်ပြုကြောင်းအတည်ပြု ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်း ကော်မတီ၏ အစီရင်ခံစာပါ ဥပဒေဆိုင်ရာ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးအောင်ကြည် ညွန့်က တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော် က အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်း ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အပေါ် ကန့်ကွက်ရန်မရှိကြောင်း၊ ဤကိစ္စအတွက် အစိုးရက သုံးစွဲရန်ရှိလာသည့်အခါ လွှတ်တော်အစည်းအဝေး ကျင်းပသည့် အချိန်နှင့် လွှတ်တော်၏ အတည်ပြုချက် ရရှိရန်စောင့်ဆိုင်း၍ သုံးစွဲရသည့်အခြေ အနေများ ဖြစ်ပေါ် လာနိုင်မှုအပေါ် ထည့်သွင်း စဉ်းစားသင့်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကို နာခံမည် ဖြစ်ကြောင်း ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင် သွားမည်ဖြစ်ကြောင်းကြေညာသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင် မောင်ဝင်းက ၂၀၁၆ခုနှစ်ပါ ပြည်ထောင်စု ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)တစ်ရပ် လုံးအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှုအလုံးစုံ တားဆီး ပိတ်ပင်ရေးစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြု ဝင်ရောက်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ဆွေးနွေးကြသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော် အောင်လွင်က မြန်မာနိုင်ငံသည် နျူကလီး ယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံ တားဆီးပိတ်ပင်ရေးစာချုပ်ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်သို့ အတည်ပြုဝင်ရောက်နိုင်ရန် စီစဉ်ဆောင် ရွက်လျက်ရှိသည်ကို သိရပါကြောင်း၊ နျူကလီးယားလက်နက် ပြန့်ပွားမှုကို ကာကွယ်တားဆီးရေးအတွက် အထိ ရောက်ဆုံးနည်းလမ်းမှာ နျူကလီးယား လက်နက်များရရှိရေး ကြိုးပမ်းရာတွင် ဆောင်ရွက်ရသည့် နျူကလီးယား လက်နက် စမ်းသပ်ဖောက်ခွဲမှုအား တားဆီးပိတ်ပင်ခြင်းပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်နိုင်ရေးကို ထောက်ခံ ကြောင်း ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ် စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း က နျူကလီးယားလက်နက်များ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို တစ်ကမ္ဘာလုံး ခံစားနေကြရပါကြောင်း၊ ပြင်းထန်သည့် စမ်းသပ်ဖောက်ခွဲမှုများ၊ ပြင်းထန်သည့် ပေါက်ကွဲမှုများကြောင့် ကမ္ဘာ့ပတ်ဝန်း ကျင်ဂေဟစနစ်များ ပျက်စီးရပြီး ကမ္ဘာကြီးပိုမိုပူနွေးလာကာ သဘာဝဘေး အန္တရာယ်ဖြစ်စဉ်များ ဖြစ်ပွားလာသည်ကို တွေ့ရပါကြောင်း၊ နျူကလီးယားဆိုင်ရာ နည်းပညာကို အကျိုးပြုသည့်ကဏ္ဍနှင့် ငြိမ်းချမ်းစွာအသုံးပြုသည့် ကဏ္ဍများ၌ လူသားတို့အတွက် တန်ဖိုးရှိစွာအသုံးချ နေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ နျူကလီးယား လက်နက်စမ်းသပ်ဖောက်ခွဲ မှုအလုံးစုံ တားဆီးပိတ်ပင်ရေးစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရေး ကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ရန် ထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံက စာချုပ်၌ အတည်ပြုပါဝင်ခြင်းဖြင့် နျူကလီးယား လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက် သည့် ဆန့်ကျင်ရေးကြိုးပမ်းမှုများတွင် အထောက်အကူ ဖြစ်စေသည့်အပြင် မြန်မာနိုင်ငံအတွက်များစွာ အကျိုးဖြစ် ထွန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နျူကလီးယားလက်နက် ပိုင်ဆိုင်မှုမရှိ သကဲ့သို့ နျူကလီးယားလက်နက်ပိုင်ဆိုင် ရန် ဆန္ဒလည်းမရှိပါကြောင်း၊ စာချုပ်သို့ ပါဝင်လာသည့် နိုင်ငံအရေအတွက် တိုးပွားလာသည်နှင့်အမျှ နျူကလီးယား လက်နက်ရရှိရန် ကြိုးပမ်းအားထုတ်မှု များကို အတားအဆီးဖြစ်စေမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီး ယားလက်နက်ဆန့်ကျင်သည့် နိုင်ငံများ နည်းတူ နျူကလီးယားလက်နက် ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ထင်ရှားလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ယင်းစာချုပ်၌ အတည်ပြုပါဝင် သင့်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြု ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံသည် နျူကလီးယားလက်နက် ပိုင်ဆိုင်မှုမရှိသကဲ့သို့ နျူကလီးယားလက်နက် ပိုင်ဆိုင်ရန် ဆန္ဒလည်းမရှိပါကြောင်း၊ စာချုပ်သို့ ပါဝင်လာသည့် နိုင်ငံအရေအတွက် တိုးပွားလာသည်နှင့်အမျှ နျူကလီးယားလက်နက်ရရှိရန် ကြိုးပမ်းအားထုတ်မှုများကို အတားအဆီးဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက် ဆန့်ကျင်သည့် နိုင်ငံများနည်းတူ နျူကလီးယား လက်နက်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေး ကို ချစ်မြတ်နိုးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ထင်ရှားလာမည်**

# ပြည်သူများက ငွေကြေးဝန်ဆောင်မှုများအား စနစ်တကျသုံးစွဲရေး အသိပညာပေးစာစောင်ထုတ်ဝေ

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်သူများငွေကြေးဝန်ဆောင်မှု စနစ်တကျသုံးစွဲရေး အခြေခံအသိပညာပေး စာစောင်များ ထုတ်ဝေဖြန့်ချိခြင်းအခမ်းအနားကို ဩဂုတ် ဒုတိယပတ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ UNDP-UNCDF ၊LIFT Fund နှင့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်နေကြောင်း၊ ပြည်သူများ ငွေကြေးဝန်ဆောင်မှုများကို ကျယ်ကျယ် ပြန့်ပြန့်သုံးစွဲနိုင်ရေးအတွက် ငွေကြေးဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအားလုံး ပါဝင်နိုင်သော ငွေကြေးဝန်ဆောင်မှုကဏ္ဍဖြစ်ထွန်းစေရေး အတွက် လမ်းပြမြေပုံရေးဆွဲဆောင်ရွက်နေကြောင်း၊ ပြည်သူများအကြား ငွေကြေး ဝန်ဆောင်မှုသုံးစွဲရေး အခြေခံအသိပညာပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း သည် လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ပါဝင်ကြောင်း၊ ယခုကဲ့သို့ ငွေကြေးဝန်ဆောင်မှု သုံးစွဲရေး အခြေခံအသိပညာပေး စာစောင်များထုတ်ဝေခြင်းသည် ပြည်သူများ အား ငွေကြေးဝန်ဆောင်မှုသုံးစွဲရေး အသိပညာပေးလုပ်ငန်းအတွက် အလွန်အရေး ကြီးပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေး မှူးချုပ် ဒေါက်တာစန္ဒာဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် LIFT Fund မှ Program Specialist ဦးမြင့်ကျော်က အခြေခံ ငွေကြေးအသိပညာပေး စာစောင်ထုတ်ဝေရေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့် ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က ပြည်တွင်း ပြည်ပ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား အခြေခံငွေကြေး အသိပညာပေးစာစောင်များကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ် ညီလာခံကျင်းပ ပါတီဥက္ကဋ္ဌအဖြစ် ဦးသန်းဌေးအား ရွေးချယ်တင်မြှောက်ခဲ့

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယအကြိမ် ပါတီညီလာခံ ဒုတိယနေ့တွင် ပါတီဥက္ကဋ္ဌအဖြစ် ဦးသန်းဌေးအား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ပါတီညီလာခံတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် ပါတီကော်မတီဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်အမည်စာရင်းများ တင်သွင်းကြပြီး ပါတီ ပြန်လည်ပြင်ဆင် ရွေးချယ်ဖွဲ့စည်းရေး ဗဟိုကော်မတီနှင့် ပါတီရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေး ကော်မရှင်က စိစစ်အတည်ပြုထားသည့် ဗဟိုကော်မတီဝင်၊ အရန်ဗဟိုကော်မတီဝင်များ၏ အမည်စာရင်းကိုတင်သွင်းအတည်ပြုသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင်များ၊ အရန်ဗဟိုကော်မတီဝင်များထဲမှ ပါတီပြန်လည်ပြင်ဆင်ရွေးချယ်ဖွဲ့စည်းရေးဗဟိုကော်မတီနှင့် ပါတီရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးကော်မရှင်တို့မှ စိစစ်ရွေးချယ်ထားသည့် ဗဟိုအလုပ်အမှုဆောင်များ၏ အမည်စာရင်းကို ညီလာခံသို့တင်သွင်း အတည်ပြုသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ရွေးချယ်ထားသည့် ပါတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၏ အမည်စာရင်းကို ပါတီညီလာခံသို့ တင်သွင်းအတည်ပြုကြပြီး ညီလာခံက အတည်ပြုထားသည့် ပါတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် ဗဟိုကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များက ကတိသစ္စာပြုကြသည်။

ယနေ့ကျင်းပသည့် ပါတီညီလာခံ ဒုတိယနေ့တွင် ပါတီဥက္ကဋ္ဌအဖြစ် ဦးသန်းဌေး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမြတ်ဟိန်း၊အထွေထွေအတွင်းရေးမှူးအဖြစ် ဦးသက်နိုင်ဝင်း၊ အတွင်းရေးမှူးများအဖြစ် ဦးပိုက်ထွေး၊ဦးသန်းထွန်း၊ ဒေါက်တာကျော်ကျော်ဌေး၊ ဦးတင်အောင်ချစ်နှင့် ဒေါက်တာစန်းစန်းနွယ်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**သူရဇော်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၇၇) ကြိမ်မြောက်
ဗဟိုကောင်စီ အစည်းအဝေး
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

# အက်ဆေးရောင်စုံ အက်ဆေးများ

**မြင့်ဆွေဦး**

၂၀ ရာစု မြန်မာစာပေလောကတွင် ခေတ်သစ်စာပေလက်ရာများ ပေါ်ထွက်လာခဲ့သည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်စာပေတို့ဖြစ်သည်။ ယင်းတို့အနက် 'အစမ်းစာ' ဆိုသည့် စာပေပုံသဏ္ဌာန်တစ်ခုလည်း ပေါ်ပေါက်ခဲ့လေသည်။ ၁၉၂၅ ခုနှစ်တွင် The World of Books အမည်ဖြင့်ထုတ်ဝေခဲ့ပြီး နောင်တွင် မြန်မာအမည်ဖြစ်သော ဂန္ထလောကစာစောင်ဖြစ်လာပြီး ၁၉၂၈ ခုနှစ် ဩဂုတ်လတွင် ထူးခြားဆန်းသစ်သော စာဖြစ်သည့် အစမ်းစာကို စတင်ဖော်ပြခဲ့လေသည်။

အင်္ဂလိပ်စာရေးဆရာကြီး အက်ဒီဆင်၏အင်္ဂလိပ်အက်ဆေးတစ်ပုဒ်ကို ဘာသာပြန်ထားသော 'ချစ်ရေးကြိုက်ရေးတွင် အကြံဉာဏ်တောင်းဆိုခြင်း အစမ်းစာ' ပါရှိလာလေသည်။ ထိုစာမှာ မြန်မာစာဖတ်ပရိသတ်အတွက် ဦးစွာတွေ့မြင်ဖတ်ရှုရသော အစောဆုံးဘာသာပြန်အက်အေး ဖြစ်လေသည်။ အက်ဆေး၏မူလရင်းမြစ်အဓိပ္ပာယ်ကို ယူပြီး 'အစမ်းစာ' ဟူသော ဝေါဟာရကိုဦးစွာပညတ်ခေါ်ဝေါ်လိုက်ခြင်းဖြစ်သည်ဟု တက္ကသိုလ်ဝင်းဖုန်း၏ '၁၉၄၅ ခုနှစ် မတိုင်မီကာလ မြန်မာစာတမ်းငယ်စာတမ်း' တွင် ဖော်ပြခဲ့လေသည်။

အစမ်းစာဟုခေါ်တတ်ခြင်းမှာ မူလပြင်သစ်ဘာသာစကားဖြစ်သော Essai မှ အင်္ဂလိပ်ဘာသာစကားတွင် Essay ဖြစ်လာပြီးနောက် ထို Essay ၏ အဘိဓာန်အနက်ဖြစ်သော စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်းကိုအကြောင်းပြုလျက် မြန်မာဘာသာ အစမ်းစာဟု မြန်မာပြန်ဆိုလိုက်ခြင်းကြောင့်ဖြစ်သည်ဟု ထင်ပါသည်ဟု ဆရာဇော်ဂျီက ဆိုခဲ့လေသည်။ 'မည်သည့်ရည်ရွယ်ချက်ရှိရှိ၊ မည်သည့်အကြောင်းကို ရေးရေး၊ မည်သည့်ပုံသဏ္ဌာန်ကို ဖော်ဖော်၊ ထိုစာ မတိုမရှည်သည် စာဖတ်ပရိသတ်၌ နှစ်သက်မှုရသကိုဖြစ်စေသင့်သည်။ ရသဖြစ်သည်နှင့်အတူတကွ ဘဝ သို့မဟုတ် ပတ်ဝန်းကျင်အသိအမြင်ကိုလည်း ဖြစ်လာစေသင့်သည်။ ကဗျာကောင်းတစ်ပုဒ်ကို ဖတ်လိုက်ရသကဲ့သို့ဖြစ်သင့်သည်။ ဤကား ဖြစ်စေလိုသော စာတမ်းအရေးအသားမျိုး၏ ယေဘုယျသဘောဖြစ်သည်။ ထိုသဘောပါမှုလည်း စာတမ်းသည် ရသစာပေအဖွဲ့တစ်ခုအဖြစ်ဖြင့် မြန်မာစာပေ၌ နေရာတစ်နေရာ ရလာမည်ဟု ယူဆသည်။ သို့ရာတွင် ဗဟုသုတသက်သက်ကို ရေးသောစာမျိုးကိုလည်း စာတမ်းဟူ၍ပင် ခေါ်နိုင်သည်ဟု ထင်ပါသည်။ အင်္ဂလိပ်ဘာသာစကားဖြစ်သော Essay သည် တစ်ခါတစ်ရံ ဗဟုသုတသက်သက်ပေးသော စာတမ်းမျိုးလည်းဖြစ်နိုင်၍၊ တစ်ခါတစ်ရံ ရသကိုပါပေးနိုင်သော စာတမ်းမျိုးဖြစ်နိုင်သကဲ့သို့ပင်' ဟူ၍ ဆရာဇော်ဂျီက စာတမ်း (အက်ဆေး)၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြခဲ့လေသည်။

'အက်ဆေးသည် ဆောင်းပါးပုံစံနှင့်တူသယောင်ရှိသော်လည်း အနှစ်သာရအားဖြင့် ဆောင်းပါးနှင့်ကွာလေသည်။ ဆိုပါတော့-ပီမိုးနင်း ၏ဇွဲသတ္တိရှိဖို့ကောင်းကြောင်း ဆောင်းပါးတွေ၊ မိန်းကလေးတွေ အဘယ်ပုံနေထိုင်ပြုမူရမည် လမ်းညွှန်ပြ (သမီးဂုဏ်ရည်)ဆောင်းပါးတွေ၊ အပြောအဆိုယဉ်ကျေးဖို့ထက် စိတ်နှလုံးယဉ်ကျေးဖို့ ပို၍အရေးကြီးကြောင်းဆောင်းပါးတွေ၊ ထိုဆောင်းပါးတွေမှာ အကျိုးလည်းရှိ၏။ ဖတ်လည်းဖတ်ပျော်၏။ သို့ရာတွင် ဘေးဘီကဆိုခြင်းမျိုး၊ သူစိမ်းတစ်ရံဆံက အကျိုးလို၍ထောက်ပြခြင်းမျိုး၊ ဖြစ်သင့်ဖြစ်ထိုက်သည်ဟု ယူဆ၍ ဦးနှောက်ထဲမှထွက်လာခြင်းမျိုးဖြစ်နေသည်။ ဤတွင် အရင်းအချာချင်းပြောပုံနှင့်မတူ ရင်ထဲနှလုံးထဲမှ ပွင့်အန်ကျလာသည့် သဘောမရောက်၊ အက်ဆေးမည်သည် ရင်ဖွင့်စာ သို့မဟုတ် ရင်ဖွင့်သံဖြစ်သည်' ဟု ဆရာတိုက်စိုးက အက်ဆေးအဓိပ္ပာယ်ကိုဖွင့်ဆိုခဲ့လေသည်။

ဆရာမသွယ်သွယ်မျိုးညွန့်၏ 'အက်ဆေးရောင်စုံအက်ဆေး' တွင် အက်ဆေး ၄၃ ပုဒ်ကိုစုစည်းဖော်ပြထားသည်။ ထိုအက်ဆေးများမှာ ပြည်သူ့ခေတ်ဂျာနယ်နှင့် ပြည်သူ့အရေးဂျာနယ်တို့တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဆရာမသွယ်သွယ်မျိုးညွန့်၏ အတွေးအက်ဆေးများဖြစ်သည်။ ထိုအက်ဆေးများတွင် လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့်နိုင်ငံရေး အကြောင်းအရာစုံလေသည်။

'အမုန်တရား၊ ယုံကြည်၊ ဖြူစင် ဒေါက်တာမြင့်မြင့်ခင်' အက်ဆေးတွင် ဆရာမကြီး ဒေါက်တာ မြင့်မြင့်ခင်သည် ကျန်းမာရေး၊ ပညာရေးနှင့်ဆိုင်သော စာများရေးသားခြင်း၊ သုတေသနပြုခြင်းများကို နောက်ဆုံးအချိန်ထိ လုပ်ကိုင်သွားခဲ့လေသည်။ ဆရာမကြီး၏ ပြောဆိုမိန့်မှာချက်များကို စာရေးသူက ကောက်နုတ်ဖော်ပြခဲ့သည်။ အချို့မှာ

'ကျွန်မတို့ တိုင်းပြည်က ရတ်ခြည်းဖွင့်လိုက်တဲ့အခါကျတော့ ကျွန်မတို့တိုင်းပြည်ရဲ့ ပြင်ပမှာ ဖြစ်နေတဲ့ ကမ္ဘာက အင်မတန်တိုးတက်နေပါပြီ။ ကမ္ဘာက အားလုံးတစ်ပြေးညီ ဖြစ်နေပြီဆိုရင် ပညာရေးမှာလည်း သူတို့လိုတစ်ပြေးညီလိုက်ရတော့မယ်'

'အရင်ဦးဆုံး ပြုပြင်ရမှာကတော့ ကျွန်မတို့မှာ အင်မတန် နိမ့်ကျနေတဲ့ ပညာရေး စနစ်ပဲကိုင်တွယ်ရမယ်။ တို့ကနန်း ဆိတ်ကနန်း ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း လုပ်လို့မရဘူး၊ ပညာရေးစနစ်ကို ပြောင်းမယ်ဆိုရင် အမြစ်ကလှန်တဲ့ တော်လှန်ရေးကြီး သဖွယ် လုပ်ရမယ်'

ဆရာမကြီး ဒေါ်မြင့်မြင့်ခင် မကွယ်လွန်မီ သုံးလအလိုတွင် 'မြင့်မြင့်ခင် ဖောင်ဒေးရှင်း' ကို ထူထောင်ခဲ့သည်။ မြင့်မြင့်ခင် ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်မှာ လူများစုသည် အဆင့်မြင့်သိပ္ပံပညာကို တကယ်ပင် အဆင့်မြင့်မြင့်တတ်စေရန်၊ သိပ္ပံပညာတတ်များကို ပြုစုပျိုးထောင်ပေးရန် ဖြစ်သည်။

'အထူးသဖြင့်ကတော့ တိုင်းပြည်ကို အုပ်ချုပ်နေရသူများ၊ တိုင်းပြည်အတွက် ဥပဒေပြုစုပေးရာတွင် ပါဝင်နေသော လူမျိုးစုံအားလုံးမှာ Scientific Literacy မရှိပါက တိုင်းပြည်၏တိုးတက်မှုနှောင့်နှေးမည်ဟု ယူဆရပါမည်။ ထို့ကြောင့် Scientific Literacy ကို တိုင်းပြည်တွင်မြှင့်တင်ပေးရပါမည်။ ဤအချက်မှာ မြင့်မြင့်ခင် ဖောင်ဒေးရှင်းရဲ့ အရေးကြီးဆုံးသော 'အဝေးပစ်မှတ်' ဖြစ်ပါသည်' ဟု ဆိုခဲ့သည်။ ဤသို့ အသက် ၉၀ အရွယ်ထိ တိုင်းပြည်အတွက် မနားမနေဆောင်ရွက်ခဲ့သော ဆရာမကြီး ဒေါ်မြင့်မြင့်ခင်သည် လေးစားဂုဏ်ယူဖွယ်ဖြစ်သည်ဟု ရေးသားတင်ပြခဲ့လေသည်။

'အာဇာနည်နေ့ ဂုဏ်ပြုအက်ဆေး' တွင် ဟိုးတစ်ချိန်က အာဇာနည်နေ့ကို ခမ်းခမ်းနားနားကျင်းပခဲ့ပုံများနှင့် နောက်ပိုင်း စစ်အာဏာရှင်တွေလက်ထက်တွင် အာဇာနည်နေ့ကို မှေးမှိန်ပျောက်ကွယ်သွားအောင် လုပ်ခဲ့ပုံများကို နှိုင်းယှဉ်ရေးသားတင်ပြထားသည်။ ဆရာမ သွယ်သွယ်မျိုးညွန့်က ငယ်စဉ်က မြင်တွေ့ခဲ့ရသည့် အာဇာနည်နေ့ကို အောက်ပါအတိုင်း တင်ပြခဲ့သည်။

'အိမ်တွေမှာ အလံတစ်ဝက်လွှင့်ထူပြီး ဝမ်းနည်းကြောင်းပြဖို့ကို အာဇာနည်နေ့ မတိုင်ခင်တစ်ရက်ကတည်းက လမ်းတွေမှာ လော်စပီကာနဲ့လိုက်ပြီး တိုက်တွန်းနှိုးဆော်ပါတယ်။ အာဇာနည်နေ့ရောက်ပြီဆိုရင် အိမ်တိုင်းအိမ်တိုင်းမှာ တစ်နှစ်တာသိမ်းထားတဲ့ အလံတွေကို ထုတ်ပြီး အလံတိုင် တစ်ဝက်လွှင့်ထူကြပါတယ်။ အာဇာနည်နေ့မနက်မှာဆိုရင် လမ်းတိုင်းမှာ အလံတွေရဲနေလိုက်တာများ ခုခေတ်လို ဓာတ်ပုံရိုက်ကောင်းတဲ့ ခေတ်ဆို ဘယ်လောက်တောင်မှ မီဒီယာတွေပေါ် ဓာတ်ပုံတွေတင်လိုက်ကြမလဲလို့ တွေးမိပါတယ်'

ထိုသို့ တစ်ခေတ်တစ်ခါက အာဇာနည်နေ့ကို တလေးတစားနှင့် မှတ်မှတ်ရရ ကျင်းပခဲ့လေသည်။ သို့သော် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အာဇာနည်နေ့ကို မှတ်မှတ်ရရ မလုပ်တော့၊ သာမန်သာ မလွှဲမရှောင်သာ၍ လုပ်ခဲ့ကြသည်။ ထိုအာဇာနည်နေ့များကို စစ်အာဏာရှင် ဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်မှူးကြီး လာရောက်ဂါရဝပြုခြင်းမလုပ်တော့။ ထိုခေတ်၏ အာဇာနည်နေ့က စာရေးသူက အောက်ပါအတိုင်း တင်ပြခဲ့လေသည်။

'အဲဒီလိုခေတ်ကနေ နောက်တော့ ဥဩမဆွဲ၊ အလံတွေ ရဲရဲမနီတော့ဘဲ အာဇာနည်နေ့မှာ အလံထူဝံ့သူက လူစွမ်းကောင်းဖြစ်ရတဲ့ ခေတ်ကိုရောက်လာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံချိတ်ဆွဲထားတဲ့ အိမ်ကလည်း သူရဲကောင်းဖြစ်ရပါတယ်။ ၁၉၉၈ လောက်က ဗိုလ်ချုပ်အောင်ဆန်းပုံကို မှန်ပေါင်သွင်းသွင်းတာတောင် ထောက်လှမ်းရေးက မှန်ပေါင်ဆိုင်ကနေ ခေါ်သွားပြီး စစ်ဆေးမေးမြန်းတာခံကြရပါ သေးတယ်'။ 'တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်ဆိုတဲ့ ဂုဏ်အင်္ဂါနဲ့လိုက်ဖက်လွန်းလို့ ဗိုလ်ချုပ်လို့ခေါ်ရတာကိုက စေးစေးပိုင်ပိုင်ရှိလှပါတယ်။ ဒါပေမယ့်လည်း ပြောရရင် ခုချိန်အထိတော့ လူထုအကြားမှာ ငါတို့ဗိုလ်ချုပ်လို့ ဗိုလ်ချုပ်နှစ်လုံးတည်း ညွှန်းလိုက်ရင်တောင် ဗိုလ်ချုပ်အောင်ဆန်းကို ပြောတာပဲလို့တန်းပြီး သိကြပါတယ်။ တိုင်းပြည်အတွက်ပေးဆပ်ခဲ့တဲ့ ဗိုလ်ချုပ်ဆိုတာ မြန်မာပြည်မှာနှစ်ယောက်မရှိဘူးဆိုတာ ထင်ရှားပါတယ်' ဟု ဗိုလ်ချုပ်၏ဂုဏ်ပုဒ်ကို ဖွင့်ဆိုရေးသားခဲ့လေသည်။




၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးသည် ကျောင်းသားများမှ စတင်ခဲ့ပြီး နောက်ပိုင်း ရဟန်းရှင်လူအားလုံးပါဝင်လာပြီး တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြလေသည်။ ၁၉၈၈ အရေးအခင်းကြီးတွင် ကျောင်းသားလူငယ်တွေ အများအပြားပါဝင်ဆန္ဒပြခဲ့ကြ၊ အသက်စတေးခဲ့ကြရသည်။ ငယ်ရွယ်နုနယ်တက်သစ်စလူငယ်လေး၊ ကျောင်းသားလေးများကို တစ်ခါမှမကြုံဖူး၊ မကြားဖူး၊ ထောင်ဒဏ်နှစ်ရှည် ချမှတ်ခဲ့လေသည်။

ထောင်တွင်းရောက်သွားပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရတဲ့ ကျောင်းသားများ၏ အကြောင်းကို စာရေးသူက 'ထောင်နှင့်မိခင်အက်ဆေး' ဖြင့်တင်ပြထားသည်။ ထောင်ထဲရောက်သွားကြသော သားသမီးများကို မိဘများက ဘယ်ထောင်၊ ဘယ်အကျဉ်းစခန်းတွင် ရောက်ရှိနေသည်ကိုစုံစမ်းပြီး ထောင်ဝင်စာသွားတွေ့ရသည်။ တချို့ကျောင်းသားများကိုဆိုလျှင် ဝေးလံသီခေါင်သော အကျဉ်းထောင်များသို့ ပို့ပစ်သည်။ မိဘများကလည်း မရမနေစုံစမ်းပြီး ထောင်ဝင်စာသွားတွေ့ကြသည်။

ထိုသို့အရေးတော်ပုံကို ပါဝင်ခဲ့ကြသော ကျောင်းသားမိဘများသည် မိမိတို့ သားသမီး ထောင်သွင်းအကျဉ်းချခံရသည့်နောက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ဖယ်ကြဉ်ခဲ့ကြသည်။ ဝေးဝေးကရှောင်ခဲ့ကြသည်။ ထိုမိခင်များ၏ဘဝကို စာရေးသူက အောက်ပါအတိုင်း တင်ပြခဲ့လေသည်။

'သားသမီးတွေက တိုင်းပြည်အပြောင်းအလဲအတွက် လှုပ်ရှားကြလို့ ထောင်သွင်း အကျဉ်းချခံရတဲ့နောက် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ဝေးဝေးကသာ ဆက်ဆံကြပါတော့တယ်။ ကျောင်းသားတွေကို ဖမ်းဆီးလိုက်ရုံနဲ့မပြီးဘဲ ကျန်ရှိတဲ့ မိသားစုတွေကိုပါ စီးပွားရေး၊ လူမှုရေးမှာ အများက မပတ်သက်ရဲအောင် အနှောင့်အယှက်တွေကြုံကြရပါတယ်။ နိုင်ငံရေး၊ အကျဉ်းသား မိသားစုအိမ်ကို ဝင်ထွက်သွားလာမိရင်တောင် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းတာမျိုးတွေ လုပ်ပါတယ်။ ဒီလိုနဲ့နောက်ဆုံး မိသားစုဝင်တွေလုပ်ကိုင်တဲ့ စီးပွားရေးကို အားမပေးရဲသူတွေ၊ မိသားစုဝင်တွေကို အလုပ်မခန့်ရဲသူတွေများပြားလာပြီး နိုင်ငံရေးအကျဉ်းသားအချင်းချင်းနဲ့ မိသားစုအချင်းချင်းသာ ဆက်ဆံပြောဆိုရဲကြသလောက် ဖြစ်ရပါတယ်'

နိုင်ငံရေးအကျဉ်းသား၊ မိသားစုဝင်များသည် အသိုင်းအဝိုင်းက ရှောင်ကြဉ်တာတွေ၊ ဆွေမျိုးရင်းချာဖြစ်လျက်နဲ့ မခေါ်မပြောကြတော့တာတွေ၊ ဖုန်းလေးတစ်ကြိမ်လောက် ဆက်ချင်လို့မှ ခွင့်မပြုသူတွေနဲ့ကြုံတွေ့ရသည်။ စီးပွားရေးတွေ ကျပ်တည်းသထက် ကျပ်တည်းပြီး ဒီဒုက္ခတွေကို ခံနိုင်အောင် စိတ်ဓာတ်နဲ့ အားတင်းခံခဲ့ကြရလေသည်။

ဆရာမသွယ်သွယ်မျိုးညွန့်၏ အက်ဆေးများသည် ယနေ့မြန်မာပြည်၏ အခြေအနေ၊ အင်္ဂါရုပ်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ သူ့အတွေး၊ သူ့အရေးများသည် မြန်မာပြည်သူများ၏ အတွေးအမြင်များပင်ဖြစ်သည်ဟု တင်ပြလိုက်ရပါသည်။

**၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးသည် ကျောင်းသားများမှ စတင်ခဲ့ပြီး နောက်ပိုင်း ရဟန်းရှင်လူအားလုံးပါဝင်လာပြီး တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြလေသည်။**

# ၂၀၁၆ အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၁၆ ခုနှစ်၊ အာရှ အမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ "SMM" 2016 Yangon Aerodrome Asian Men's Club Volleyball Championship ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ အာရှဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံ ၁၄ နိုင်ငံမှ အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူပြီးနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် **(ယာပုံ)** အိမ်ရှင် မြန်မာ၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ထိုင်ဝမ်(တိုင်ပေ)၊ ဟောင်ကောင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ အီရန်၊ အီရတ်၊ ယူအေအီး၊ ကာတာနှင့် ကာဇက်စတန်နိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမားများအား မိမိတို့နိုင်ငံမှ နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ယခုလို အာရှအဆင့် ချန်ပီယံပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပေးခဲ့သည့် အာရှဘော်လီဘောအဖွဲ့ချုပ်ကိုလည်း များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြင့် ပြိုင်ပွဲဝင်အာရှနိုင်ငံ အချင်းချင်း အပြန်အလှန် ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိစေသည့် သင်္ကေတတစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲမှရရှိလာသည့် အတွေ့အကြုံကောင်းများမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ဘော်လီဘောအားကစားနည်းကိုလည်း များစွာမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအောင်မြင်သည့် အသင်းများသည် 2016 Men's World Club Championship ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမှာဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး အားကစားသမား စိတ်ဓာတ်အပြည့်အဝထားကာ အရည်အချင်းရှိရှိနှင့် အတွေ့အကြုံကောင်းများ ရရှိအောင် ကြိုးစားယှဉ်ပြိုင်ကစားကြစေလိုကြောင်း ပြောကြားသည်။




ဆက်လက်၍ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဦးထွန်းမြင့်နိုင်က ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားအပြီး ပြိုင်ပွဲများကို စတင်ကျင်းပရာ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြန်မာအသင်းမှ သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲအား အိမ်ရှင်မြန်မာအပါအဝင် အာရှတိုက်မှ ပြိုင်ပွဲဝင်နိုင်ငံ ၁၄ နိုင်ငံမှ ချန်ပီယံကလပ်အသင်း ၁၄ သင်းဖြင့် ယနေ့မှစ၍ ဩဂုတ် ၃၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ (B)ရုံတွင် နံနက် ၁၁ နာရီမှ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် အားကစား ဝါသနာရှင်ပရိသတ်များ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

❒ *ကျောဖုံးမှ*

သက်ဆိုင်ရာကဏ္ဍအလိုက် စီးပွားရေးလုပ်ငန်းတွေနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို အကောင်အထည်ဖော်ဖို့ လာမယ့် စက်တင်ဘာ၊ အောက်တိုဘာမှာ နောက်နှစ် ဘတ်ဂျက်ရေးဆွဲတော့မှာပါ။ ဒီဖွံ့ဖြိုးရေးလုပ်ငန်းတွေ လက်တွေ့ကျကျ အကောင်အထည်ဖော်ဖို့က ဘတ်ဂျက် အရေးကြီးပါတယ်။ ရေးဆွဲတဲ့အခါမှာ လက်ရှိဘတ်ဂျက်ထက်တော့ ပိုများမှာသေချာပါတယ်။ နိမ့်ကျတဲ့ပြည်နယ်ဖြစ်တာမို့ ပြည်ထောင်စုအစိုးရအနေနဲ့လည်း လက်ရှိပေးထားတဲ့ဘတ်ဂျက်ထက်ပိုပေးမှ ကျွန်တော်တို့ ပြည်နယ်အနေနဲ့ ရုန်းထွက်နိုင်မှာပါ”ဟု ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ပြုလုပ်သည့် ချင်းပြည်နယ်၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မီဒီယာရှင်းလင်းပွဲတွင် ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၂၀ ငါးနှစ်တာလုပ်ငန်းစဉ်အတွင်း မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန ပြည်နယ်ရုံးဖွင့်လှစ်ရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းရန်၊ ခရီးသွားလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်စနစ် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ကန်ပက်လက်နှင့် ခိုင်ကမ်းမြို့ စသည့်ဝင်ပေါက်နေရာများတွင် Tourist Information Counter များ ဖွင့်လှစ်ရန်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်ရန်၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများဆောင်ရွက်ရန်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် ကောင်းမွန်သောပုံရိပ်ကို မထိခိုက်စေသော ခရီးသွားလုပ်ငန်းဖြစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရေး စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုံလောက်သော ဘဏ်ချေးငွေရရှိနိုင်ရေး အပါအဝင် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်နိုင်စေရေးအတွက် လိုအပ်သည့် ဖြေလျှော့မှုများဆောင်ရွက်ရန်၊ အော်ဂဲနစ်စိုက်ပျိုးရေးအပါအဝင် ဝင်ငွေရသီးနှံများတိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကူညီပံ့ပိုးရန်၊ ရိုးရာဂျပ်ခုတ်လုပ်ငန်းအပါအဝင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ပေးရန်၊ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် သဘာဝနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန်၊ အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ရိခေါဒါရ်၊ စာစီချောင်နှင့် မြိတ်ဝတို့တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ရန်၊ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားများ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန်၊ ချင်းပြည်နယ်ဖွံ့ဖြိုးရေးသုတေသန (Chin State Development Research Centre- CSDRC) တည်ထောင်ဖွင့်လှစ်ရန်၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းများအပါအဝင် စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်မည့် ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ရန် စသည်တို့ကို ငါးနှစ်အတွင်း ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူများကိုချပြအကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ “ချင်းပြည်နယ်မှာ ပြည်ပခရီးသွား ခုဆိုရင် ထောင်ဂဏန်းလောက်ပဲရှိသေးတယ်။ အထူးသဖြင့် ကန်ပက်လက် နတ်မတောင်ဘက်သွားတာက ပိုများတာတယ်။ ဖလမ်း၊ ဟားခါး၊ တီးတိန်ကတစ်ဆင့် ရိဒ်ရေကန်ဘက်သွားတာက တော်တော်လေးနည်းနေသေးတယ်။ အဓိကကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ တည်းခိုနေထိုင်ရေး အခက်အခဲပြဿနာ အားနည်းတာတွေကြောင့်ပေါ့။ နောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးတွေကောင်းလာမယ်၊ ဟိုတယ်တွေ အဆင့်မီမီ ရှိလာမယ်ဆိုရင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့များပါတယ်”ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်အောင်ထွန်းက ပြောသည်။

ချင်းပြည်နယ်အစိုးရအနေဖြင့် ယခုငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာလုပ်ငန်းများ လုပ်ဆောင်ရာတွင် ရန်ပုံငွေလိုအပ်ချက်၊ ညွှန်းကိန်းများ စသည်တို့ပါဝင်သော အသေးစိတ်အစီအမံကို သက်ဆိုင်ရာ Stakeholders များ၏ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပြီး အသေးစားနှင့်အလတ်စားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းများလုပ်ဆောင်ရာတွင် အသေးစိတ်အစီမံကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)နှင့် FridrickNaumann Foundation(FNF) တို့၏ ပံ့ပိုးမှုဖြင့် ဆက်လက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

# ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၈ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀.၈၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၁.၀၀' |
| ၃။ | ကင်းတပ်ရေထိန်းတမံ | ကျွန်းလှမြို့ | ၃၈၂၉၅ | ၀.၁၀ |
| ၄။ | ပေကြီးရေလှောင်တမံ | ကန့်ဘလူမြို့ | ၈၁၀၀ | ၁.၉၀ |
| ၅။ | မဟာနန္ဒာကန် | ရွှေဘိုမြို့ | ၁၀၉၅ | ၀.၆၀ |
| ၆။ | မြောက်ယမားရေကူရေလှောင်တမံ | စစ်ကိုင်း-ပုလဲမြို့ | ၁၂၂၉၀၀ | ၁.၃၀ |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း-ကလေးမြို့ | ၅၂၀၀၀ | ၂.၄၀' |
| ၈။ | ပသိရေလှောင်တမံ | ပဲခူး-တောင်ငူ | ၃၀၅၀၀ | ၀.၇၀' |
| ၉။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၁၀။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၆၀' |
| ၁၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၅၀' |
| ၁၂။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀.၈၀' |
| ၁၃။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀.၉၀' |
| ၁၄။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁.၁၅' |
| ၁၅။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၁၀' |
| ၁၆။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၃၀' |
| ၁၇။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၃၀' |
| ၁၈။ | စလင်းရေလှောင်တမံ | မကွေး-စလင်းမြို့ | ၁၃၃၀၀၀ | ၀.၁၀ |
| ၁၉။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄.၉၀' |
| ၂၀။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၉၀' |
| ၂၁။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၅.၈၀' |
| ၂၂။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၇၀' |
| ၂၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၅၀၉၇၀ | ၂.၇၀' |
| ၂၄။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၄၀' |
| ၂၅။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀.၅၀' |
| ၂၆။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀.၃၅' |
| ၂၇။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁.၆၀' |
| ၂၈။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၀.၅၀' |

**(သတင်းစဉ်)**

# တူရကီနယ်စပ်ကို အမြောက်ထိမှန်မှုကြောင့် တူရကီတပ်ဖွဲ့က ဆီးရီးယားကို ပြန်လည်ထိုးစစ်ဆင်

**အန်ကာရာ ဩဂုတ် ၂၃**

ဆီးရီးယားဘက်မှ ပစ်ခတ်လိုက်သည့် အမြောက်ကျည်ဆန်နှစ်တောင့် တူရကီနယ်စပ်မြို့ကို ထိမှန်ခဲ့သည့်အတွက် တူရကီတပ်ဖွဲ့ဝင်များသည် ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်အဖွဲ့သို့ ပစ်မှတ်ထားတိုက်ခိုက်မှုများကို ပြန်လည်စတင်ခဲ့သည်ဟု အန်တီဗွီအသံလွှင့်ဌာနက စစ်ဘက်ဆိုင်ရာမှ သတင်းများကို ကိုးကားလျက်ဖော်ပြခဲ့သည်။

တူရကီတပ်ဖွဲ့က ဆီးရီးယားရှိအိုင်အက်စ်အဖွဲ့စခန်းလေးခုသို့ အမြောက်ပစ်ခတ်မှုပေါင်း ၄၀ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဆီးရီးယားဘက်မှ ဝင်ရောက်လာသည့် မော်တာအမြောက်ပစ်ခတ်မှုသည် တူရကီနိုင်ငံနယ်စပ်ရှိ ကာကမစ်မြို့ကိုထိမှန်ခဲ့သည်။ သို့သော် ထိခိုက်သေကျေပျက်စီးမှုမရှိခဲ့ပေ။

ဆီးရီးယားမြောက်ပိုင်း၌ ဆီးရီးယားသူပုန်များနှင့် အိုင်အက်စ်စစ်သွေးကြွများအကြား ဖြစ်ပွားနေသည့် တိုက်ပွဲများအတွင်း အဆိုပါပစ်ခတ်မှုကို သိသိသာသာလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ကာကမစ်နယ်စပ်မြို့နှင့်ထိစပ်နေသည့် အိမ်နီးချင်းဂျာရာဘလပ်စ်မြို့တွင် တူရကီတို့ ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားသူပုန်များက အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ဖမ်းဆီးရန် ကြိုးပမ်းနေသည်ဟု အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။
**(ရိုက်တာ)**

# တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ပြိုကျ လူခြောက်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**ချန်ဒူ ဩဂုတ် ၂၃**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု မတော်တဆပြိုကျမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး လေးဦးမှာ ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဩဂုတ် ၂၃ ရက်တွင် ပြောခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ပြိုကျမှုသည် ဩဂုတ် ၂၂ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံနှစ်ခုကြားရှိ ဂိတ်တစ်ခုကို ကွန်ကရစ်လောင်းနေစဉ် ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြို့ပြဌာနက ပြောကြားခဲ့သည်။

ဒဏ်ရာရသူများကို ဆေးရုံသို့တင်ပို့ခဲ့ကြောင်း၊ တစ်ဦးမှာ ပြင်းထန်သော ဒဏ်ရာရရှိထားပြီး အခြားသုံးဦးမှာ ပုံမှန်အခြေအနေရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# လူဝီစီယားနားရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ၌ ပြည်သူ ၃၀၀၀ ကျော် သောင်တင်နေဆဲဖြစ်

**ဘာတွန်ရော့တ် ဩဂုတ် ၂၃**

အင်အားပြင်း ဟာရီကိန်းမုန်တိုင်း ကတ်ထရီနာ ဆိုးဆိုးရွားရွား ဝင်ရောက်ခဲ့ပြီးနောက် လူဝီစီယားနားပြည်နယ်တွင် ပြည်သူပေါင်း ၃၀၀၀ ကျော်ကို အရေးပေါ်မုန်တိုင်းကာကွယ်ရေးအဆောက်အအုံများတွင် ယခုတိုင် ကယ်ဆယ်ထားရဆဲဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားကာ ယခုလအစောပိုင်းက လူဝီစီယားနားတောင်ပိုင်းတွင်ရှိသည့် ဒေသန္တရအုပ်ချုပ်ရေးနယ်မြေ ၂၀ ကျော်ရေနစ်မြုပ်ပျက်စီးခဲ့သည်။ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများတွင် ပြည်သူ ၃၀၇၅ ဦးထိ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။ မုန်တိုင်းသင့်ဧရိယာများသို့ လွန်ခဲ့သော တစ်ရက်က သမ္မတအိုဘားမား သွားရောက်ခဲ့သည်။
**(ရိုက်တာ)**



# ဆွီဒင်၌ နေအိမ်တိုက်ခန်းအတွင်းလက်ပစ်ဗုံးကျရောက်ကာ ရှစ်နှစ်အရွယ်ကလေးတစ်ဦးသေဆုံး

**ဂူသန်ဘတ် ဩဂုတ် ၂၃**

ဆွီဒင်နိုင်ငံ ဂူသန်ဘတ်မြို့ရှိတိုက်ခန်းတစ်ခန်းတွင် လက်ပစ်ဗုံးတစ်လုံးဖြင့် တိုက်ခိုက်ခံရပြီး အသက်ရှစ်နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ ဘာမင်ဟမ်မှ လာရောက်သည့်ကလေးငယ် ယူဆဖ်ဝါးစိမ်းသည် ဆွေမျိုးများနေထိုင်ရာဖြစ်သည့် ဘစ်စကော့ပ်ဂါတင် ဧရိယာအတွင်းရှိ နေအိမ်တိုက်ခန်းသို့ အလည်အပတ်လာရောက်ကာ အိပ်ခန်းအတွင်းအိပ်ပျော်နေခဲ့စဉ် ပေါက်ကွဲခဲ့သည်။

စက်ဆုပ်ဖွယ်ရာ ကောင်းသည့် အဆိုပါတိုက်ခိုက်မှုသည် ဒုစရိုက်လောကသားတစ်ဦးနှင့် ပတ်သက်မှုရှိနေနိုင်သည်ဟု ရဲအဖွဲ့က ပြောသည်။

ပြီးခဲ့သည့်နှစ်က သေစေလောက်သည့်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့သည့် ရာဇဝတ်သားတစ်ဦးသည် အဆိုပါဒေသ၌နေထိုင်ခဲ့သည့် မှတ်တမ်းရှိကြောင်း ရဲအဖွဲ့ကဆိုသည်။ လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရချိန်တွင် ကလေးငယ်ငါးဦးနှင့်ဆယ်ကျော်သက်အရွယ်အချို့ပါ တိုက်ခန်းအတွင်းရှိနေခဲ့ကြောင်း သိရသည်။
(ဘီဘီစီ)

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆန်ကာကုကျွန်းနှင့်ပတ်သက်ပြီး ဥပဒေအရဆောင်ရွက်ရန် တရုတ်အား တိုက်တွန်းမည်ဟု မျှော်လင့်



**တိုကျို ဩဂုတ် ၂၃**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှီဒါ သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တိုကျိုမြို့တွင် အစည်းအဝေးကျင်းပရန် မျှော်လင့်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့တွေ့ဆုံပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးက တရုတ်နိုင်ငံခြားရေးဝန်ကြီး အား ဂျပန်ရေပိုင်နက်ထဲသို့ တရုတ်ဘက်မှ သင်္ဘောများဝင်ရောက်လာသည့်ကိစ္စကို ပြောဆိုဆွေးနွေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ဩဂုတ် ၂၄ ရက်တွင် တိုကျို၌တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်မှစကာ နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ချိန်မှစ၍ ဝမ်ယိသည် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံသုံးနိုင်ငံ အပြန်အလှန် ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုပြုစဉ် ကီရှီဒါအနေဖြင့် ဆန်ကာကုကျွန်းနှင့်ပတ်သက်ပြီး သတိပြုရှောင်ကြဉ်ရန် တိုက်တွန်းလိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိများက ပြောသည်။

ဂျပန်နိုင်ငံအနေဖြင့် ဆန်ကာကုကျွန်းကို ထိန်းသိမ်းထားခဲ့ပြီး ယင်းအပေါ် တရုတ်နှင့် ထိုင်ဝမ်တို့က စောဒကတက်လျက်ရှိသည်။ ကီရှီဒါအနေဖြင့် တရုတ်နိုင်ငံအား တောင်တရုတ်ပင်လယ်အရေး နိုင်ငံတကာ ဥပဒေအတိုင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိမ့်မည်ဖြစ်ကြောင်း အရာရှိများက ဆက်လက် ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**



# အမေရိကန်စစ်ဘက်က ဂျပန်နိုင်ငံအီဝါကူနီမြို့တွင် အက်ဖ် ၃၅ ဘီတိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ဖြန့်ကြက်မည်

**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်စစ်ဘက်က အီဝါကူနီမြို့တွင် အက်ဖ် ၃၅ ဘီ တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ဖြန့်ကြက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထိုသို့ ဖြန့်ကြက်ခြင်းသည် အမေရိကန်အနေဖြင့် ယင်းနိုင်ငံအပြင်ဘက်တွင် ပထမဆုံးအကြိမ် ဖြန့်ကြက်ခြင်းဖြစ်ကြောင်း သိရသည်။

အီဝါကူနီမြို့တွင် အက်ဖ် ၃၅ ဘီ တိုက်ခိုက်ရေးဂျက်လေယာဉ် ၁၆ စင်းကို လာမည့်နှစ် ဇန်နဝါရီလနှင့် ဩဂုတ်လတို့တွင် ဖြန့်ကြက်ရန် အမေရိကန်စစ်ဘက်က ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုခေတ်ဖြစ်ထွန်းလာစေရေးတို့နှင့်ပတ်သက်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတို့မှ ဝန်ကြီးများနှင့် Huawei Technologies ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများသည် ဩဂုတ် ၁၉ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Diaoyutai နိုင်ငံတော်ဧည့်ဂေဟာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် Huawei မှ အစိုးရရေးရာ ဥက္ကဋ္ဌ Mr. Jimmy Pang, Huawei Technologies Co., Ltd. (ရန်ကုန်) ၏ CEO ဖြစ်သူ Mr. Zhang Liman, Huawei ၏ ICT planning ကျွမ်းကျင်ပညာရှင်နှင့် Huawei Technologies Co., Ltd. (ရန်ကုန်) မှ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြီးတန်းအရာရှိများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးများ ယခုကဲ့သို့ လာရောက်လည်ပတ်ခြင်းသည် မြန်မာနိုင်ငံအတွင်း စီးပွားရေးကဏ္ဍဖွံ့ဖြိုးမှုကို အားပေးရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရေး စသည့်တူညီသော ရည်ရွယ်ချက်များကို ထက်သန်သောစိတ်ထားတို့ဖြင့် မြန်မာတစ်နိုင်ငံလုံးမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို ပြသလိုက်ခြင်းဖြင့်ကြောင်း Mr. Jimmy Pang က ပြောကြားခဲ့သည်။

“ဝန်ကြီးဌာနအသီးသီးက အကြီးအကဲတွေနဲ့ ခုလိုမျိုး တွေ့ဆုံခွင့်ရပြီး အရေးကြီး ကိစ္စရပ်တွေကို ဆွေးနွေးခွင့်ရခဲ့တဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကလည်း ဆန်းသစ်တဲ့နည်းပညာတွေနဲ့ သတင်းအချက်အလက်စီးဆင်းမှုကို ပိုမိုအားကောင်းစေပြီး ဆက်သွယ်ရေး ပိုမိုကောင်းမွန်တဲ့ ကမ္ဘာလောကကြီးကို တည်ဆောက်ဖို့ တာဝန်သိ ပြည်သူတစ်ဦးအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်” ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ e-government အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ အစရှိသည်တို့ကို ဝန်ကြီးဌာနအသီးသီးတို့နှင့် ပူးပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ် ဇူလိုင်လက ထုတ်ပြန်ထားတဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ မူဝါဒမှာ ဖော်ပြထားတဲ့အတိုင်း မြန်မာအစိုးရအနေနဲ့ Data ID card system၊ ဒီဂျစ်တယ်အစိုးရ မဟာဗျူဟာနဲ့ e-government စနစ်တို့ကို တည်ဆောက်ဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ ယင်းကဏ္ဍများ တိုးတက်လာစေဖို့ အင်တိုက်အားတိုက်နဲ့ အကောင်အထည်ဖော်နေတဲ့ မြန်မာအစိုးရရဲ့ ကြိုးပမ်းမှုများအပေါ် ကျွန်တော်တို့ဘက်ကလည်း ဆန်းသစ်တဲ့နည်းပညာတွေ၊ အားကိုးရတဲ့ ဝန်ဆောင်မှုတွေ၊ ထိရောက်တဲ့ အကြံပေးမှုတွေနဲ့ ဆက်လက်ပြီး ကူညီသွားမှာဖြစ်ပါတယ်” ဟု ဆွေးနွေးပွဲတွင် Mr. Zhang Liman က ပြောကြားခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က “e-government စနစ်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် Huawei ရဲ့ကျယ်ပြန့်တဲ့ အတွေ့အကြုံနဲ့ ပံ့ပိုးမှုတွေက ကျွန်တော်တို့နိုင်ငံအတွက် အရေးပါပါတယ်”ဟု ပြောကြားခဲ့သည်။

“ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပေမယ့် ဒီစိန်ခေါ်မှုတွေကို အခွင့်အလမ်းတွေအဖြစ် ပြောင်းလဲပစ်ရပါမယ်။ မြန်မာနိုင်ငံအနေနဲ့ Huawei ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုနေပြီး e-government ဖွံ့ဖြိုးလာရေးအတွက် Huawei ရဲ့အကောင်းဆုံးနည်းလမ်းတွေကို အဆိုတင်သွင်းမှု အပြင် လျှပ်စစ်နှင့် စွမ်းအင်တို့လို အဓိကကျတဲ့ အခြားကဏ္ဍတွေမှာလည်း Huawei က ပူးပေါင်းဆောင်ရွက်သွားဖို့ စောင့်မျှော်နေပါတယ်” ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားခဲ့သည်။

Huawei သည် “Better Connected Myanmar” ခေါင်းစဉ်ဖြင့် မြန်မာ့ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြီးခဲ့သည့်လက ကြီးမှူးကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး Myanmar Broadband Forum တွင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့သည်။ အဆိုပါပွဲတွင် အိုင်စီတီနယ်ပယ်အသီးသီးမှ အကြီးအကဲများ တက်ရောက်ကာ မြန်မာနိုင်ငံ၌ ကြိုးမဲ့အင်တာနက်စနစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နည်းလမ်းများ ပါဝင်ဆွေးနွေးနိုင်စေရန် ပံ့ပိုးပေးနိုင်ခဲ့သည့်အပြင် Huawei သည် မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ ထွန်းကားလာစေရန် အခွင့်အလမ်းကောင်းများကိုလည်း ကူညီဖန်တီးပေးသည့် မိတ်ဖက်ကောင်းတစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဦးဖေဇင်ထွန်း၊ ဦးသန့်စင်မောင်နှင့် Huawei မှ တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

**သတင်း - တင်မောင်လွင်**
**ဓာတ်ပုံ - ခိုင်ဇာ**

●

# အန္တရာယ်ရှိအစားအစာများရောင်းချမှု စားသုံးသူကာကွယ်ရေးအသင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး အသင်းအနေဖြင့် ကျောင်းမုန့်ဈေးတန်းများတွင် အန္တရာယ်ရှိ အစားအစာများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး တွေ့ရှိပါက သိမ်းဆည်း သတိပေးခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအသင်းမှ သိရသည်။

ယခုနှစ် ဩဂုတ်လ ပထမပတ်တွင် ဘီးလင်းမြို့ရှိ ကျောင်းမုန့်ဈေးတန်းများနှင့် ဈေးများသို့ သွားရောက်စစ်ဆေးရာ FDA မှ တားမြစ်ပိတ်ပင်ထားသည့် ဝေဖာမုန့်များအား ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် လိုက်လံသိမ်းဆည်းခဲ့ရကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

လတ်တလောတွင် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးအသင်းသည် ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများသို့ သွားရောက်စစ်ဆေးရာ၌ စားသုံးသူရေးရာဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ အကူအညီများကို ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ဆင်ခြေဖုံးဒေသများတွင် သက်တမ်းကုန်ဆုံးသည့် မုန့်များ၊ အရောင်အဆင်းပျက်ပြယ်နေသည့်မုန့်များ၊ နီနီရဲရဲဆိုးဆေးသုံးထားသည့် အစားအသောက်များကို ရောင်းချမှုရှိနေသေးကြောင်း၊ မြို့နယ်တချို့တွင်လည်း ငါးခြောက်များတွင် ယင်မနားဆေးများနှင့် မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်များတွင် တာရှည်အထားခံရန်အတွက် ကင်ဆာရောဂါဖြစ်ပွားစေသည့် ဖော်မလင်များ သုံးစွဲနေသေးကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းမှ သိရသည်။

“မုန့်ဟင်းခါးဖတ်တွေ၊ခေါက်ဆွဲဖတ်တွေ၊နန်းကြီးဖတ်တွေမှာ ဖော်မလင်သုံးတာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းကတွေ့ရတယ်။ လုပ်ငန်းရှင်တွေကိုယ်တိုင်ကလည်း ဝန်ခံတယ်။ အလုပ်သမားတွေကလည်း သတင်းပေးတာတွေရှိတယ်။ နယ်တွေမှာလည်း ဖြစ်နေတယ်” ဟု ပြောသည်။



ဖော်မလင်ဆေးများသည် ဆေးကျောင်းများတွင် လူသေကောင်များ မပုပ်အောင် သုံးစွဲသည့်ဆေးများဖြစ်ကြောင်း၊ ပုပ်အဲ့အဲ့အနံ့ရှိပြီး များများရှူမိပါက အဆုတ်ကင်ဆာ ဖြစ်ပွားနိုင်ကြောင်း၊ အန္တရာယ်အလွန်ကြီးမားကြောင်းအသင်းဥက္ကဋ္ဌက ပြောသည်။

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းအနေဖြင့် မသင်္ကာဖွယ် အစားအသောက်များတွေ့ရှိပါက အသေးစားစက်မှုလက်မှုဓာတ်ခွဲခန်းနှင့် ကုန်သည်စက်မှုအသင်းချုပ် ဓာတ်ခွဲခန်းများတွင် စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ တချို့အစားအသောက်များသည် မျက်မြင်ဖြင့် ခွဲခြားစစ်ဆေး၍ရကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈ တွင် တားမြစ်ထားသည့် အစားအသောက်များအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါက ငွေဒဏ်နှင့် ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ဆိုသည်။

“သက်ဆိုင်ရာ ဥပဒေထုတ်ထားတဲ့ အဖွဲ့အစည်းတွေကလည်း အရေးယူမှုမရှိဘူး၊ ပညာပေးမှုတွေလည်း အားနည်းတယ်။ ဒီမှာက ပညာပေးရုံနဲ့လည်း မရဘူး၊ ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်နဲ့ အရေးယူမှုရှိမယ်”ဟု ၎င်းက ပြောသည်။

ကုလသမဂ္ဂမှ စားသုံးသူအခွင့်အရေး (၈)ချက်ပြဋ္ဌာန်းသတ်မှတ်ထားကြောင်း၊ အင်္ဂလန်နိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ ဖွဲ့စည်းထားကြောင်း၊ ဝန်ဆောင်မှုပေးရသည့်လုပ်ငန်းအားလုံးသည် စားသုံးသူအခွင့်အရေးနှင့် သက်ဆိုင်ကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းမှ သိရသည်။

“ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချမယ်ဆိုရင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူတွေအနေနဲ့ မိမိနဲ့မိမိမိသားစုစားသုံးရဲမှ ပြည်သူကို ဖြန့်ပါ။ ကိုယ်တိုင်မစားသုံးရဲဘဲ စားသုံးသူကို မဖြန့်ဖို့ မေတ္တာတရားထားဖို့ မေတ္တာရပ်ခံပါတယ်။ စားသုံးသူက ကျေးဇူးရှင် ဖြစ်တဲ့အတွက် စေတနာထားပါ”ဟု ဦးဗအုပ်ခိုင်က ပြောသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ တောင်တွင်းကြီး၊ ပခုက္ကူ၊ ကံမ၊ ဘီးလင်း၊ပဲခူးနှင့်ဒိုက်ဦးမြို့များတွင် ရုံးခွဲများ ဖွင့်ထားကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ - စိုးကလျာထိုက်**

■

# အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်

နှစ်စဉ် ကမ္ဘာ့လူဦးရေသန်းနှစ်ထောင်ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲသောက်သုံးနေကြပြီး သန်း ၈၀ နီးပါးသည် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများခံစားနေရကြောင်း၊ လူငယ်အမျိုးသား အမျိုးသမီးများသည်ပင် အရက်ဆိုင်ထိုင်ကာ အရက်သောက်သုံးမှုများကို တွေ့ရှိရကြောင်း၊ အရက်သောက်သုံးမှုကြောင့် နောက်ဆက်တွဲဖြစ်ပွားသော ရောဂါများအပြင် မတော်တဆထိခိုက်မှုဖြစ်ပွားခြင်းကြောင့် သေဆုံးမှုပိုမိုများပြားခြင်း၊ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများ ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စစ်တမ်းများအရ တွေ့ရှိရသည်။

အရက်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာဖြစ်သော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်း စိတ်ရောဂါများဖြစ်ပေါ် နိုင်ပါသည်။

ထို့အပြင် အရက်ကြောင့်ဖြစ်သောနောက်ဆက်တွဲ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာဖြစ်သော အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကိုဆင်ခြင်မှုကင်းမဲ့စွာပြုမူခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကို သတ်သေရန်ကြိုးစားခြင်းနှင့်သတ်သေခြင်း၊ သံသယလွန်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ ညအိပ်မပျော်ရောဂါရရှိခြင်း၊ မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း၊ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းနှင့် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့မနေရခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန် လိုအပ်သကဲ့သို့ အရွယ်မရောက်သေးသူများ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်းမပြုလုပ်စေရန်နှင့်မသောက်သုံးစေရန်လည်း လိုအပ်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ မဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှ လုံးဝရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ စွဲလမ်းစွာသောက်သုံးခြင်းမှရှောင်ကြဉ်ရန်နှင့် အရက်စွဲရောဂါဖြစ်နေပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍စနစ်တကျ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မင်္ဂလာဒုံ လေးလောင်းပြိုင်လူသတ်မှုနှင့်စပ်လျဉ်း၍ သတင်းမှားများထွက်ပေါ်နေပြီး အမှုမှန်ပေါ်ပေါက်ရေး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ်ရပ်ကွက် ကျူးကျော်ကွက်သစ် မြေအေးချမ်းလမ်းသွယ်တွင် နေထိုင်သည့် မိသားစုဝင်လေးဦး ဩဂုတ် ၂၀ ရက်က အသတ်ခံရမှုနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအမှုနှင့် စပ်လျဉ်းပြီး လူမှုကွန်ရက်စာမျက်နှာများနှင့် သတင်းမီဒီယာအချို့တွင် သေဆုံးသူ ကိုစိုးနောင်နှင့် ပတ်သက်ပြီး ဖော်ပြနေသည့်သတင်းများမှာ မှန်ကန်မှုမရှိကြောင်း၊ သတင်းအမှားများ ဖော်ပြနေခြင်းသာဖြစ်ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရှိရသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး လှော်ကားကျေးရွာအုပ်စု စစ်ပင်ဆိပ်ကျေးရွာနေ ဝင်းကိုဦးသည် ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်က လက်နက်မှု၊ လိုင်စင်မဲ့ကား လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးခံခဲ့ရစဉ် အမှုသက်သာစေရေးအတွက် ဆောင်ရွက်ပေးရန် သေဆုံးသူ ကိုစိုးနောင်နှင့် ငွေကြေးကိစ္စ ပတ်သက်မှုရှိခဲ့ကြောင်း သတင်းရရှိသဖြင့် ဩဂုတ် ၂၁ ရက်တွင် ရဲတပ်ဖွဲ့မှ မသင်္ကာ၍ ဝင်းကိုဦးအား ခေါ်ယူစစ်ဆေးရာ သေဆုံးသူနှင့် ပတ်သက်မှုမရှိကြောင်း သိရှိရသည်။

ထို့အတူ လူမှုကွန်ရက်စာမျက်နှာများတွင် သေဆုံးသူ ကိုစိုးနောင်နှင့် ပတ်သက်ပြီး ၎င်းတာဝန်ထမ်းဆောင်စဉ်က ရန်ကုန်ထောက်ကြန့်အဝင်လမ်းတွင် အလုံပိတ်ကားတစ်စီး တားဆီးရာမှ ရပ်တန့်ပေးခြင်းမရှိသဖြင့် ၎င်းနှင့်အတူ တပ်ဖွဲ့ဝင်သုံးဦးတို့က တွဲခိုလိုက်ပါသွားခဲ့ရာ သမိုင်းလမ်းဆုံ မုဒိတာအိမ်ရာအနီးတွင် ကားရပ်တန့်သွားကြောင်း၊ ယင်းကားပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သန်း ပါရှိသည့်အမှုမှာ အကောင်အထည်ပေါ်မလာဘဲ ပျောက်သွားသည့်ကိစ္စနှင့် ပတ်သက်၍ စိတ်နာပြီး ရဲတပ်ဖွဲ့မှ နုတ်ထွက်သွားကြောင်း ဖော်ပြထားသည့်သတင်းမှာလည်း သတင်းအမှားများသာဖြစ်ကြောင်း၊ ဖြစ်စဉ်အမှန်မှာ ၂၀၁၆ ခုနှစ် မတ် ၃ ရက်က မူးယစ်တပ်ဖွဲ့စု (၄၂) နှင့် မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်း၍ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မုဒိတာအိမ်ရာတွင် စောဘာလာစောပါ ခြောက်ဦးတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၄ သိန်း၊ အိုက်စ် ၄၄ ဂရမ်၊ ဘိန်းမည်း ၅၄ ဂရမ်၊ ငွေကျပ် သိန်း ၁၀၀ နှင့် မော်တော်ယာဉ်နှစ်စီးတို့ သိမ်းဆည်းရမိခဲ့သဖြင့် ဘုရင့်နောင်နယ်မြေ ရဲစခန်း (ပ)၂/၂၀၁၆၊ မူးစိတ်ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်ထားသော အမှုတစ်မှုဖြစ်ပြီး အဆိုပါအမှုသည် ဒုရဲအုပ်စိုးနောင် ရဲတပ်ဖွဲ့မှ နုတ်ထွက်သွားပြီးနောက်ပိုင်း ဖြစ်ပွားသော အမှုသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။



လေးလောင်းပြိုင်လူသတ်မှု အမှုမှန်ပေါ်ပေါက်စေရေးအတွက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်း ဦးဆောင်ကာ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်း၊ မှုခင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် အောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် အထူးအမှုစစ်အဖွဲ့မှ ဦးစီးအရာရှိများ လိုက်ပါ၍ အခင်းဖြစ်ပွားသည့် နေအိမ်သို့ သွားရောက် အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက မှုခင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စစ်ဆေးတွေ့ရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ရဲချုပ်ဇော်ဝင်းက အမှုမှန် ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များအား ဆွေးနွေးမှာကြားခဲ့သည်။

အမှုနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် မသင်္ကာသူ သုံးဦးအား ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဖော်ပြပါရှိနေမှုကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့တို့က သတင်းအတည်ပြုရရှိနိုင်ရေးအတွက် စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းနှင့် ပတ်သက်၍လည်း ပြည်သူများမှ တွေ့ရှိပါက ရဲတပ်ဖွဲ့သို့ အကြောင်းကြားပေးရန် မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။

အများပြည်သူစိတ်ဝင်စားသော အဆိုပါ လေးလောင်းပြိုင်အမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က အပူတပြင်း စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အမှုမှန်ဖော်ထုတ်ရရှိပါက အချိန်နှင့်တစ်ပြေးညီ ပြည်သူများသိရှိရန် သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

**သတင်း၊ဓာတ်ပုံ - မင်းသစ်(သတင်းစဉ်)**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။ **(မိုး/ဇလ)**

## နမ့်စန်၌ နမ့်လတ်ချောင်းရေလျှံ၍ အနိမ့်ပိုင်းရှိအိမ်များအတွင်း ရေများဝင်ရောက်

**နမ့်စန် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မိုးများစွာရွာသွန်း၍ နမ့်လတ်ချောင်းရေမြင့်တက်ကာ အမှတ်(၁)ရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ်များအတွင်း ဩဂုတ် ၂၃ ရက် နံနက် ၅ နာရီမှစတင်ကာ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ချောင်းရေလျှံမှုကြောင့် အမှတ်(၁)ရပ်ကွက် ရာစု(၁)နှင့် ရာစု(၂)ရှိ အိမ်ခြေ ၁၅၀ ကျော်အတွင်း ရေများ အမြင့်တစ်ပေမှ နှစ်ပေကျော်ခန့်ထိ ဝင်ရောက်လျက်ရှိပြီး ရေဝင်ရောက်နေသည့်အိမ်များသို့ ခေတ္တတပ်နယ်မှူး ဗိုလ်မှူးကြီး မောင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ နမ့်စန်မြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုကာ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများနှင့် ပူးပေါင်း၍ ရေဝင်သည့်အိမ်များမှ ပစ္စည်းများကို ရေလွတ်ရာသို့ ပြောင်းရွှေ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## ဩဂုတ် ၂၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၅၀၀ မှ ၄၆၀၀၀ |
| ၂။ | ညော့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၂၀၀ မှ ၂၂၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၉၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၃၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၂၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၇၃၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၀၀ မှ ၁၇၅၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ ပျော်ဘွယ်၊ မြင်းခြံ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၅ မှ ၇၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၄၅၀ မှ ၃၆၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၈၀၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၀၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | ကျောက်ဆည် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ |
| ၁၅။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၅၀ |
| ၁၆။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀၀ မှ ၈၀၀ |
| ၁၇။ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၁၅၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။ | | | | | |

## လဟယ်မြို့နယ်၌ ရောဂါဖြစ်ပွားသောကျေးရွာသို့ ပစ္စည်းများထောက်ပံ့လှူဒါန်း

**ခန္တီး ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းသည် နာဂဦးစီးအဖွဲ့ အလုပ်အမှုဆောင်(စီမံ) ဦးလော်ယုံ၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာသံလွင်ထွန်းတို့နှင့်အတူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လန်မကျေးရွာသို့ ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့က သွားရောက်၍ ဒေသခံ နာဂတိုင်းရင်းသားများအား တွေ့ဆုံအားပေးခဲ့ပြီး ဆန် ၄၈ အိတ်၊ ကုလားပဲ ရှစ်အိတ်၊ ဆီကိုးပုံး၊ ငါးသေတ္တာဘူး ၁၆၀၀နှင့် ရေသန့်ဆေးတစ်ဖာ စသည့် စားသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စန်းလွင်ဦး**

## ကသာ၌ လေပြင်းများတိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် နွားသုံးကောင်သေဆုံး

**ကသာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီခန့်က လေပြင်းများ ရုတ်တရက်တိုက်ခတ်ပြီး မိုးကြိုးပစ်သဖြင့် နွားသုံးကောင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းများတိုက်ခတ်ပြီး မိုးကြိုးပစ်မှုကြောင့် ကျောက်ထုံးကြီးအုပ်စု အထက်သဖန်းဒေါင့်ကျေးရွာ၏ တောင်ဘက် တစ်ဖာလုံခန့်အကွာ ဦးရွှေ၏ယာခင်းအတွင်း နွားများလွှတ်ကျောင်းထားစဉ် ဦးထွန်းပိုင်ဆိုင်သည့် ခိုင်းနွားတစ်ကောင်၊ ဦးဟန်ဝင်းဇော်ပိုင်ဆိုင်သည့် ခိုင်းနွားတစ်ကောင်နှင့် နွားမတစ်ကောင် သေဆုံးခဲ့ကြောင်းနှင့် လူအသေအပျောက်မရှိကြောင်း သိရသည်။ **မြင့်ကေခိုင်(ပြန်/ဆက်)**

## မန္တလေး-မူဆယ်လမ်း ဂုတ်တွင်းလမ်းပိုင်း လမ်းပိတ်ဆို့မှုဖြစ်

**ကျောက်မဲ ဩဂုတ် ၂၃**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် ဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့ မိုင်တိုင်(၈၄/၁-၂)ကြားတွင် ဩဂုတ် ၂၃ ရက် နံနက် ၁၀နာရီ မိနစ်၂၀ က ၂၂ ဘီးတွဲကား ဂျိုင်းဆက်ပြုတ်၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မန္တလေးဘက်မှ မူဆယ်ဘက်သို့ ယာဉ်မောင်း ဦးနေဝင်း (၅၃နှစ်) မြင်းခြံမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 4B/----အီဆူဇူး ၂၂ ဘီး နောက်တွဲယာဉ်သည် ခြောက်ထပ်ကွေ့အတက် မိုင်တိုင်(၈၄/၁-၂) အကြားတွင် ဂျိုင်းဆက်ပြုတ်ကာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ အဆိုပါနေရာသို့ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး ချစ်စိန် ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက လမ်းကြောအမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရန် ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**





# ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်ပေါင်းစုံမှ ကျောင်းသားများစုပေါင်းကျင်းပသည့် ပထမအကြိမ် Private Union League Cup 2016 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက YUSC ကွင်း၌ ကျင်းပသည်။

ယင်းပြိုင်ပွဲကို CDC အသင်း၊ GIC အသင်း၊ IMC အသင်း၊ MMC အသင်း၊ MNC အသင်း၊ SCBI အသင်း၊ STIMU အသင်းနှင့် VUC အသင်း စုစုပေါင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် ငွေကျပ်တစ်ထောင်သတ်မှတ်ထားပြီး ရရှိသည့်ကွင်းဝင်ကြေးများကို လတ်တလောကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်တွင် မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်

**မန္တလေး ဩဂုတ် ၂၃**

လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ (KBZ Bank U-19 Cup 2016) အုပ်စု ဒုတိယနေ့ပွဲများကို ဩဂုတ် ၂၄ ရက် (ယနေ့) ညနေပိုင်းတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့အဖြစ် ညနေ ၃ နာရီတွင် ဂျပန်ဒုတိယတန်းကလပ် ဆာပေါရို ယူ-၁၈ အသင်းနှင့် ထိုင်း ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၁၉ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုပွဲမှာ ပြိုင်ပွဲဝင်အသင်းတိုင်းအတွက် အရေးပါလျက်ရှိပြီး ဗိုလ်လုပွဲတက်ရေး အဖြေထွက်သည့်ပွဲများလည်း ပါဝင်လာနိုင်ဖွယ်ရှိနေသည်။ ပထမနေ့ပွဲတွင် အနိုင်ရရှိထားသည့် ဆာပေါရိုအသင်းနှင့် ဗီယက်နမ်အသင်းတို့မှာ ယခုပွဲတွင် နိုင်ပွဲထပ်မံရရှိခဲ့ပါက ဗိုလ်လုပွဲတက်ရောက်ရန် သေချာသလောက် ရှိသွားမည်ဖြစ်ပြီး ရှုံးပွဲကြုံတွေ့ထားသည့် မြန်မာနှင့် ထိုင်းအသင်းမှာလည်း လက်ကျန်မျှော်လင့်ချက်အတွက် အမှားလုပ်၍မရတော့ပေ။

မြန်မာယူ-၁၉ အသင်းသည် ပထမနေ့တွင် ကြိုးစားကစားခဲ့သော်လည်း ဂျပန်ကလပ်အသင်းနှင့် ခြေစွမ်းပိုင်းကွာဟမှုကြောင့် လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သောကြောင့် ယနေ့ယှဉ်ပြိုင်မည့် ဗီယက်နမ်နှင့်ပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ ပြုလုပ်သွားဖွယ်ရှိနေကြောင်း သိရသည်။ မြန်မာယူ-၁၉ အသင်းသည် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခြင်းထက် ကစားသမားများ၏ ခြေစွမ်းနှင့် ကစားကွက်ကို စမ်းသပ်သွားမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ယနေ့တွင် အာဆီယံဒေသတွင်း ပြိုင်ဘက်ဗီယက်နမ်အသင်းနှင့်တွေ့ဆုံနေပြီး ရလဒ်ကောင်း ရယူနိုင်ခြင်း ရှိ၊ မရှိစောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

# (၂၉) ကြိမ်မြောက် ဆီးဂိမ်းအောင်မြင်မှုရရှိရေးအတွက် စားပွဲတင်တင်းနစ် အားကစားသမားများ စခန်းသွင်းလေ့ကျင့်

**နေပြည်တော် ဩဂုတ် ၂၃**

၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံ၌ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရ အမျိုးသား ရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် အားကစားခန်းမ၌ မျိုးဆက်သစ်ပမာဏ လက်ရွေးစင်အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ် အားကစားသမားများ စခန်းသွင်း လေ့ကျင့်မှုများနှင့်ပတ်သက်၍ နည်းပြချုပ် ဦးအောင်ဝင်းက "ကျွန်တော်နဲ့အတူ တွဲဖက်နည်းပြသုံးဦးတို့က အားကစားသမား အမျိုးသားခြောက်ဦး၊ အမျိုးသမီး ခြောက်ဦးတို့ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍ နံနက်တစ်ချိန်၊ ညနေ တစ်ချိန် ခွဲပြီး စခန်းသွင်းလေ့ကျင့်နေပါတယ်။ အားကစားသမားတွေက ရန်ကုန် အား/ကာ သိပ္ပံပညာရေးကျောင်းက ကျောင်းသားတွေဖြစ်တဲ့အတွက် ရန်ကုန်မှာပဲ စခန်းသွင်းနေရတာ ဖြစ်ပါတယ်" ဟု ပြောသည်။ "၂၀၁၆ ခုနှစ် အောက်တိုဘာမှာ မျိုးဆက်သစ် အားကစားသမားတွေကို လေ့ကျင့်ပေးဖို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရုတ်စားပွဲတင် တင်းနစ်နည်းပြတွေနဲ့ စားပွဲတင်တင်းနစ်အားကစားသမားတွေလည်း လာရောက်ပူးတွဲလေ့ကျင့်ပေးမှာဖြစ်ပါတယ်။ ယင်းတရုတ်စားပွဲတင် တင်းနစ်အားကစားသမားများအတူ တရုတ် (တိုင်ပေ)၊ ဂျပန်၊ ထိုင်းနှင့် မလေးရှားအသင်းတွေကို ဖိတ်ခေါ်ပြီး ပြိုင်ပွဲတွေကို အောက်တိုဘာ ၂၉၊ ၃၀ ရက်မှာ ကျင်းပပေးဖို့ရှိပါတယ်"ဟု ၎င်းက ပြောသည်။

**တင်စိုး(မြန်မာ့အလင်း)**




ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဩဂုတ် ၂၃ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ ASIA JUNIOR SPORTS EXCHANGE GAMES 2016 မြန်မာအားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ရန် အသင်းအုပ်ချုပ်သူ အဖွဲ့ခေါင်းဆောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ အသင်းအုပ်ချုပ်သူ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်မြင့်တို့ဦးဆောင်၍ စားပွဲတင်တင်းနစ် နည်းပြနှစ်ဦး ကြက်တောင်နည်းပြနှစ်ဦးနှင့် အားကစားသမား ၁၂ ဦးတို့သည် ဩဂုတ် ၂၂ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်
တင်စိုး(မြန်မာ့အလင်း)


## မုံလယ်ဝါတွင်း ဒုတိယပတ် တရားစခန်းပွဲ

မိုးကုတ်ဝိပဿနာပြန့်ပွားရေး၊ မုံလယ်တောရစမ္မရိပ်သာ အမှတ် (၁) တိုက်ခွဲ၊ ၁၀ မိုင်ကုန်း၊ ပဲခူးမြို့တွင် ဝါတွင်းဒုတိယပတ် (၇) ရက်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၈) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၈) ရက်မှ (၁၄) ရက်အထိ (၂၆-၈-၂၀၁၆) ရက်နေ့မှ (၁-၉-၂၀၁၆) ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများသည် ဘိပ်ရာလိပ်၊ အခင်း၊ အဝတ်စားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ယူဆောင်လျက် (၂၅-၈-၂၀၁၆) ရက်နေ့ နံနက် ၇:၀၀ နာရီထက်မစော ညနေ ၄:၀၀ နာရီထက်နောက်မကျစေဘဲ တရားစခန်းသို့ ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း သာမဏေနှင့် ဒုလ္လဘသီလရှင်များ လက်မခံပါ။ အကြောင်းစုံသိလိုပါက ဖုန်း-၀၉ ၈၆၅၀၉၄၇၊ ၀၉ ၄၂၅၀၁၅၉၁၅၊ ၀၉ ၅၀၇၉၂၄၃၊ ၀၉ ၂၅၂၄၀၃၂၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### မော်လမြိုင်ပညာရေးကောလိပ်

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ မော်လမြိုင်ပညာရေးကောလိပ်တွင် ဖော်ပြပါပရိဘောဂလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူများ အောက်ပါအတိုင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆောင်ရွက်မည့်လုပ်ငန်း** - ၆'×၃'×၁ ၁/၂'ခုတင်(၈၀)လုံး
**လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၅-၈-၂၀၁၆ရက်
**လျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၈-၂၀၁၆ရက်

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**မော်လမြိုင်ပညာရေးကောလိပ်**

## ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်)
## ဖွင့်ပွဲအခမ်းအနားဖိတ်ကြားလွှာ

ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ရာ ဖွင့်ပွဲသို့ စေတနာရှင်၊ အလှူရှင်များတက်ရောက်နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(က) **နေ့/ရက်** - ၂၀၁၆ခုနှစ် ဩဂုတ် ၂၄ရက်
(ခ) **မင်္ဂလာအချိန်** - နံနက် ၉နာရီတိတိ
(ဂ) **နေရာ** - ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)
ရွှေကြာပင်လမ်းနှင့်မြတ်မင်္ဂလာလမ်းထောင့်၊ ဒက္ခိဏသီရိမြို့နယ်

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြမည့်စေတနာရှင်၊အလှူရှင်များအနေဖြင့် ရိပ်သာအုပ်ချုပ်ရေးမှူးများ ဖုန်း-၀၉-၄၄၈၅၃၅၁၁၁၊ ၀၉-၉၇၀၉၅၄၅၇၇၊ ၀၉-၉၇၄၃၀၆၀၅၃၊ ၀၉-၂၁၃၃၁၄၂တို့သို့ ၂၀၁၆ခုနှစ် ဩဂုတ် ၂၀ရက်နေ့ထက် နောက်မကျဘဲ ပြန်ကြားစာရင်းပေးကြပါရန်နှင့် မော်တော်ယာဉ်ဝင်ခွင့်ကတ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်များတွင် ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူးများထံ လာရောက်ထုတ်ယူနိုင်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ မချိုဇင်ခိုင် (G-10) ၏ဖခင် ဦးဘသောင်(ခ)ဦးဘမောင်း ၅/ဟမလ(နိုင်)၁၀၄၇၀၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဘသောင်(ခ)ဦးဘမောင်း**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှ မစိုးစန္ဒီ (G-11)နှင့် မအဉ္ဇလီငြိမ်း (G-10)၊ မောင်ခန့်ဇော်သက် (G-8)၊ မယဉ်မွန်မြင့် (G-6)တို့၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းဆွေ ၅/ဟမလ(နိုင်)၀၇၉၄၁၇ဖြစ်ပါကြောင်း။
**ဦးဇော်မင်းဆွေ**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထကကျောင်းမှမစိုးယုစံ(G-11)နှင့် မောင်အောင်စိုးဖြိုး (G-7)၊ မောင်မော်ကွန်းစိုး (G-4)တို့၏ဖခင်အမည်မှန်မှာ ဦးငွေလင်း ၅/ဟမလ(နိုင်)၀၃၆၆၅၅ဖြစ်ပါကြောင်း။ **ဦးငွေလင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အထကဒီပဲယင်းနဝမတန်း(က)မှ မောင်သန့်ဇင်ဝင်း၊ သတ္တမတန်း(က)မှ မောင်ကောင်းထိုက်စံနှင့် သတ္တမတန်း(ဂ)မှ မနွေးနွေးစံတို့၏ ဖခင်အမည်မှန်မှာ ဦးမြစိုး ၅/ဒပယ(နိုင်)၀၆၀၉၆၁ ဖြစ်ပါကြောင်း။ **ဦးမြစိုး**

## အမြန်ပြန်လာပါ

မစု ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိသားစုအားလုံး စိတ်ပူနေပါသည်။ လက်ခံထားသူများအား ဥပဒေအရ အရေးယူပါမည်။ **ကိုတင်ထွန်း**

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )
၁၃၇၈ ခုနှစ်၊ လ၊ ရက်
( ၂၀၁၆ ခုနှစ်၊ လ၊ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဤဥပဒေသည် **ပြည်ထောင်စုအစိုးရအဖွဲ့က** အခါအားလျော်စွာ သတ်မှတ်ထားသောစာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်အားလုံးနှင့် အကျုံးဝင်စေရမည်။"

(ခ) ပုဒ်မ ၁၊ ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရမည်။

၃။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **စာမေးပွဲ**ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့က** အခါအားလျော်စွာ သတ်မှတ်သော **အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးသည့်အခါ** ဤဥပဒေအရ စာစစ်အဖွဲ့က စစ်ဆေးသောစာမေးပွဲကိုသော် လည်းကောင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့က** အဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော် လည်းကောင်း ဆိုသည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) **သင်ရိုးမာတိကာ** ဆိုသည်မှာ စာစစ်အဖွဲ့က ကျင်းပစစ်ဆေးမည့် စာမေးပွဲများအတွက် **ပြည်ထောင်စုအစိုးရအဖွဲ့က** သတ်မှတ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ ရေးဆွဲ၍ စာစစ်အဖွဲ့မှပြဋ္ဌာန်းထားသော ဘာသာရပ်များ၏ သင်ခန်းစာ အသေးစိတ်အစီအစဉ်ကို ဆိုသည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၄) ၏နောက်တွင် ပုဒ်မခွဲငယ် (၅) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၅) **နည်းပညာတစ်ခုခုကို အသုံးချပြီး ဖြေဆိုခြင်း၊**"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၅) ကို ပုဒ်မခွဲငယ် (၆) အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

"(၆) **လူစားထိုး၍ ဖြေဆိုခြင်း၊**"

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၇)၊ (၈)၊ (၉) နှင့် (၁၀) တို့ကို ပုဒ်မခွဲငယ် (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

"(၈) **အဖြေလွှာကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း ပြင်ပအကူအညီဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း သို့မဟုတ် စာမေးပွဲဖြေဆိုပြီးနောက် တစ်နည်းနည်းဖြင့် လဲလှယ်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်း၊**

(၉) **အဖြေလွှာအား ဆုတ်ဖြဲခြင်း၊ စစ်ဆေး၍မရအောင်ဆောင်ရွက်ခြင်းနှင့် အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ ရေးသားထားခြင်း၊**

(၁၀) **စာမေးပွဲခန်း စောင့်ကြပ်သူတစ်ဦးဦး၏ မတရားသောနည်းဖြင့် ပြပေးခြင်း၊ ပြောပေးခြင်း၊ အကူအညီပေးခြင်းကို ရယူဖြေဆိုခြင်း၊**

(၁၁) **မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ မတရားသောနည်းဖြင့် ရယူခြင်း၊**"

(စ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၁၁) ၏နောက်တွင် ပုဒ်မခွဲငယ် (၁၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၁၂) **စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သည့်နည်းလမ်းဖြင့် ဖြေဆိုခြင်း။**"

၄။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေတွင် -

(က) ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ (က) **ပြည်ထောင်စုအစိုးရအဖွဲ့သည်** စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ရန်အတွက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(၁) ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူ -ဥက္ကဋ္ဌ
(၂) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန - အဖွဲ့ဝင်
(၃) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန - အဖွဲ့ဝင်
(၄) ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန - အဖွဲ့ဝင်
(၅) ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပ ပညာရေးဦးစီးဌာန - အဖွဲ့ဝင်
(၆) ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန - အဖွဲ့ဝင်
(၇) ညွှန်ကြားရေးမှူး(ပညာ)၊ အခြေခံပညာဦးစီးဌာန - အဖွဲ့ဝင်
(၈) အစိုးရခန့်ပုဂ္ဂိုလ်များ - အဖွဲ့ဝင်
(၉) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန - အတွင်းရေးမှူး

(ဂ) **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်** စာစစ်အဖွဲ့တွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတစ်ပါး၊ အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ရမည်။"

၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) **ပြည်ထောင်စုအစိုးရအဖွဲ့က** ချမှတ်ထားသော **ပညာရေးဆိုင်ရာမူဝါဒများ၊** ဤဥပဒေအရ **ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကို** စီမံခန့်ခွဲရမည်။"

(ခ) ပုဒ်မခွဲ (က)၏ နောက်တွင် ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ခ) **စာမေးပွဲလုပ်ငန်းအတွက် မေးခွန်းပြုစုခြင်း၊ အမှတ်ပေးစည်းမျဉ်းရေးဆွဲခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ အမှတ်စာရင်းပြုစုခြင်းနှင့် အောင်စာရင်း ထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာဘာသာရပ် ပညာရှင်များပါဝင်သော အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ရမည်။**"

(ဂ) မူလပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဃ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဃ) ၌ပါရှိသော "ပုဒ်မခွဲ (ခ) အရ" ဆိုသည့် စကားရပ်ကို "ပုဒ်မခွဲ (ဂ)အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (စ) ကို (ဆ) ဟုပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဆ)၊ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၃) ရသုံးငွေများကို **ပြည်ထောင်စုအစိုးရအဖွဲ့က** သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပေးသွင်းသုံးစွဲ၍ စာရင်းများ ထားရှိရမည်။"

(စ) ပုဒ်မခွဲ (ဆ)ကို ပုဒ်မခွဲ (ဇ) အဖြစ် ပြန်လည်အမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -

"(ဇ) စာမေးပွဲတစ်ခုခုတွင် -

(၁) မသမာသောနည်းဖြင့် ဖြေဆိုသူကို **စာမေးပွဲဖြေဆိုခွင့်အား** နှစ်ကာလအပိုင်းအခြား သတ်မှတ်၍ **ရပ်ဆိုင်းနိုင်သည်။**

(၂) မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူ တစ်ဦးအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။

(၃) အဖြေလွှာများ စစ်ဆေးရာတွင် မသမာသောသဘောဖြင့် အမှတ်များပိုမိုပေးခြင်း သို့မဟုတ် လျော့နည်းပေးခြင်း၊ အဖြေလွှာများတွင် ထပ်မံဖြည့်စွက်ပေးခြင်းစသော မတရားမှုများပြုသည့် သို့မဟုတ် ယင်းမတရားမှုများပြုသည်ကို အားပေးကူညီသည့် သို့မဟုတ် ယင်းမတရားမှုများပြုသည်ကို တွေ့ရှိသော်လည်း လျစ်လျူရှုသည့် စာဖြေလွှာစစ်ဆေးရန် ကြီးကြပ်သူ သို့မဟုတ် စစ်ဆေးသူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။

(၄) **စာမေးပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်** တာဝန်ပေးအပ်ခြင်းခံရသော **ဝန်ထမ်းများ၏ တာဝန်ပေါ့လျော့မှု သို့မဟုတ် မမှန်မကန်လုပ်ဆောင်မှုများ တွေ့ရှိရပါက အရေးယူရမည်။**"

၆။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ **ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -**

(က) **ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။**

(ခ) **မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။**"

---

# တပြားဆည်ကြီးအတွင်း မိုးရေများဝင်ရောက်ခဲ့၍ ဒေသခံပြည်သူများဝမ်းသာပျော်ရွှင်




**ငါ့သရောက် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဩဂုတ် ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဒေသခံပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် စိုက်ပျိုးရေအတွက် အဓိက မှီခိုအားထားရသည့် အမှတ်(၂) ပျဉ်းပင်ရပ်ကွက်အနီးရှိ တပြားဆည်ကြီးအတွင်းသို့ မိုးရေများ ပြည့်လျှံစွာဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးရေများဝင်ရောက်ခဲ့မှုကြောင့် ယခုအခါ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်မှ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နိုင်တော့မည်ဖြစ်သဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

" အရင်က မိုးမရွာလို့ တပြားဆည်ကြီးမှာ ရေတွေခန်းခြောက်နေတဲ့အတွက် ကျွန်တော်တို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်က စိုက်ပျိုးရေးလုပ်ငန်းရှင်တွေအတွက် စိုက်ပျိုးရေ ခက်ခဲပြီး စိုက်ပျိုးရေးလုပ်ငန်းတွေ ရပ်နားထားရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ခုရွာတဲ့မိုးကျမှပဲ စိုက်ပျိုးရေအတွက် ပြန်လည်ရရှိခဲ့တာပါ။ အခုဆိုရင် ကျွန်တော်တို့ ရပ်ကွက်မှာ စိုက်ပျိုးရေတွေ ပြန်လည်ရရှိလာပြီဖြစ်လို့ စိုက် ပျိုးရေးလုပ်ငန်းရှင်တွေလည်း လုပ်ကိုင်လာကြတော့မှာပါ "ဟု အမှတ်(၂) ပျဉ်းပင်ရပ်ကွက်မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကိုလိုနီခေတ်က စာပေဆုများ

ခင်ဇ(စက်မှု)

**ယနေ့ မြန်မာနိုင်ငံတွင် စာပေနှင့် စပ်လျဉ်း၍ စာပေဆုအတော်များများ ပေးအပ်ချီးမြှင့်လျက်ရှိသည်။ ယင်းကဲ့သို့ စာပေဆုများ ပေါ်များလာခြင်းသည် စာကောင်းပေမွန်များပေါ်ထွက်လာစေရန် ဖန်တီးပေးခြင်းဖြစ်သဖြင့် စင်စစ်စာပေလောကအတွက် အားတက်ဖွယ်ဖြစ်လာပေ၏။**

ယခုကဲ့သို့ စာပေဆုများထွက်ပေါ် လာသကဲ့သို့ ဗြိတိသျှအင်္ဂလိပ်တို့အုပ်စိုးနေစဉ်ခေတ်ကလည်း စာပေဆုများထွက်ပေါ်ခဲ့သည်။ သို့သော် ယနေ့ ခေတ်ကဲ့သို့ ပေါပေါများများတော့မဟုတ်။

## ကိုလိုနီခေတ်ဦးစာပေဆု

၁၈၂၆ ခုနှစ် မှ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ၁၂၂ နှစ်ကာလသည် မြန်မာနိုင်ငံ၏ ကိုလိုနီခေတ်ဖြစ်သည်။ ထိုအချိန်အတွင်းက ထွက်ပေါ်လာခဲ့သော စာပေဆုများကိုလည်း ကိုလိုနီခေတ်ကစာပေဆုများအဖြစ် စာပေသမိုင်းတွင် မှတ်တမ်းတင်ရပေမည်။

## ဆာ- ဂွန်ဂျာဒင်းဆု

ကိုလိုနီခေတ်က စာပေဆုများတွင် အစောဆုံးဆုမှာ "ဆာ -ဂွန်ဂျာဒင်းဆု" ဖြစ်သည်။ ဆာ- ဂွန်ဂျာဒင်းဆု သည် သီပေါမင်း (၁၈၇၈- ၁၈၈၅) ပါတော်မမူမီက ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံ၌ ထွက်ပေါ် လာသောဆုဖြစ်သည်။

၁၈၅၂ ခုနှစ် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အောင်ပွဲခံခဲ့သော ဗြိတိသျှတို့သည် အိန္ဒိယတွင် အသုံးပြုခဲ့ကြသည့်(တရား) ဥပဒေများကို ချိုင်းတွင်ညှပ်ကာ အောက်မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ကြသည်။ သို့သော် တရားစီရင်ရေးနှင့်ပတ်သက်၍ ဗြိတိသျှတို့အဖို့ ပြဿနာပေါ်၍ လာသည်။ ထိုပြဿနာကား အခြားမဟုတ်ပေ။ ရှေးအခါက မြန်မာနိုင်ငံတွင် တရားစီရင်ရေးအတွက် အသုံးပြုလျက်ရှိသော မြန်မာဓမ္မသတ်များသည် အိန္ဒိယပြည်ဖြစ် ဟိန္ဒူဓမ္မသတ်များနှင့်အချို့နေရာတွင် တူညီနေသဖြင့် ဗုဒ္ဓဘာသာမြန်မာဓမ္မသတ်များသည် ဟိန္ဒူဓမ္မသတ်များကို အခြေခံ၍နေသလောဟူသော ပြဿနာဖြစ်သည်။

ထိုပြဿနာကို တိတိကျကျဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်းသို့ ဟိန္ဒူဓမ္မသတ်များ ဝင်ရောက်လာသည်မှစ၍ ပဲခူးနိုင်ငံကို ဗြိတိသျှသိမ်းပိုက်သည့် အချိန်အထိ၊ မြန်မာဓမ္မသတ်များ ဖြစ်ပေါ်တိုးတက်လာပုံစာတမ်းကို ရေးနိုင်သူအား ဆုငွေကျပ် ၁၀၀၀ ပေးမည်ဟု အောက်မြန်မာနိုင်ငံမဟာမင်းကြီးဖြစ်သူ ဆာ- ဂွန်ဂျာဒင်းက ကြေညာခဲ့သည်။

ထိုကြေညာချက်အရ ဒေါက်တာဖိုချမ်မာသည် မြန်မာဓမ္မသတ်များကို လေ့လာဖတ်ရှု သုတေသနပြုကာ စာတမ်းတစ်စောင်ကို ရေးသားတင်သွင်းခဲ့သည်။ ဒေါက်တာဖိုချမ်မာတင်သွင်းသည့် စာတမ်းသည် အထက်ပါပြဿနာကို ကျေညက်ပြေလည်အောင် ဖြေရှင်းနိုင်သော စာတမ်းဖြစ်သဖြင့် ၁၈၈၄ခုနှစ် (သီပေါမင်းပါတော် မမူမီတစ်နှစ်အလို )တွင် ဆာ-ဂွန်ဂျာဒင်း၏ ဆုငွေကျပ် ၁၀၀၀ ကို ဒေါက်တာ ဖိုချမ်မာရရှိခဲ့သည်။

၁၈၈၅ ခုနှစ်တွင် ဒေါက်တာဖိုချမ်မာ၏ စာတမ်းကို အစိုးရပုံနှိပ်တိုက်က စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ စာမျက်နှာ ၁၀၀ ခန့် ရှိသည်။

ဒေါက်တာဖိုချမ်မာသည် ဂျာမန်လူမျိုးဖြစ်သည်။ သို့သော် မိခင်ဘာသာဖြစ်သော ဂျာမန်ဘာသာအပြင် အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ၊ သက္ကတဘာသာတို့ကိုလည်း တတ်ကျွမ်းသည်။ မြန်မာစာပေကိုလည်း ရေးတတ်၊ ဖတ်တတ်အောင် တတ်မြောက်သူဖြစ်သည်။ မြန်မာစာပေအပြင် ချင်းဘာသာဝေါဟာရများကိုလည်း သုတေသနပြုထားသူဖြစ်သည်။

ထိုသို့ဘာသာရပ်အမျိုးမျိုးတို့ကို တတ်မြောက်ကျွမ်းကျင်သော်လည်း အဆိုပါ စာတမ်းကိုကား ဒေါက်တာဖိုချမ်မာသည် အင်္ဂလိပ်လို ပြုစုခဲ့ခြင်းဖြစ်သည်။

ဒေါက်တာ ဖိုချမ်မာသည် ရန်ကုန်ကောလိပ်၌ ပါဠိပါမောက္ခဖြစ်လာ၍ မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘည်းကျောက်စာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။

## ဝေလမင်းသားဆု

၁၉၂၂-၂၃ ခုနှစ်တွင် ပေါ်ပေါက်လာသော စာပေဆုမှာ "ဝေလမင်းသားဆု" ဖြစ်သည်။ အိမ်ရှေ့ဥပရာဇာဘဝဖြင့် တိုင်းခန်းလှည့်လည်လာသော ဝေလမင်းသားသည် ၁၉၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ကိုးရက်တိုင်တိုင် မြန်မာနိုင်ငံ၌ နေထိုင်သွားသည်။

ထိုရက်များအတွင်း ဝေလမင်းသားသည် ရန်ကုန်ယူနီဗာစီတီသို့လည်း ရောက်ရှိလာရာ ရန်ကုန်ယူနီဗာစီတီ ဧည့်ခံကော်မတီက ခမ်းနားကြီးကျယ်စွာ ကြိုဆိုသည်။ "ဝေလမင်းသားနားတော်သွင်း ချောင်း" ကိုလည်းရေးကာ ဝေလမင်းသားအား ဆက်သွင်းကြသည်။

ဝေလမင်းသားအနေဖြင့်လည်း ယူနီဗာစီတီကျောင်းသို့ ၎င်းရောက်ရှိလာသည့်အတွက် အထိမ်းအမှတ်တစ်ခုကျန်ရစ်စေချင်သည်။ ထို့ကြောင့် ရန်ကုန်ယူနီဗာစီတီသို့ ၎င်းရောက်ရှိလာသော အထိမ်းအမှတ်အဖြစ် "ဝေလမင်းသားဆု" အမည်ဖြင့် ငွေကျပ် ၁၀၀၀ တန် စာပေဆုတစ်ဆု နှစ်စဉ်နှစ်တိုင်းပေးရန် ယူနီဗာစီတီဆီးနိတ်အဖွဲ့သို့ ခွင့်ပြုခဲ့ပေသည်။

ယင်းဆုငွေကို-

(က) ပျို့၊ ကဗျာလင်္ကာမြန်မာစာပေအတွက်သော်လည်းကောင်း၊

(ခ) သိပ္ပံပညာတစ်ခုခုကို အခြားဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုသည့်အတွက်လည်းကောင်း ပေးရန်သတ်မှတ်ထား၍ ရန်ကုန်ယူနီဗာစီတီဆီးနိတ်အဖွဲ့ကစိစစ်ရွေးချယ်၍ ပေးရမည်ဖြစ်သည်။ နှစ်စဉ်မတ်လတွင် ပေးရန်ဖြစ်သော်လည်း ယခုနှစ်အတွက် ပေးရန်ဆုကို လွန်ခဲ့သည့်နှစ်ကတည်းက ဆီးနိတ်အဖွဲ့မှ ဆုံးဖြတ်ပြီးစီးထားရမည်ဟု သတ်မှတ်ထားသည်။

အထက်ပါ စည်းကမ်းချက်များအရ မတ်လ၌ နှစ်စဉ်ပေးအပ်လာခဲ့ရာ ဝေလမင်းသားဆုရသော စာအုပ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဆရာပွားဖွဲ့ဆိုထားသော "ဝေလမင်းသားနားသွင်းချောင်း"။

၂။ ဦးနီမြန်မာပြန်ဆိုသော ဂွန်ကောက်၏ "မြို့ဘက်စီရင်အုပ်ချုပ်ရေး"။

၃။ ဦးဘေဖွဲ့ဆို ရေးသားသော "ဝရဇာပျို့"။

၄။ အဂ္ဂမဟာပဏ္ဍိတဆရာမြို့၏ "ပိဋကတ်သုံးပုံမြန်မာပြန်များ"။

၅။ သခင်ဘသောင်း မြန်မာပြန်ဆိုသော ရီနေ့ဇ်၏ "ကမ္ဘာ့ရာဇဝင်ချုပ်"။

၆။ အရှင်အာဒိစ္စဝံသ မြန်မာပြန်ဆိုသော "အသောက ကျောက်စာတော်"။

## သစ္စဝါဒီဋီကာဆု

၁၉၂၆-၂၇ ခုနှစ်လောက်တွင် "သစ္စဝါဒီဋီကာဆု" ဟူသော စာပေဆုပေါ်ပေါက်လာသည်။ ယင်းဆုကို ရန်ကုန်မြို့ ဘားလမ်းရှိ သစ္စဝါဒီ သတင်းစာတိုက်ပိုင်ရှင်မင်းတိုင်ပင်အမတ်သူဌေး ဦးလွန်းကပေးသောဆုဖြစ်သည်။

ဦးလွန်းမှာ ရတနာသုံးပါးကိုလည်း ကြည်ညိုလေးစားသည်။ ပါဠိစာပေနှင့် မြန်မာစာပေကိုလည်း မြတ်နိုးသူဖြစ်သည်။ ထို့ကြောင့်-

(၁) သစ္စဝါဒီ ဟူသော အမည်ဖြင့် သတင်းစာထုတ်ဝေခြင်း၏ အကြောင်းရင်း။

(၂) ထိုသို့ထုတ်ဝေရာ၌ မျှော်လင့်တောင့်တသည့်ရည်ရွယ်ချက်။

(၃) မြန်မာနိုင်ငံအတွင်း သတင်းစာများ စတင်ပေါ်ပေါက်လာပုံ။

(၄) သတင်းစာများကို ပညာရှိများအလေးအနက် အသိအမှတ်ပြုကာ ဖတ်ရှုကြပုံ။

(၅) သတင်းစာများကြောင့် သက်ရောက်လာသော အကျိုးကျေးဇူးများ။

စသည်တို့ စုံလင်စွာပါရှိအောင် "သစ္စဝါဒီစာကိုယ်ပါဌ်" အမည်ဖြင့် ရန်ကုန်မြို့ မြန်မာပညာရှိအသင်းဝင်ပုဂ္ဂိုလ်ကြီးများအား တောင်းပန်ရေးသားစေခဲ့သည်။

ထိုအချိန်က မြန်မာပညာရှိအသင်းကို အဂ္ဂမဟာပဏ္ဍိတဆရာလင်း၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး စသည့်သူများက ခေါင်းဆောင်လျက်ရှိသည်။ ဦးလွန်းတောင်းပန်သည့်အတိုင်း မြန်မာပညာရှိအသင်းကြီးကလည်း "သစ္စဝါဒီတိနာမေန" စသော ဂါထာအဦး ထပ်သည့် "သစ္စဝါဒီစာကိုယ်ပါဌ်" ကို ပါဠိဘာသာဖြင့် ရေးသားပြုစုပေးခဲ့ရာ သူဌေးဦးလွန်းသည် ထိုကျမ်းကို သစ္စဝါဒီသတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့လေသည်။

"သစ္စဝါဒီစာကိုယ်ပါဌ်" အဆုံး၌ပင် သာသနာတွင် ထင်ရှားသည့် ရှေးရှေးဋီကာကျမ်းကြီးတို့၏ ဖွင့်ပုံဖွင့်နည်းအတိုင်း ရေးသားပြုစုပေးရန်နှင့် အကောင်းဆုံးရေးသားပြုစုနိုင်သူအား ရွှေဒင်္ဂါး ၅ ပြားနှင့် ဂုဏ်ထူးဆောင်ရွှေတံဆိပ်ဆုပေးမည်ဟု ထည့်သွင်းဖော်ပြ ကြေညာထားသည်။

ထိုအချိန်က ရေးသားပေးပို့ကြသော ဋီကာကျမ်းများမှာ ထင်သည်ထက်ပို၍ များနေသည်။ ထို့ကြောင့် စာပေကိုမြတ်နိုးသည့် သူဌေး ဦးလွန်း၏ စေတနာမှာလည်း ပို၍တိုးပွားလာသည်ဟု ဆိုသည်။

မူလကြေညာစဉ်က ရွှေဒင်္ဂါး ငါးပြားနှင့် ဂုဏ်ထူးဆောင်ရွှေတံဆိပ်ဆုတစ်ဆုတည်းပေးမည်။ အကယ်၍ ဆုခံယူနိုင်သည့် ဋီကာကျမ်းများ နှစ်ကျမ်း၊ သုံးကျမ်းပေါ်ပေါက်လာလျှင် ရွှေဒင်္ဂါး ငါးပြားကို ခွဲဝေပေးမည်ဟု ဖော်ပြထားသည်။

သို့သော် သူဌေးဦးလွန်း၏ စေတနာတိုးပွားလာမှုကြောင့် တစ်ဆုသာမကတော့ဘဲ ပထမဆုမှ ပဉ္စမဆုအထိ ငါးဆုပေးရန် အောက်ပါအတိုင်း ခွဲဝေသတ်မှတ်လိုက်သည်။ ပထမဆု ရွှေဒင်္ဂါး ငါးပြားနှင့် ရွှေတံဆိပ်၊ ဒုတိယဆု ရွှေဒင်္ဂါးသုံးပြားနှင့် ရွှေတံဆိပ်၊ တတိယဆု ရွှေဒင်္ဂါး နှစ်ပြားနှင့် ရွှေတံဆိပ်၊ စတုတ္ထဆု ရွှေဒင်္ဂါးတစ်ပြားနှင့် ရွှေတံဆိပ်၊ ပဉ္စမဆု × ရွှေတံဆိပ်။

ထို့အပြင် ဆုရရှိသူ ငါးဦးမှ ကျန်ရှိသည့်ပြိုင်ပွဲတွင် ဝင်ရောက်ရေးသားသူ မှန်သမျှကိုလည်း ဖောင်တိန်တစ်ချောင်းစီ ချီးမြှင့်ရန် ဦးလွန်း၏ စေတနာသည် ထက်သန်လှပေသည်။

ထိုစဉ်က သစ္စဝါဒီဋီကာဆု ရရှိခဲ့သူများမှာ- ဦးမေဓာဝီ ပထမဆု၊ ဦးကဝိန္ဒ ဒုတိယဆု၊ ဒေါ်ဓမ္မစာရီ တတိယဆု၊ ဦးသာခိန စတုတ္ထဆု၊ ဦးဇောတိပါလ ပဉ္စမဆုတို့ဖြစ်သည်။

## မဲဇာတောင်ခြေဆု

သစ္စဝါဒီသတင်းစာတိုက် ပိုင်ရှင်သူဌေး ဦးလွန်းကပင် သစ္စဝါဒီသတင်းစာ အပြင် "မဲဇာတောင်ခြေဆု"အမည်ဖြင့် စာပေဆုကိုလည်း ပေးဖူးသေးသည်။ မဲဇာတောင်ခြေဆုမှာ လက်ဝဲသုန္ဒရအမတ်ကြီး၏ မဲဇာတောင်ခြေရတုကို ပါဠိ ဘာသာဖြင့် ပြန်ဆိုနိုင်သူအား ပေးသောဆုဖြစ်သည်။ ဆုငွေမှာ ရွှေဒင်္ဂါးတစ်ပြား ဖြစ်သည်။

မဲဇာတောင်ခြေဆုကို ရရှိသူမှာ "နိုင်ငံအကျိုးကိုလိုလားသော ပုဂ္ဂိုလ်ကြီးတစ်ဦး" အမည်ခံ မန္တလေးမြို့ဆူးခါးတိုက်မှ ဦးဝိသုဒ္ဓဖြစ်သည်။ ထိုဆုရရှိချိန်က ဆူးခါးဦးဝိသုဒ္ဓမှာ နိုင်ငံရေးကြောင့် ထောင်တွင်း၌ ကျရောက်နေဆဲဖြစ်သည်။

ထိုသို့ ဦးဝိသုဒ္ဓမှာ မဲဇာတောင်ခြေဆုရရှိသော်လည်း ရွှေဒင်္ဂါးမရရှိဘဲ ဆုငွေကျပ် ၁၀ သာရရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မဲဇာတောင်ခြေရတုကို စုဏ္ဏိယဖြင့် ပါဠိစီကုံးရန် ကြေညာထားပါလျက် ဂါထာ ၂၀- ဖြင့် ပါဠိစီကုံးထား၍ စည်းကမ်းနှင့် မညီသောကြောင့် ဖြစ်သည်။

ဆူးခါးဦးဝိသုဒ္ဓမှာ ရရှိသောဆုငွေ ကျပ် ၁၀ ကိုလည်း မယူဘဲ မန္တလေး မစိုးရိမ်တိုက်၏နာယကအဖွဲ့ဝင်ဆရာတော်တစ်ပါးဖြစ်သော ပထမ ဦးဉာဏအား လှူဒါန်းခဲ့ပေသည်။ ဤသို့ ဦးဉာဏအားလှူဒါန်းရခြင်းမှာလည်း ထိုဂါထာ ၂၀- ကို အစစ်အမှန်စီကုံးရေးသားသူမှာ ဦးဝိသုဒ္ဓမဟုတ်ဘဲ ဦးဉာဏဖြစ်နေသောကြောင့် ဖြစ်သည်။

> ● **မြန်မာနိုင်ငံအဖို့ ဒီမိုကရေစီအမှောင်ကျချိန်ဖြစ်သည်။ လွတ်လပ်စွာ ရေးသားခွင့်မရှိသည့်အပြင် စက္ကူမင် စသည့်ပုံနှိပ်ပစ္စည်းများလည်း ရှားပါးသဖြင့် စာအုပ်စာတမ်း အထွက်အနည်းဆုံးအချိန်ဖြစ်**
>
> ● **ဤကဲ့သို့ခေတ်ဆိုး၊ အချိန်ဆိုးကြီးထဲ၌ပင် စာပေဆုများ ပေါ်ပေါက်လာရာ ထိုဆုများ ပေါ်ပေါက်လာအောင် ကြိုးပမ်းအားထုတ်သူများ၏ စေတနာကို ချီးကျူးသင့်လှပေ**

## ကျောင်းသုံးစာအုပ်ဆု

၁၉၂၆ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၉) ဖြစ်သည်အထိ အခါအားလျော်စွာပေးသော စာပေဆုတစ်ဆုမှာ" ကျောင်းသုံးစာအုပ်ဆု" ဖြစ်သည်။ ကျောင်းသုံးအတွက် အကောင်းဆုံးစာအုပ်ကို ရွေးချယ်စိစစ်ပေးသောဆုဖြစ်သည်။

ဆုငွေမှာ ကျပ် ၁၀၀၀ ဖြစ်၍ မြန်မာနိုင်ငံအစိုးရကိုယ်တိုင်ကပေးသောဆုဖြစ်သည်။ မူလပထမဆုငွေကို ကျပ် ၁၀၀၀ ဟု ကြေညာထားသည့်အတိုင်း ပေးခဲ့သော်လည်း၊ နောက်ပိုင်းတွင်ကာ ငွေရေးကြေးရေးကျပ်တည်းခြင်းကို အကြောင်းပြကာ ၇၅ ကျပ်အထိ လျှော့ချလိုက်သည်။

ထိုစဉ်က ကျောင်းသုံးစာအုပ်ဆုရသော စာအုပ်များက-

၁။ ဦးဘစိန် မြန်မာပြန်ဆိုရေးသားသည့် "မူလတန်းကျောင်းဆရာများအတွက် အကြံပေးချက်များ"။

၂။ ဦးကာနှင့် ဦးဘိုးသုံတို့ မြန်မာပြန်ဆိုရေးထားသော အိုဝင်နှင့် ဒေး၏ "မူလတန်းဂဏန်းသင်္ချာ"။

၃။ ပင်ရှင်အငြိမ်းစားအရေးပိုင် ဦးဘအေး (ဘီအေ၊ ကေအက်စ်အမ်၊ အေ-တီအမ်)ရေးသားပြုစုသော "ပြည်ရေးပြည်ရာ" တို့ဖြစ်သည်

## စာရေးဆရာအသင်းဆု

ဒုတိယကမ္ဘာစစ် [၁၉၃၉-၁၉၄၉] ကြီးဖြစ်ပွားလျက်ရှိသော ဂျပန်ခေတ်တွင် မြန်မာနိုင်ငံအဖို့ ဒီမိုကရေစီအမှောင်ကျချိန်ဖြစ်သည်။ လွတ်လပ်စွာရေးသားခွင့်မရှိသည့်အပြင် စက္ကူ၊ မင်စသည့်ပုံနှိပ်ပစ္စည်းများလည်းရှားပါးသဖြင့် စာအုပ်စာတမ်းအထွက်အနည်းဆုံးအချိန် ဖြစ်သည်။

ဤကဲ့သို့ခေတ်ဆိုး၊ အချိန်ဆိုးကြီးထဲ၌ပင် စာပေဆုများ ပေါ်ပေါက်လာရာ ထိုဆုများ ပေါ်ပေါက်လာအောင် ကြိုးပမ်းအားထုတ်သူများ၏ စေတနာကို ချီးကျူးသင့်လှပေသည်။

ဂျပန်ခေတ်၌ ပေါ်ပေါက်လာသောစာပေဆုများမှာ "စာရေးဆရာအသင်းဆု"၊ "ပါဠိဘာရတီအစည်းအရုံးဆု"၊ "ဂရိတ်တာအေရှဆု" စသည်တို့ဖြစ်သည်။

၁၃၀၄ ခုနှစ် ဝါခေါင်လဆုတ် ၁၄ ရက် [၁၀-၈-၁၉၄၂] နေ့တွင် ရန်နိုင်ဈေး(ယခုဗိုလ်ချုပ်ဈေး) အထက်ထပ်ရှိ ကျန်းမာရေးပြတိုက်ခန်း၌ စာရေးဆရာပေါင်း ၇၀ ကျော်တို့ဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းကို စတင်ဖွဲ့စည်းခဲ့သည်။ ဂျပန်ခေတ်အောက်တွင် ဖွဲ့စည်းထားလင့်ကစား ထိုစဉ်က စာရေးဆရာအသင်းမှာ ဂျပန်ခေတ်အောက်နှင့်မလိုက်အောင် စာပေလှုပ်ရှားမှုများ ပြုလုပ်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

ထို့ကြောင့်လည်း စာရေးဆရာအသင်း၏ (၂၁)ကြိမ်မြောက် အလုပ်အမှုဆောင်အစည်းအဝေးမှ ၁၃၀၅ ခုနှစ်(၁၉၄၃ ခုနှစ်) အတွင်း ထွက်သမျှ စာအုပ်များထဲမှ အမျိုးအမည် ငါးမျိုးခွဲခြား၍ အကောင်းဆုံးစာအုပ်များကို ရွေးချယ်ဆုပေးရန် ကြေညာခဲ့သည်။ အမျိုးအစားငါးမျိုးမှာ- ဝတ္ထုဆု၊ ပြဇာတ်ဆု၊ ရာဇဝင်ဆု၊ သိပ္ပံပညာဆု၊ နိုင်ငံရေးဆုတို့ဖြစ်သည်။

အမျိုးအစားတစ်ခုအတွက် ဆုငွေမှာ ငွေကျပ် ၅၀၀ စီသတ်မှတ်ထားသည်။ ထိုဆုငွေများအတွက် စေတနာရှင်များလည်း ပေါ်၍လာခဲ့ရာ ပြဇာတ်ဆု ငွေကျပ် ၅၀၀ ကို သခင်နု [၁၉၀၇-၁၉၉၅] လှူဒါန်းရန်၊ သိပ္ပံပညာဆု ငွေကျပ် ၅၀၀ ကို နေပြည်တော် သွင်ကုမ္ပဏီပိုင်ရှင် ဦးဘသွင်က လှူဒါန်းရန် တာဝန်ယူခဲ့ကြသည်။

ထိုစဉ်ကစာရေးဆရာအသင်း၏ဝတ္ထုဆုကို "ဓား" ဝတ္ထုရေးစာရေးဆရာမင်းဆွေ [၁၉၁၀-၁၉၄၉] က ရရှိခဲ့သည်။

## ပါဠိဘာရတီအစည်းအရုံးဆု

ဂျပန်ခေတ်တွင် ပါဠိစာပေပြန်လည်ထူထောင်ရေး၊ ပါဠိစာပေပြန်လည်ဆန်းသစ်ရေးအတွက် အများဆုံးလှုပ်ရှားခဲ့သော ပါဠိဘာရတီအစည်းအရုံးကလည်းစာပေဆုပေးခဲ့ဖူးသေးသည်။

"ပါဠိစာပေတိုးတက်ကြီးပွားရေးအတွက် ယခုအချိန်၌မည်သို့ ပြုလုပ်ဆောင်ရွက်သင့်သနည်း"ဟူသော ပုစ္ဆာကိုစာအုပ်စာတမ်းတစ်ခုအဖြစ် အကောင်းဆုံးဖြေဆိုနိုင်သူအားဆုငွေပေးရန် ဆုံးဖြတ်ကြသည်။

ဖြေကြားသည့်အဖြေမှာ လုပ်ငန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော်နိုင်ရမည်ဖြစ်သည့်အပြင် ရာဇဝင်ခေတ်နှင့်လည်း တစ်ပြေးညီစွာ အံဝင်ခွင်ကျရှိစေရမည်ဟု စည်းကမ်းချက်ထားရှိခဲ့သည်။

ဂျပန်ခေတ်ပင်ဖြစ်သော်လည်း စေတနာထက်သန်စွာဖြင့် ဖြေဆိုကြသူများသည် မျှော်လင့်သည်ထက်ပို၍ များနေသည်ဟု ဆိုသည်။

ထိုစဉ်က ထိုပါဠိဘာရတီအစည်းအရုံးဆုကို စာရေးဆရာမြင့်ဆွေ [၁၉၁၇-၁၉၉၆] ကရရှိခဲ့သည်။ ဆုရရှိသောစာအုပ်က "ပါဠိပြဿနာ" အမည်ဖြင့် ပါဠိဘာရတီအစည်းအရုံးကပင် စာအုပ်အဖြစ်ထုတ်ဝေပေးခဲ့သည်။

## ဂရိတ်တာအေရှဆု

ဂျပန်ခေတ်၌ ဂျပန်အစိုးရဝါဒဖြန့်ဖြူးရေးဌာန၏လက်အောက်မှ ဂရိတ်တာအေရှသတင်းစာကို ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေခဲ့သည်။ စင်စစ်ဂရိတ်တာအေရှသတင်းစာမှာ ဂျပန်နိုင်ငံထုတ်မိုင်နီချီသတင်းစာတိုက်၏ တိုက်ခွဲဖြစ်၍ အင်္ဂလိပ်လိုထုတ်ဝေသော သတင်းစာဖြစ်သည်။

ထိုဂရိတ်တာအေရှ သတင်းစာတိုက်မှစာပေဆုအဖြစ် ဝတ္ထုပြိုင်ပွဲကျင်းပခဲ့ရာ ရွှေပိန်သောင်း [၁၉၀၈-၁၉၆၁] ရေးသည့် "ဗိုလ်အေရှ" ဝတ္ထုက ပထမရရှိခဲ့သည်။

ထို "ဗိုလ်အေရှ" ဝတ္ထုကို (BO ASIA) အမည်ဖြင့်ပင် ဂရိတ်တာအေရှ၏ အယ်ဒီတာအဖွဲ့ဝင်ဖြစ်သူ ဦးယုမောင်က အင်္ဂလိပ်လိုပြန်ဆိုပြီး ဂရိတ်တာအေရှသတင်းစာ၌ပင် အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သည်။

ဤကား ကိုလိုနီခေတ်ကစာပေဆုများ ဖြစ်ပါသည်။ ။


# နှစ်ပွဲဆက်ရှုံးပြီးနောက် ဆန်းဒါးလန်းအသင်း တန်းဆင်းဇုန်သို့ အမြန်ဆုံးရောက်သွားနိုင်

ပရီမီယာလိဂ်မှာ နှစ်ပွဲဆက်တိုက် ရှုံးနိမ့်သွားတဲ့ ဆန်းဒါးလန်းအသင်း ထောက်ခံသူတွေကို နည်းပြ မိုယက်စ်က ဆန်းဒါးလန်းအသင်းအနေနဲ့ လက်ရှိခြေစွမ်းအတိုင်း သွားမယ်ဆိုရင် တန်းဆင်းဇုန်အတွင်း စောစီးစွာရောက်သွားနိုင်တယ်လို့ သတိပေးစကားပြောဆိုလိုက်ပါတယ်။ ဆန်းဒါးလန်းအသင်းက အရှေ့မြောက်ဖျား ပြိုင်ဘက်အသင်းဖြစ်တဲ့ မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက် ပြောဆိုလိုက်တာဖြစ်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ နှစ်ပွဲကစားရာမှာ တစ်မှတ်မှ မရရှိသေးပါ ဘူး။ ဆန်းဒါးလန်းအသင်းအနေနဲ့ နှစ်စဉ်နှစ်တိုင်း တန်းဆင်းဇုန်အထက်မှကပ်ပြီး တန်းဆင်းလွတ်မြောက်နေမှုကို အဆုံးသတ်ဖို့လိုပြီဖြစ်ကြောင်း နည်းပြသစ်ဖြစ်လာတဲ့ မိုယက်စ်က သတိပေးပြောဆိုလိုက်ပါတယ်။ ဆန်းဒါးလန်းအသင်းအနေနဲ့ လက်ရှိခြေစွမ်းအတိုင်း ကစားမယ်ဆိုပါက တန်းဆင်းဇုန် လွတ်မြောက်ရေးအတွက် စောစီးစွာ တန်းဆင်းဇုန် လွတ်မြောက်ရေး ရုန်းကန်ကြိုးစားရလိမ့်မယ်လို့ မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ်က ဆိုပါတယ်။



# အဲဗာတန်က လိုင်ယွန်တိုက်စစ်မှူးကို ပေါင်ကိုးသန်းပေးပြီး ခေါ်ယူဖို့ကမ်းလှမ်း

အဲဗာတန်အသင်းက လိုင်ယွန်တောင်ပံတိုက်စစ်မှူး ရာချစ်ဂတ်ဇဲလ်အား ပေါင်ကိုးသန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ သို့ပေမယ့် ဆောက်သမ်တန်နဲ့ အပြိုင်ခေါ်ယူသွားရဖို့ ရှိနေပါတယ်။ ဆောက်သမ်တန်ကလည်း ဂတ်ဇဲလ်ကို ခေါ်ယူဖို့ အလိုရှိနေပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ အယ်လ်ဂျီးရီးယား လက်ရွေးစင်ကစားသမား ဂတ်ဇဲလ်ဟာ ညာတောင်ပံတိုက်စစ်မှူး တစ်ဦးဖြစ်ပါတယ်။ သူဟာ ဘယ်တောင်ပံနဲ့ ကွင်းလယ်ကစားသမားအဖြစ်လည်း ကစားနိုင်သူဖြစ်ပါတယ်။ သူဟာပြီးခဲ့တဲ့ရာသီက ပြင်သစ် ထိပ်တန်းကလပ် လိုင်ယွန်အတွက် ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲဗာတန်အသင်းအနေနဲ့ လိုင်ယွန်တိုက်စစ်မှူး ဂတ်ဇဲလ်ကို ပေါင် ကိုးသန်းနဲ့ ခေါ်ယူဖို့ မျှော်လင့်ထားပါတယ်။ အဲဗာတန်အသင်း အနေနဲ့ ယန်းနစ်ဘိုလိုင်ဆီးကို နွေရာသီက ပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့ပြီးနောက် ထပ်မံ အားဖြည့်မှုတစ်ရပ်ဖြစ်ပါတယ်။ ဂတ်ဇဲလ်အနေနဲ့ လက်ရှိ လိုင်ယွန်မြို့မှာ ဆက်နေမလား ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မလားဆိုသည်နှင့် ပတ်သက်ပြီး အမြန်ဆုံး ဆုံးဖြတ်ချက် ချမှတ်ရတော့မှာ ဖြစ်ပါတယ်။





# ယူရိုပါလိဂ်ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်မှာ ဝက်စ်ဟမ်းတို့ နောက်တစ်ဆင့်တက်နိုင်ပါ့မလား

ယူရိုပါလိဂ် play off (ဒုတိယအကျော့)ပွဲစဉ်တွေကို ဩဂုတ် ၂၄ ရက်ညနဲ့ ၂၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အရေးကြီးတဲ့ပွဲစဉ်ဖြစ်လို့ အသင်းတိုင်း သတိထားကစားပြီး အမှားခံတော့မှာမဟုတ်ပါဘူး။ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် အဆုံးအဖြတ်ပေးတော့မှာမို့ ယူရိုပါလိဂ်မှာ အစဉ်အလာရှိတဲ့ အသင်းတွေအတွက်မှတ်တမ်းကောင်း ဆက်လက်ရေးထိုးနိုင်ရေး ခြေကုန်ထုတ်ပြီး ကစားကြရဦးမှာ ဖြစ်ပါတယ်။

**ဝက်စ်ဟမ်းနှင့် အက်စ်ထရာ**

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ အခုပွဲအိမ်ကွင်းမှာ ဝက်စ်ဟမ်းတို့ တိုက်စစ်ဖွင့်ကစားတော့မှာဖြစ်ပါတယ်။ ပထမအကျော့ အက်စ်ထရာကွင်းမှာ ကစားခဲ့စဉ်က အက်စ်ထရာ တိုက်စစ်မှူးတွေက အချိန်ပြည့်ခြိမ်းခြောက်ကာ ဂိုးရရေး အကြိမ်ကြိမ် ထိုးဖောက်ကြိုးစားနိုင်တာတွေ့ရပါတယ်။ အခုပွဲမှာ ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာ ကစားရမှာမို့ ရိုမေးနီးယားကလပ် အက်စ်ထရာကို ကောင်းကောင်းထိန်းချုပ်ကစားပါလိမ့်မယ်။ ဒီပွဲမှာတော့ ဝက်စ်ဟမ်းတို့ကပ်ပြီး အနိုင်ရ အောင်ပွဲခံသွားနိုင်ပါတယ်။

**စိန့်အီတင်းနှင့် ဂျေရုစလမ်**

ဂျေရုစလမ်ကွင်းမှာ ပထမအကျော့ကစားခဲ့ပေမယ့် စိန့်အီတင်းတိုက်စစ်မှူးတွေရဲ့ ထိုးဖောက် ဂိုးသွင်းမှုကို မထိန်းချုပ်နိုင်ခဲ့တဲ့ ဂျေရုစလမ်အသင်းဟာ အခုပွဲမှာလည်း အနိုင်ရလဒ်ကို မျှော်လင့်လို့ မရပါဘူး။ စိန့်အီတင်းရဲ့နည်းဗျူဟာက ဂျေရုစလမ်တို့ကို ထိရောက်တဲ့ လွှမ်းမိုးမှုကို အပြည့်အဝမလုပ်နိုင်ပေမယ့်အဆုံးသတ် သေချာမှုအပိုင်းမှာတော့ စိန့်အီတင်းတို့က အကောင်းဆုံးပုံစံရရှိနေပါတယ်။ ဂျေရုစလမ်တို့ ဒီပွဲမှာ ယူရိုပါလိဂ်ကို နှုတ်ဆက်ရမယ့်အနေအထားပါပဲ။

**ဘိုရီဆော့ဗ်နှင့် အက်စ်တာနာ**

အက်စ်တာနာတို့ ပထမအကျော့မှာ နှစ်ဂိုးပြတ်နိုင်ပွဲရယူထားပါတယ်။ အက်စ်တာနာတိုက်စစ်က ဘိုရီဆော့ဗ်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်သူတွေဖြစ်ပြီး ဂိုးရရှိအောင်လည်း အဆုံးသတ်သေချာတဲ့သူတွေဖြစ်ပါတယ်။ အခုတလော ခြေစွမ်းပိုင်းအရ ဘိုရီဆော့ဗ်တို့ အတက်အကျရှိနေပေမယ့် နိုင်ပွဲရလိုစိတ်ပြင်းပြနေတာမို့ အက်စ်တာနာကို ဂိုးပြတ်သွင်းအောင်ပွဲခံဖို့ အားထုတ်လာပါလိမ့်မယ်။ အကြိုက်က အက်စ်တာနာဖြစ်ပြီး နောက်တစ်ဆင့်တက်လှမ်းသွားပါလိမ့်မယ်။

**စပါတာပရပ်ဂ်နှင့် ဆောင်းဒါးဂျက်**

ပထမအကျော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့လို့ အခုပွဲမှာတော့ ဒိန်းမတ် ယူရိုပါလိဂ်အဝေးကွင်း ရှုံးပွဲမရှိသေးတဲ့ ဒိန်းမတ်ကလပ်ဆောင်းဒါးဂျက်တို့ ခြေကုန်ထုတ်ပါတော့မယ်။ ဒါပေမယ့် ဆောင်းဒါးဂျက်ရဲ့ တိုက်စစ်၊ ခံစစ်က အားရစရာမရှိတာမို့ စပါတာပရပ်ဂ်တို့ ဒီပွဲမှာ အိမ်ကွင်းအားသာမှုနဲ့ အတူ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။

**ဆလိုနီကာနှင့် တီဘီလီစီ**

ပထမအကျော့ အဝေးကွင်းဖြစ်ပေမယ့် ဆလိုနီကာတို့ သုံးဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူခဲ့ပါတယ်။ ဆလိုနီကာတို့က အခုတလော ကစားတဲ့ပွဲတွေအဖြစ် အက်စ်ထရိုမီတို့စ်အသင်းကို အနိုင်ရခဲ့သလို တီဘီလီစီကိုလည်း အနိုင်ယူထားပါတယ်။ အခုပွဲမှာလည်း ဆလိုနီကာ တိုက်စစ်မှူးတွေရဲ့ သွင်းဂိုးတွေနဲ့အတူ နောက်တစ်ဆင့်ကို တက်လှမ်းသွားမှာပါ။

**တီရာနာနှင့် ခရက်နိုဒါ**

ပထမအကျော့မှာ ခရက်နိုဒါတို့ လေးဂိုးပြတ်သွင်းပြီး အောင်ပွဲခံထားခဲ့လို့ အခုပွဲမှာတော့ တီရာနာတို့ အိမ်ကွင်းဆိုပေမယ့် မလွယ်ပါဘူး။ ဆဲလ်ဘတ်ကို နှစ်ကျော့စလုံး ရှုံးထားပြီး ဆက်တိုက်ရှုံးပွဲတွေဆက်နေတဲ့ တီရာနာတို့ အခုပွဲမှာလည်း နိုင်ပွဲရဖို့ ခက်ခဲကာ ယူရိုပါလိဂ်ပွဲကို နှုတ်ဆက်ထွက်ခွာရမယ့် အနေအထားပါပဲ။ ခရက်နိုဒါ တိုက်စစ်မှူးတွေဟာ ပွဲတိုင်းဂိုးသွင်းနိုင်ပြီး ဂိုးသွင်းသေချာသူတွေဖြစ်တာကြောင့် အနိုင်ဆိုတာ ခရက်နိုဒါတို့အတွက်ပဲ ဖြစ်သွားမှာပါ။ ။

■ မိုးမြင့်လင်းလက် ■

# အာဆင်နယ်မှာ နေရာမရတဲ့ ဂျိုးလ်ကင်းဘဲလ် စပိန်တင်းသို့ ပြောင်းပြီ

အာဆင်နယ် တောင်ပံတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂျိုးလ်ကင်းဘဲလ်ဟာ အာစင်ဝင်းဂါးရဲ့ပထမပွဲထွက်စာရင်းမှာ မပါဝင်ခဲ့တဲ့အတွက် ပေါ်တူဂီကလပ် စပိုတင်း လစ္စဘွန်းကို တစ်ရာသီအငှားစာချုပ်နဲ့ ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ကင်းဘဲလ်ဟာ လေးနှစ်တာ အငှားချထားခြင်းခံရပြီး လွန်ခဲ့တဲ့နှစ်က အာဆင်နယ်အသင်းမှာ ပြန်လည်ကစားခွင့်ရခဲ့သော်လည်း ပုံမှန်ကစားခွင့်မရဘဲ ဖြစ်ခဲ့ရပါတယ်။ ယခုအခါမှာတော့ ကင်းဘဲလ်ဟာ ပြီးခဲ့တဲ့ရာသီက ဒုတိယနေရာရခဲ့တဲ့ ပေါ်တူဂီကလပ်ကို ပြောင်းရွှေ့သွားပြီဖြစ်ပါတယ်။ စပိုတင်း လစ္စဘွန်းအသင်းဟာ ၂၀၀၂ ခုနှစ် နောက်ပိုင်း ပထမဆုံးဖလားရဖို့ မျှော်လင့်ထားတဲ့အသင်း ဖြစ်ပါတယ်။ ဂျိုးလ်ကင်းဘဲလ်ဟာ ပြီးခဲ့တဲ့ရာသီက အာဆင်နယ်အသင်းနဲ့ ပွဲပေါင်း ၃၀ ပါဝင်ကစားခဲ့ရာမှာ လေးဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီအထဲမှာ အစပွဲ ၁၁ ပွဲသာ ပါဝင်ကစားခွင့်ရခဲ့တယ်လို့ ဆိုပါတယ်။ တိုက်စစ်မှူး ဂျိုးလ်ကင်းဘဲလ်အနေနဲ့ ခြေစွမ်းပြဂိုးသွင်းယူမှု အားနည်းမှုများရှိနေတဲ့အတွက် အငှားချထားခြင်းဖြစ်နိုင်ပါတယ်။

■ ကောင်းမြတ်သူ - စုစည်းသည်။ ■

# မင်းဘူးမြို့ ဆေးဆိုင်များတွင် စပ်ဆေးရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးမည်

**မင်းဘူး ဩဂုတ် ၂၃**

မင်းဘူးမြို့ရှိ ဆေးဆိုင်အချို့တွင် စပ်ဆေးရောင်းချမှုများရှိနေကြောင်း သတင်းပေးမှုများအရ တရားမဝင်၊ ခွင့်ပြုချက်မရှိသော စပ်ဆေးရောင်းချမှုများ ပပျောက်သွားသည်အထိ ပညာပေးတားဆီးမှုများနှင့် စစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

"ဘယ်နိုင်ငံမှာမှ စပ်ဆေးဆိုတာမရှိပါဘူး။ OTC(Over the counter drugs/ medicine)ဆိုတဲ့ ဆရာဝန် ဆေးညွှန်း၊ ဆေးစာ ပြစရာမလိုဘဲ ဝယ်ယူခွင့်ရှိတာက ခေါင်းကိုက်၊ ပါရာစီတမော အကိုက်အခဲပျောက်ဆေးနဲ့ ဗီတာမင်အားဆေးတွေပဲ ရှိပါတယ်။ ပဋိဇီဝပိုးသတ်ဆေးများ၊ ထိုးဆေးများ အားလုံးဟာ ဆရာဝန်ညွှန်ကြားချက်နဲ့သာ သုံးစွဲရမယ့်ဆေးဝါး(Prescription only Medicine)တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတစ်ခုပဲ စပ်ဆေးဆိုတာ ရှိလိမ့်မယ်။ လူနာရာဇဝင်ကိုအပေါ်ယံမေးမြန်းပြီး တွဲပေး၊ စပ်ပေးတဲ့ဆေးတွေဟာ ကျန်းမာရေးအန္တရာယ်ကြီးမားတဲ့အတွက် သတင်းပေးချက်တွေအပေါ်မှာ စုံစမ်းစစ်ဆေးတာတွေ လုပ်ဆောင်ရမှာပါ။ မကြာခင်မှာ မင်းဘူးမြို့က ဆေးဆိုင်တွေမှာ စပ်ဆေးရောင်းချမှုမရှိအောင် ပညာပေး၊ တားဆီးမှုတွေ လုပ်ဆောင်သွားမှာပါ"ဟု တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

ဆေးဆိုင်များသည် စပ်ဆေးရောင်းချရာ၌ ရောဂါလက္ခဏာအမြန်ဆုံးသက်သာမှု ဆေးကောင်းကြောင်း နာမည်ရကာ ရောင်းရမည်ဖြစ်၍ မပျောက်ပျောက်အောင် ဆေးများကို အဆမတန် စပ်လေ့ရှိကြောင်း၊ အပ်နှင့်ထွင်းရမည့်နေရာ၌ ပုဆိန်ဖြင့် ပေါက်နေသည့်အတွက် ဆေးများ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော ဆေးသောက်ပြီးဗိုက်အောင့်ခြင်း၊ ကော်ဖီရောင်အန်ခြင်း၊ ခြေလက်များဖောလာခြင်း၊ ချွေးစေးထွက်၍ သွေးပေါင်ကျခြင်းများ ခံစားရနိုင်ကြောင်း၊ စပ်ဆေးများကို နှစ်ရှည်လများ သောက်သုံးခြင်းကြောင့် အသက်ငယ်ရွယ်စဉ်မှာပင် ကျောက်ကပ်များ ပျက်စီးနိုင်သကဲ့သို့ စပ်ဆေးများထဲတွင် မတည့်သောဆေးတစ်ခုခု ပါလာပါက ချက်ချင်း ခတ်မတည့်မှု(Anaphylactic Shock)ဖြစ်နိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မင်းဘူးမြို့ ဆေးဆိုင်များတွင် စပ်ဆေးရောင်းချခြင်း ပပျောက်စေရေးအတွက် သက်ဆိုင်ရာခရိုင်ရှိ FDA တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌထံမှ ညွှန်ကြားချက်များ တောင်းခံဆောင်ရွက်ခြင်းတို့အပြင် အခြားနည်းလမ်းပေါင်းစုံဖြင့်လည်း တားဆီးပညာပေးမှုများ၊ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်း မကွေးမြို့ပေါ်၌မှု ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ဆေးဆိုင်များကို စနစ်တကျ စစ်ဆေးကြီးကြပ်ခဲ့ခြင်းနှင့် ဆေးဆိုင်ပိုင်ရှင်များကလည်း ပူးပေါင်းပါဝင်လာခြင်းတို့ကြောင့် စပ်ဆေးရောင်းချမှုများ မရှိတော့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ရေနစ်မြုပ်လယ်မြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပန်းတောင်း ဩဂုတ် ၂၃**

ပြည်ခရိုင် ပန်းတောင်းမြို့နယ်မှ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၆ အုပ်စုတို့တွင် ဇူလိုင်လအတွင်းနှင့် ဩဂုတ်လဒုတိယပတ်အထိ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လယ်မြေများကို အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများစုပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မကြီးထုံးကျေးရွာအုပ်စုအတွင်းရှိ ရေဝင်နစ်မြုပ်လယ်များတွင် ဩဂုတ် ၂၁ ရက်မှစတင်၍ ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ဒေသခံတောင်သူများအနေဖြင့် ပျိုးပင်ရရှိရေးနှင့်အလုပ်သမားရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းသိရသည်။ အဆိုပါတောင်သူများ၏ အခက်အခဲများ အဆင်ပြေစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့မှ တာဝန်ရှိသူများက မျိုးစေ့များပံ့ပိုးပေးထားကာ အခြားလိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

# ဖူလုံစိတ်ချရသော ရေရရှိရေးစီမံကိန်းရေးဆွဲခြင်း(Water Safety Plan) သင်တန်းဖွင့်

**ညောင်ဦး ဩဂုတ် ၂၃**

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိစေရန်ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ချမ်းမြေ့မေတ္တာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဖူလုံစိတ်ချရသော ရေရရှိရေးစီမံကိန်းရေးဆွဲခြင်း(Water Safety Plan) သင်တန်းဖွင့်ပွဲကို ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည်။

ဖူလုံစိတ်ချရသော ရေရရှိရေးစီမံကိန်းသည် ပြည်သူလူထုအတွက် ရေကောင်းရေသန့်ရရှိရေးတွင် သက်သာထိရောက်သော စီမံခန့်ခွဲမှုကို အထူးပြု၍ စိတ်ချရသည့် မူဘောင်တစ်ရပ် ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်ရန်နှင့် ရေ၏အရည်အသွေးနှင့် စိတ်ချရမှုကို တိုးမြှင့်ပေးရန် အလို့ငှာ ထိရောက်၍ ဆောင်ရွက်နိုင်ခြေရှိသော စီမံခန့်ခွဲမှုလုပ်ငန်းများအား မည်သို့အသုံးချရမည်ကို လမ်းညွှန်ပေးမည့်သင်တန်းဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် ပြည်သူလူထုကိုယ်တိုင်စီမံခန့်ခွဲသော စနစ်အားလုံးနှင့် ဆီလျော်ပြီး ပိုက်ရေပေးဝေရေးစနစ်၊ လက်နှိပ်တုံကင်များ၊ သန့်ရှင်း၍ အကာအရံပြုလုပ်ထားသည့် စမ်းတွင်းများ၊ အိမ်ထောင်စုသုံး မိုးရေသိုလှောင်သည့်စနစ်များနှင့် အခြားသော ရေအရင်းအမြစ်များဖြစ်သည့် တစ်နေရာတည်း၌ရှိသော ရေအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရေးအတွက် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ National Consultant ဦးခင်မောင်ရီနှင့် နည်းပြဦးကျော်ဝင်း၊ ချမ်းမြေ့မေတ္တာအသင်းမှ ဒါရိုက်တာ ဦးအောင်မြတ်ကျော်နှင့် ဝန်ထမ်းများ၊ NGO နှင့် INGO များမှ တာဝန်ခံများ၊ မြို့နယ်အတွင်းကျေးရွာအုပ်စုများဖြစ်သော တောင်ဘီလေးကျေးရွာအုပ်စု၊ ဇီးဇမျှင်ကျေးရွာအုပ်စု၊ ဆင်သားမွေးကျေးရွာအုပ်စု၊ ထီးပုကျေးရွာအုပ်စုနှင့် တောင်ဇင်းကျေးရွာအုပ်စုများရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဆွေးနွေးပွဲအသွင်ဖြင့် လေးရက်ကြာပြုလုပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# လူကုန်ကူးမှု တားဆီးရေးနှင့် မြေစာရင်းအကြောင်းအရာများ အသိပညာပေးဟောပြောပွဲပြုလုပ်

**ပင်လောင်း ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ တောင်ယာစပါးဖျက်ကွက်ကာကွယ်နှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မြေစာရင်းဆိုင်ရာများအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပင်လောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သန်းက တောင်ယာစပါးဖျက်ကွက်ကာကွယ်နှိမ်နင်းရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးထွန်းလင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအ ကြောင်းအရာများကိုလည်းကောင်း၊ မြေစာရင်းဦးစီးဌာနမှ ဦးမိုးဝေလင်းက မြေစာရင်းပုံစံ(၇)နှင့် ပတ်သက်သည်များကိုလည်းကောင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၃ ရွာမှ ပြည်သူများအား ဟောပြောခဲ့ကြကြောင်း သိရသည်။

**ခွန်အာကာစိုး(ပင်လောင်း)**



## သတင်းတိုများ

### ရထားရဲနှင့်ပြည်သူများပူးပေါင်း၍ ရေနုတ်မြောင်းတူးဖော်

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အမှတ်(၁၇)ရပ်ကွက် ဇေယျသုခလမ်းဘေးမှ အရှည်ပေ ၅၀၀ ကျော်ရှိရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် တောင်ငူမြို့ ရထားရဲတပ်ဖွဲ့အမှတ်(၁၀)တပ်ခွဲမှ တပ်ခွဲမှူး ဒုရဲမှူး ချစ်ကိုကို ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ မီးရထားဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း ၅၀ ကျော်ဖြင့် ဩဂုတ် ၂၁ ရက်က တူးဖော်ခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများလည်း စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၁၅)**

### ကျေးရွာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျီကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ခိုင်မေတ္တာတစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဦးတင်ဇော်ထွန်း၊ ခရိုင်ပညာရေးမှူး ဦးအောင်ဌေးမြင့်၊ အလှူရှင် ဦးအောင်ခိုင်မင်းမိသားစုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ကျောင်းဆောင်သစ်သည် အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၁၆ ပေရှိပြီး အဆောက်အအုံနှင့်အတူ စာရေးခုံ၊ ထိုင်ခုံ၊ စားပွဲနှင့် ပရိဘောဂများကို စုစုပေါင်း ငွေကျပ် သိန်း ၅၀၀ ကျော် အကုန်အကျခံ၍ ဦးအောင်ခိုင်မင်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

### နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဘုရားသုံးဆူမြို့အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၁၇ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်အုန်းမြင့်က လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောကာ စာဖတ်ဝိုင်းများပြုလုပ်ပေး၍ ကျောင်းသား ကျောင်းသူများအား စာအုပ်များ ငှားရမ်းပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များကိုလည်း ပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မီးသင်္ဂြိုဟ်အဆောက်အအုံ ပုဏ္ဏားကျွန်း၌ဆောက်လုပ်မည်

**ပုဏ္ဏားကျွန်း ဩဂုတ် ၂၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ဒေသလိုအပ်ချက်များအရ မီးသင်္ဂြိုဟ်စက်အဆောက်အအုံတစ်လုံးကို ဓမ္မပါလနာရေးကူညီမှုအသင်းက တည်ဆောက်ရန် စီစဉ်လျက်ရှိပြီး အဆောက်အအုံ ဆောက်လုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို လောကမာရဇိန်ဘုရားကြီး သိမ်တော်၌ ဩဂုတ် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ပုဏ္ဏားကျွန်းမြို့နယ်တွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ သုသာန်မြေဧရိယာအတွင်း မြေမြှုပ်သင်္ဂြိုဟ်ရသည်မှာ မြေနေရာအခက်အခဲရှိလာနိုင်ပြီး ပတ်ဝန်းကျင်ကျန်းမာရေးကိုလည်း ထိခိုက်လာနိုင်သောကြောင့် မီးသင်္ဂြိုဟ်အဆောက်အအုံ ဆောက်လုပ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆောက်အအုံအမျိုးအစားအနေဖြင့် အာရ်စီအဆောက်အအုံဖြစ်ပြီး မီးခိုးခေါင်းတိုင် အမြင့် ပေ ၆၀ ရှိမည်ဖြစ်ကာ ခန့်မှန်းတွက်ချက်မှုအရ ကျပ် ၃၁ ဒသမ ၅၇ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ အဆောက်အအုံအတွက် လှူဒါန်းလိုပါက ပုဏ္ဏားကျွန်းနာရေးကူညီမှုအသင်း မီးသင်္ဂြိုဟ်အဆောက်အအုံ ဖြစ်မြောက်ရေးကော်မတီဝင် ဦးဘဌေး ဖုန်း-၀၉-၄၉၆၇၀၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဓညသူ**

# ရေဘေးရှောင်ပြည်သူများအား အစားအသောက်များလှူဒါန်း

**ကန့်ကြီးထောင့် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ် ၂၀၀ ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးမှ တာဝန်ရှိသူများထံ ဩဂုတ် ၂၁ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် လှည်းကူးမြို့နယ် သရက်ကုန်းကျေးရွာရှိ မြတ်စေတနာပရဟိတ လူငယ်အဖွဲ့ကလည်း ကန်ကြီးထောင့်မြို့ပေါ်မှ ရေဘေးစခန်းသုံးခုရှိ အိမ်ထောင်စု ၁၆၂ စုမှ ရေဘေးရှောင်ပြည်သူ ၆၄၅ ဦးအတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးပိဘူးနှင့် ခေါက်ဆွဲထုပ်များကိုလည်းကောင်း၊ ထောက်ကြန့်မြို့နယ် တိုးချဲ့(၃)ရပ်ကွက်ရှိ အေးရိပ်ငြိမ်ပရဟိတလူငယ်အဖွဲ့ကလည်း ဆန်၊ ငါးပိဘူး၊ ရေသန့်၊ ငါးသေတ္တာနှင့် ဆီများကို လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

# မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**မြင်းမူ ဩဂုတ် ၂၃**

မြင်းမူမြို့နယ် လက်ပန်ကျေးရွာ၌ ဩဂုတ် ၁၆ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးသင့်ပျက်စီးခဲ့သော နေအိမ်လေးလုံးမှ အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဩဂုတ် ၁၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာ ကိုးဆယ်ဆလူမှုကူညီရေးအသင်းနှင့် အလှူရှင်များနှင့် မြင်းမူမြို့နယ် NLD ပါတီတို့ ပူးပေါင်း၍ ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့လှူဒါန်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်နီလာလွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စုများအား ဆန်တစ်တင်းခွဲစီ၊ ဆီဆယ်ပိဿာတစ်ပုံးစီ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ စောင်နှင့် ခေါင်းအုံးများ၊ သွပ် ၂၅ ချပ်စီနှင့် သွပ်သံတစ်ပိဿာစီ၊ ငွေကျပ် ၄၈၀၀၀၀ စီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၇)**

# စပါးမဟုတ်သော အခြားသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးသင့်

**မင်းဘူး ဩဂုတ် ၂၃**

တောင်သူလယ်သမားများအတွက် သီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးရာတွင် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲ ထုတ်ချေးပြီး အခြားသီးနှံများအတွက် ငွေကျပ်နှစ်သောင်းသာ ထုတ်ချေးသဖြင့် အခြားသီးနှံများအတွက် ချေးငွေကိုလည်း တိုးမြှင့်ပေးသင့်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မင်းဘူးခရိုင်ဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မင်းဘူးခရိုင်အတွင်း ယခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများထုတ်ပေးရာတွင် စပါးစိုက်ပျိုးသော တောင်သူများ အနေဖြင့် အပြည့်အဝနီးပါး ရရှိခဲ့ကြောင်း၊ အခြားသီးနှံစိုက် တောင်သူများအနေဖြင့်မူ တစ်ဧကလျှင် ချေးငွေကျပ်နှစ်သောင်းသာ ထုတ်ချေးခွင့်ရရှိခဲ့၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်နှင့် ရရှိသောချေးငွေအချိုးမှာ လွန်စွာကွာဟနေခဲ့ကြောင်း၊ စပါးမှ လွဲသော အခြားသီးနှံစိုက်ပျိုးသည့် ဘဏ်အဖွဲ့ဝင်တောင်သူများ ကိုလည်း တစ်ဧကထုတ်ချေးငွေပမာဏ တိုးမြှင့်ပေးသင့် ကြောင်း မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ် မင်းဘူး ခရိုင်ဘဏ်ခွဲ မန်နေဂျာ ဦးဝင်းဇော်က ပြောသည်။

ချေးငွေပမာဏများမှာလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိခြင်းကြောင့် လက်ရှိတာဝန်ခံဆောင်ရွက်ရသည့် ဘဏ်ခွဲတစ်ခုချင်းမှ ဝန်ထမ်းဦးရေနှင့် လုပ်ငန်းပမာဏမှာ လွန်စွာကွာဟမှုရှိနေ၍ ဝန်ထမ်းအင်အားတိုးချဲ့သင့်ပြီး ဘဏ်ချေးငွေအတိုးနှုန်းထားများကိုလည်း အနည်းဆုံးပမာဏအထိ လျှော့ချထုတ်ချေးပေးသင့်ကြောင်း၊ ချေးငွေသစ်ထုတ်ချေးရန် ခွင့်ပြုရန်ပုံငွေကိုလည်း ဘဏ္ဍာရေးနှစ်စဖြစ်သည့် ဧပြီလမှ စတင်ခွင့်ပြုသင့်ကြောင်းလည်း ခရိုင်ဘဏ်ခွဲမန်နေဂျာက ဆက်လက်အကြံပြုပြောကြားသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ တောင်သူလယ်သမားများအတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခရိုင်ဘဏ်ခွဲ)နှင့် မြို့နယ်ဘဏ်ခွဲငါးခုမှ ထုတ်ချေးပေးခဲ့ရာ ခရိုင်တစ်ခုလုံးအတွက် ချေးငွေများကို ဩဂုတ် ၉ ရက်က ထုတ်ချေးပြီးစီးခဲ့ကြောင်း သိရသည်။

မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို မင်းဘူးခရိုင်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၅၃ ခုမှ အစုအဖွဲ့ ၁၃၃၇၆ ဖွဲ့၊ ဘဏ်အဖွဲ့ဝင် ၃၉၂၆၂ ဦးအတွက် ထုတ်ချေးပေးခဲ့ကြောင်း၊ စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းနှင့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်း ထုတ်ချေးပေးခဲ့ပြီး စပါး ၁၂၃၉၄၃ ဧက၊ နှမ်း ၄၅၅၅ ဧက၊ ပဲတီစိမ်း ၁၃၃၆၃ ဧက၊ ပဲစင်းငုံ ၃၀၆၂ ဧကနှင့် ချည်မျှင်ရှည်ဝါ ၉၄၀၄ ဧက စုစုပေါင်း ၁၉၅၄၂၇ ဧကအတွက် ချေးငွေကျပ်သန်းပေါင်း ၂၀၀၂၀ ဒသမ ၁၃ ကို ထုတ်ချေးပေးခဲ့ပြီး ချေးငွေထုတ်ပေးရန် သတ်မှတ်ကာလထက်စော၍ အပြီးသတ်ထုတ်ချေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**



ဘဏ်ခွဲတစ်ခု၌ ချေးငွေထုတ်ယူရန် စောင့်ဆိုင်းနေသော တောင်သူလယ်သမားများ

## ကျောင်းကုန်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများလှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ကာလတန်ဖိုး ငွေကျပ် ၂၈ သိန်းခန့်ရှိ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် မဟာအောင်ဗောဓိပရဟိတလူငယ်များက ဩဂုတ် ၂၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ကျောင်းကုန်းမြို့နယ် သဘာဝဘေး အန္တရာယ်ကာကွယ်ရေး လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီရုံးသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်စန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်နှင့် ကျောင်းကုန်းမြို့နယ် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များက လက်ခံရယူခဲ့သည်။

ကျောင်းကုန်းမြို့နယ်တွင် ဩဂုတ် ၂၁ ရက်အထိ ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၆၀ မှ ကျေးရွာ ၂၄၀ ရှိ အိမ်ထောင်စု ၁၇၀၀၀ ကျော်၊ လူဦးရေ ၇၀၀၀၀ နီးပါးမှာ ရေဘေးကြုံတွေ့နေရပြီး မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း ၇၄ ခု ဖွင့်လှစ်၍ စောင့်ရှောက်ထားကြောင်း၊ ဩဂုတ် ၂၁ ရက်အထိ ထောက်ပံ့ငွေနှင့်ပစ္စည်းရရှိမှုမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀၅ သိန်း၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ထောက်ပံ့ငွေကျပ် ၁၉၅၀၀၀၊ ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ထောက်ပံ့ငွေကျပ် ၃၄၅၀၀၀၀၊ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၄၁၄၅၀၀၀ နှင့် ဆန်အိတ် ၃၈၈၀၊ ဆီပုံး ၁၃၅၃ ပုံး၊ ရေသန့် ၁၁၉၅ ကတ်၊ ငါး သေတ္တာ ၈၁၈၇၇ ဘူး၊ ပစ္စည်းစုံအိတ် ၄၆၁ အိတ်၊ ခေါက်ဆွဲခြောက် ၁၅၇၅၉ ထုပ် လက်ခံရရှိထားကြောင်း ကျောင်းကုန်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်ထံမှ သိရသည်။

**တင်မောင်ဦး (အလုံ)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ဆိပ်ဖြူ ဩဂုတ် ၂၃**

ဆိပ်ဖြူမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း(မြန်မာ)ဖောင်ဒေးရှင်းနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့မှ ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၂၁ ရက်က လှူဒါန်းခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က အမှာစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက လှူဒါန်းငွေ ကျပ်သိန်း ၅၀၊ ရန်ကုန်မြို့ ရွှေပိတောက်ရိပ်မွန်မှ အင်ဂျင်နီယာဦးညွန့်သိန်း မိသားစုက လှူဒါန်းငွေကျပ် နှစ်သိန်း၊ Wish Club Myanmar အသင်းက လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ရန်ကုန်မြို့ အလှူရှင်များက လှူဒါန်းငွေ ကျပ် ၂၃၀၀၀၀ တို့ဖြင့် ဆန်အိတ် ၂၃၈ အိတ်ကို လှူဒါန်းကြကာ ဧရာဝတီဖောင်ဒေးရှင်းမှ ထပ်မံ၍ ငွေကျပ် ၁၂ သိန်းကျော်တန်ဖိုးရှိ ဆန် ၃၅ အိတ်နှင့် ဆီပီသာ ၇၀ ကို လှူဒါန်းခဲ့သည်။

ဆိပ်ဖြူမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းအတွင်း ဧရာဝတီမြစ်ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်များမှ အိမ်ထောင်စုများနှင့် ကျေးရွာအုပ်စုလေးခုရှိ ကျေးရွာ ၁၀ ရွာနေ အိမ်ထောင်စု ၆၀၀ ကျော်၊ လူဦးရေ ၂၃၀၀ ကျော် ရေဘေးကြုံတွေ့ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ဒေသခံပြည်သူများအား အရင်းအနှီးငွေကြေးထုတ်ချေး

**ခန္တီး ဩဂုတ် ၂၃**

ခန္တီးမြို့ရှိ အောင်သီရိဖောင်ဒေးရှင်းသည် ဒေသအတွင်းမှ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လိုကြသည့် တိုင်းရင်းသားပြည်သူများ၊ အဝေးသင်တက္ကသိုလ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ၊ လယ်ယာလုပ်ငန်းခွင်အတွက် အရင်းအနှီးလိုအပ်သူ တောင်သူလယ်သမားများနှင့် ငွေကြေးအခက်အခဲဖြစ်နေသည့် ဝန်ထမ်းများအတွက် ချေးငွေများကို အနည်းဆုံး ငွေကျပ်သုံးသိန်းမှ ၁၀ သိန်းအထိ သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ မြို့ပေါ်ရပ်ကွက်သုံးခုမှ ပြည်သူများအား ချေးငွေများကို ဩဂုတ် ၂၁ ရက်က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ချေးငွေထုတ်ပေးရာတွင် ကျပ် ၁၀ သိန်း ငါးဦး၊ ငွေကျပ်ကိုးသိန်း ငါးဦး၊ ငွေကျပ်ငါးသိန်း ခုနစ်ဦး စုစုပေါင်း ၁၇ ဦးအတွက် ကျပ်သိန်း ၁၃၀ ကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

အောင်သီရိဖောင်ဒေးရှင်းကို အရင်းမပျောက် မတည်ရင်းနှီးငွေ ကျပ်သိန်း ၈၅၀ ဖြင့် တည်ထောင်ထားပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ချေးငွေအပေါ်မှ နှစ်ရာခိုင်နှုန်းအတိုးဖြင့် ချေးငွေထုတ်ပေးကာ လစဉ်ပထမပတ်အတွင်း အရစ်ကျပေးဆပ်စေပြီး တိုးပွားလာသည့် ရန်ပုံငွေများကိုလည်း ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးလုပ်ငန်းများနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများတွင် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**စန်းလွင်ဦး**

## အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ် ပြည့်ဝမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ဒေသခံပြည်သူများ နေ့စဉ်အသုံးပြုလျက်ရှိသော အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ် ပြည့်ဝမှုရှိ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ မြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းကာ မြို့နယ် စည်ပင်သာယာဈေးအတွင်းမှ ဈေးဆိုင်များ၊ အိမ်ဆိုင်များသို့ လိုက်လံကာ ဩဂုတ် ၂၂ ရက်တွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးကို ရှေးရှုပြီး အာဟာရရက်သတ္တပတ်များလှုပ်ရှားမှု အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်အဖြစ် မြို့နယ်စည်ပင်သာယာဈေးအတွင်း အိမ်သုံးဆားရောင်းချသည့် ဈေးဆိုင်နှင့် မြို့ပေါ်ရပ်ကွက်ရှိ အိမ်ဆိုင်များမှ စားသုံးရန်မသင့်သော၊ အိုင်အိုဒင်းဓာတ် ပြည့်ဝမှုမရှိသော အိမ်သုံးဆားများကို စစ်ဆေးပေးပြီး ဝယ်ယူရောင်းချမှုများ မပြုလုပ်ရန် တာဝန်ရှိသူများက မှာကြားခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**စလင်း ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ပေါင်လောင်ကျေးရွာ ဓမ္မာရုံ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးပြီး ဩဂုတ် ၁၆ ရက်က စတင်ဖွင့်လှစ်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ အလုပ်အကိုင်နှင့် နည်းပညာများရရှိရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ဒုတိယဦးစီးမှူး ဒေါ်သီတာက သင်တန်းဖွင့်ပွဲတွင် အမှာ စကားပြောကြားသည်။ သင်တန်းသို့ ဒေသတွင်း ကျေးရွာများမှ လူငယ် ၁၀ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှု သင်တန်းပို့ချ

**တောင်ငူ ဩဂုတ် ၂၃**

တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများကို ဩဂုတ် ၂၀ ရက်၌ မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာ သင်တန်းကိုပို့ချခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာကိုးရွာမှ မြစိမ်းရောင်ကော်မတီဝင် ၈၆ ဦး တက်ရောက်ခဲ့ပြီး တောင်ငူခရိုင် ကျေးလက်ဒေသဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းလွင်က သင်တန်း၏ရည်ရွယ်ချက်နှင့် သင်တန်းနှင့် ပတ်သက်သည်များကို ပြောကြားခဲ့သည်။

ယင်းနောက် တာဝန်ရှိသူ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ကျောက်ဖရုံသီးအာနိသင်

## ကြည်လွင်မြင့် (မုံရွာ)

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် ကျောက်ကပ်မကောင်းသောရောဂါဖြင့် ပြည်တွင်းအထူးကု ဆရာဝန်ကြီးများပြသနေရာမှ တစ်နှစ်အကြာတွင် ဂေါက်ခေါ်အဆစ်ရောင်ရောဂါပါ ပါဝင်လာသဖြင့် (ငွေကြေးလည်းတတ်နိုင်သူဖြစ်သဖြင့်) စင်ကာပူနိုင်ငံသို့ သွားရောက်ပြသကုသနေရသည်။ ဆေးများ စားနေရသည့်အပြင် လိုအပ်သောသွေးစစ်ချက်များကို စင်ကာပူနိုင်ငံသို့ပို့ပြီး စမ်းသပ်နေရသည်။

လွန်ခဲ့သောရက်ပိုင်းက သူက ဝမ်းသာအားရဖြင့် ဖုန်းဆက်လာသည်။ သူ၏ ကျောက်ရောဂါမှာ ထူးထူးခြားခြားသက်သာပြီဟုဆိုသည်။ သက်သာသည်ဟုပြောရခြင်းမှာ စင်ကာပူနိုင်ငံသို့ပို့၍ စစ်ဆေးရသော သူ၏သွေးစစ်ချက်အဖြေများမှာ တိုးတက်ကောင်းမွန်လာပြီး ကျောက်ကပ်အစားထိုးကုသ ရမည့်ဘေးမှ ကင်းလွတ်သွားပြီး ဆက်၍ အစားအသောက် အနေအထိုင် ဂရုပြုရန်သာလိုသည်ဟု ဆိုသည်။

"သူငယ်ချင်းက တိုင်းရင်းဆေးဆရာကြီးပဲ၊ ငါဘယ်ဆေးနဲ့သက်သာသွားလဲ သိချင်လား . . ." ဟု သူက မေးပါသည်။ စာရေးသူက "ပြောပြပါ . . ." ဆိုမှ သူ၏ အဖြေမှာ "ကျောက်ဖရုံသီးအစွမ်း ပေါ့ကွာ" ဟု ဆိုသည်။ အမှန်ပင် ကျောက်ဖရုံသီးတစ်လုံး အလယ် အူတိုင်ဖယ်၊ အသားများကို ယူပြီး သကြားရည်နှင့်ရောစပ်ပြီး ဖျော်ရည်စက်တွင်ထည့်၍ ဖျော်ရည်လုပ်သောက်ရာမှ ၁၀ ရက်ခန့်တွင် သွေးစစ်ချက်များတိုးတက်လာပြီး တစ်လကျော်ကြာသောအခါ ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိခဲ့ သည်ဟုဆိုသည်။ ထို့အပြင် ကျောက်ဖရုံသီးကို ဟင်းချိုအဖြစ်လည်းချက်ပြီး နေ့စဉ်စားခဲ့သည်ဟု ပြောပါသည်။

ကျောက်ကပ်လဲရမည့်သူတစ်ဦး ပြန်ကောင်းလာသည်ဆိုသဖြင့် ကျောက်ဖရုံသီး၏အစွမ်းထက်သော ဆေးဖက်ဝင်ပုံကို လေ့လာဆန်းစစ်ကြည့်လိုစိတ်များ ဖြစ်ပေါ်လာပါသည်။

ကျောက်ဖရုံသီးကို ဟင်းချိုချက်စားသည်ထက် ဟင်းခါးချက်၍စားသူက ပိုများသည်။ ဟင်းချိုတွင် ငရုတ်ကောင်းမှုန့်အနည်းငယ် ခပ်လိုက်လျှင် ဟင်းခါးဖြစ်သွားသည်။ အသားငါးနှင့် ရောချက်စား၍လည်း ရပါသည်။ ကျောက်ဖရုံယိုသည် အလွန်စားကောင်းပြီး ဩ့သည်များကို တည်ခင်းဩ့ခံလျှင် အမြင်လှသော အချိုစားဖွယ်ဖြစ်သည်။

ရှေးကလူကြီးများ အသက်ကြီးလာလျှင် ဆီးပြဿနာရှိလာသဖြင့် ကျောက်ဖရုံသီးဟင်းချိုကို ပုစွန်ခြောက်၊ ငါးကျည်းခြောက်များဖြင့် ရောချက်ပြီး ဓာတ်စာအဖြစ် စားလေ့ရှိကြသည်။

ကျောက်ဖရုံသီးကို မိုးကြိုးကွင်းသည်ဟူသောအယူအဆဖြင့် အိမ်ခေါင်မိုးပေါ်တွင် တင်ထားသူများ လည်းရှိသည်။ ကျမ်းစာများတွင် မပါသော်လည်း ရှေးအယူအဆအဖြစ် ယုံကြည်သူများက ပြုလုပ်နေကြဆဲဖြစ်သည်။

ကျောက်ဖရုံသီးသည် အပုပ်နံ့ကို စုပ်ယူသည်ဟုယူဆပြီး ရှေးက ၅ ရက်၊ ၇ ရက်ထားသော အသုဘအိမ်များတွင် လူသေကောင်ခြေရင်း (သို့မဟုတ်) အောက်တွင် ကျောက်ဖရုံသီးကို ထား လေ့ရှိသည်။ အချို့က ထက်ခြမ်းခွဲပြီး ဗိုက်ပေါ်မှောက်ထားသည်လည်းရှိသည်။ ထက်ခြမ်းခွဲပြီး အလောင်းအနီးအနားတွင်ထားသည်လည်း ရှိသည်။ အရပ်ဓလေ့အမျိုးမျိုးရှိသည်။ ဤသို့ထားရှိသည်ကိုမြင်ပြီးနောက် အချို့က ကျောက်ဖရုံသီးကို မစားချင်ကြတော့။ အမြင်ကြောင့် အစွဲအလမ်း ဖြစ်ပြီး မစားချင်ဖြစ်သွားပုံရသည်။

အမှန်တော့ ကျောက်ဖရုံသီးသည် ကျန်းမာရေးအတွက်တန်ဖိုးရှိသော အစာဖြစ်သည်။ အထူးသဖြင့် ဆီးနှင့်ကျောက်ကပ်အတွက် အလွန်ကောင်းသည်။ အရွက်၊ အညွန့်၊ အသီး သုံးမျိုးလုံးစားကောင်းသောအသီးမျိုးဖြစ်သည်။ ကျောက်ဖရုံသီးသည် တာရှည်လည်းအထားခံသည်။



ကျောက်ဖရုံသီး၏အထူးဆေးစွမ်းမှာ ဆီးအိမ်ကို သန့်ရှင်းစေသည်ဟု ရှေးဆေးကျမ်းများစွာက ဖော်ပြသည်။

အရှင်နာဂသိန်၏ အခြေပြုဆေးအဘိဓာန်တွင် ကျောက်ဖရုံသီးသည် အားတိုး၊ သုတ်ပွားစေ၏။ ကြေခဲ၏၊ မှည့်သောအသီးသည် ဝမ်းမီး တောက်စေ၏။ ကြေလွယ်၏။ ဆီးအိမ်ကို သုတ်သင်တတ်၏။ သည်းခြေ၊ ဒေါသကို နိုင်၏။ ထို့အပြင် အရူး၊ သွေးလေဖောက်ပြန်သောရောဂါတို့ကိုလည်းနိုင်၏။

ထို့အပြင် နှလုံးငြိမ်စေသောအစာဖြစ်ကြောင်း ကျမ်းစာများတွင် ဖော်ပြသည်ကို လေ့လာတွေ့ရှိရသည်။ ရသာ၊ ဓာတုဆေးကျမ်းတွင် -

ကျမ်းလာမဖောက်၊ သိလျှင်မြောက်စုံ၊ ကျောက်ဖရုံမှု၊ မတူအရေး၊ သွေးနှင့်ယုတ္တံ သင့်ပြန်ခြင်းရာ၊ အားကိုသာလျှင်၊ ပဝတ္တတိ၊ ဖြစ်လေဘိသုံး၊ နှလုံးငြိမ်စေ၊ ဆောင်ရွက်ပေးသည်၊ ညာကြေအံ့၍ မခန်းတည်း . . .။

ကျောက်ဖရုံသီးသည် အပြစ်ကင်းသည့်အသီးမျိုးဖြစ်သည်။ ကျောက်ဖရုံသီးစားပြီး တစ်စုံတစ်ရာဖြစ်သည်ဟု မကြားဖူးပါ။ အသီး၏မျိုးနွယ်မှာလည်း ရုက္ခဗေဒပညာအရ ဘူးသီးမျိုးရင်းဖြစ်၍ ပို၍အန္တရာယ်ကင်းသည်။ တစ်နှစ်ခံနွယ်ပင်မျိုးဖြစ်သည်။ အသီးနှင့်အရွက်တွင် ဘူးသီးထက် ပို၍ အမွေးအမှင်ကြမ်းကလေးများ ပါရှိသည်။ အသီးအရွက်တွင် အမွေးအမျှင်ကလေးများပါရှိခြင်းသည် ဓာတ်သဘောအရ အာကာသဓာတ်ပါရှိသည့်သဘောဖြစ်သည်။ အပိတ်စာ၊ အတက်စာ မဟုတ်။ အပွင့်စာ၊ အသက်စာဖြစ်သည်။

ကျောက်ဖရုံသီးကို ဆေးဖော်စားသဖြင့် ကုသရန်ခက်ခဲသည့် ကျောက်ကပ်ဖောရောဂါ ပျောက်ကင်းသည်ကို လွန်ခဲ့သော ၁၀ နှစ်ခန့်က ကိုယ်တွေ့ တွေ့ဖူးပါသည်။ ကျောက်ကပ်အလုပ် မလုပ်သဖြင့် ဆီးကောင်းစွာမသွားနိုင်ဘဲ ဆီးခုံမှစ၍ အောက်ပိုင်း ခြေနှစ်ဖက်လုံးရောင်ပြီး ခြေခုံနှစ်ဖက်လုံး ဖောင်းကားပြီး စီးနေကျဖိနပ်ပင် မဝင်၊ မဆံ့တော့သောရောဂါမျိုးဖြစ်သည်။ ဆေးဖော်စပ်ပုံကို တင်ပြပါမည်။

ကျောက်ဖရုံသီးအလုံးရင့်ရင့်တစ်လုံးကို ထိပ်ပိုင်းလက်လေးသစ်ခန့်မှ ဖြတ်လိုက်ပါသည်။ အတွင်းမှ အစေ့များပါသောအူတိုင်ကို ဖယ်ထုတ်လိုက်ပါ၊ ထို့နောက် လွတ်သွားသော အလယ် အူကြောင်းတွင် ချွတ်ဆေးမသုံးသည့် သကြားအညိုကို ဝင်ဆံ့သလောက်ထည့်ပါသည်။ ထို့နောက် ဖြတ်ထားသော ထိပ်ပိုင်းကို ပြန်အုပ်ပြီး လက်နှစ်လုံးခန့်ရှိသော ပိတ်စနှစ်ပေခန့်အရှည်တွင် ကွမ်းစား ထုံးကို သုတ်လိမ်းပြီး အသီးထိပ်ပိုင်း အဖုံးမရွေ့စေရန် ပတ်ထားပါသည်။ ထိုကျောက်ဖရုံသီးကို နတ်အုန်းဆွဲသကဲ့သို့ ကြိမ်ဆိုင်းကြိုးဝယ်ယူပြီး လေထဲတွင် ချိတ်ဆွဲထားသည်။ အတွင်း၌ဓာတ်ပြုသွားစေရန် ၃ ရက်မှ ၅ ရက်အထိ ထားရသည်။ ရက်စေ့လျှင် ဆွဲထားသော ကျောက်ဖရုံသီး ဖင်ပိုင်း အောက်တည့်တည့်မှ စူးချွန်ဖြင့်ဖောက်လိုက်ပါ။ အရည်များကျလာမည်။ ထိုအရည်ကို ခံယူပြီး ပုလင်းများဖြင့် ထည့်သိမ်းထားပါ။ အေးသောနေရာတွင်ထားပါ။ အချို့တောအရပ်တွင် စပါးရှိလျှင် စပါး သို့မဟုတ် စပါးခွံပုံးထဲ မြှုပ်သိမ်းထားလေ့ရှိသည်။

ကျောက်ဖရုံသီးနှင့်သကြားအရည်ကို တစ်နေ့လျှင် တစ်ပုလင်းစာ၊ နှစ်ကြိမ် သုံးကြိမ်ခွဲ၍ သောက်သုံးပေးရပါသည်။ ဆီးများစွာသွားပြီး အရောင်များ ကျသွားသည်ကို တွေ့ရပါသည်။ ထိုဆေးသည် ကျောက်ကပ်ကို သန့်စင်စေသည်။ အလုပ်ပြန်လုပ်စေသည့်ဆေးမျိုးဖြစ်သည်။ သကြားထည့်ရသော ဆေးမျိုးဖြစ်သဖြင့် ဆီးချိုရောဂါရှိသူများအတွက်တော့ အဆင်ပြေမည်မဟုတ်ပါ။

ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ အစေ့၊ အပင်၊ အမြစ်အားလုံး ဆေးဖက်ဝင်ပါသည်။ ဆေးကျမ်းများအဆိုအရ -

- ကျောက်ဖရုံအပွင့်ကို စားပေးလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါ သက်သာစေနိုင်သည်။
- အသီးကိုစားခြင်းဖြင့် အားရှိစေသည်။ အဆုတ်ရောဂါနှင့်သင့်သည်။ သွေးအန်သွေးကျ ရောဂါသက်သာစေသည်။
- အသီးကို နေ့စဉ်စားသုံးလျှင် ဆီးနှင့်ကျောက်ကပ်ရောဂါများအတွက် အကျိုးပြုသည်။ ဆီးအိမ်ကို သန့်စင်စေသည်။
- အသီး၏အရည်ကို နေ့စဉ်သောက်သုံးပေးလျှင်၊ ဖျော်ရည်ပြုလုပ်၍ သောက်လျှင် ကျောက်ကပ်မှ ကျောက်ကျစေသည်။
- အသီးထဲတွင် ရှိန်းခိုနှင့် ဂျုံပြဆား အနည်းငယ်ထည့်၍ အရည်ကို စစ်သောက်လျှင် ကျောက်များ ကွဲ၍ ကျစေနိုင်သည်။
- ကျောက်ဖရုံသီးကို အရည်ဖျော်၍ လေနာ၊ ဝက်ရူးနာ၊ အရူးရောဂါများ အတွက်လည်း သုံးသည်။
- ကျောက်ဖရုံစေ့ကို ကလေးသန်ချဆေးအဖြစ်သုံးသည်။
- ကျောက်ဖရုံပင်အမြစ်ကို အခြောက်မှုန့်ပြုလုပ်သောက်သုံးလျှင် ပန်းနာရင်ကျပ်ရောဂါ သက်သာပျောက်ကင်းစေသည်။
- ကျောက်ဖရုံယိုသည် အစာအိမ်၊ ဆီးအိမ် ပူသောရောဂါကို ငြိမ်းစေနိုင်သည်။ အစာကိုလည်း ကြေစေနိုင်သည်။

**အမှန်တော့ ကျောက်ဖရုံသီးသည် ကျန်းမာရေးအတွက်တန်ဖိုးရှိသော အစာဖြစ်သည်။ အထူးသဖြင့် ဆီးနှင့်ကျောက်ကပ်အတွက် အလွန်ကောင်းသည်။ အရွက်၊ အညွန့်၊ အသီး သုံးမျိုးလုံးစားကောင်းသောအသီးမျိုးဖြစ်သည်။ ကျောက်ဖရုံသီးသည် တာရှည်လည်း အထားခံသည်။ ကျောက်ဖရုံသီး၏အထူးဆေးစွမ်းမှာ ဆီးအိမ်ကို သန့်ရှင်းစေသည်ဟု ရှေးဆေးကျမ်းများစွာက ဖော်ပြ**

# မော်ဟန်ဘူတာတွင် မန္တလာအထူးအမြန်ရထား စတင်ဆိုက်ရောက်

**မိုးညှင်း ဩဂုတ် ၂၃**

ဒေသခံခရီးသွားများ မြန်မာ့မီးရထားဖြင့် ခရီးသွားလာခြင်း လွယ်ကူအဆင်ပြေစေနိုင်ရန်အတွက် အမှတ်(၅၇)၊(၅၈) အမြန်မန္တလာရထားရပ်တန့်ခြင်း ဖွင့်ပွဲအခမ်းအနားကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာဘူတာရုံ၌ ဩဂုတ် ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း၊ ဦးထွန်းရွှေ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း) ဦးအေးသိန်း မန်နေဂျာ (သွားလာရေး/တိုင်း) နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ခဲ့ပြီး အဆိုပါ အမှတ်(၅၇)အဆန်အထူး အမြန်မန္တလာရထားတွင် စီးနင်းလိုက်ပါလာသောခရီးသည်များကိုဒေသခံများကထမင်းထုပ် ၂၀၀ ကျော်ဖြင့် ဝေငှပေးကြသည်။

အဆိုပါ ရထားမှာ နေ့စဉ်အစုန်/အဆန် လက်မှတ်(ရိုးရိုးတန်း) ငါးစောင်စီ ရရှိမည်ဖြစ်၍ အဆန်ရထားဆိုက်ရောက်ချိန်မှာ နံနက် ၉ နာရီ ၁၀ မိနစ်၊ ညနေ ဆိုက်ရောက်ချိန်မှာ ည ၉ နာရီခွဲဖြစ်ပြီး ဘူတာရပ်ချိန်မှာ အဆန်ရထားတွင် နှစ်မိနစ်၊ အစုန်ရထားတွင် ၁၃ မိနစ် ကြာမြင့်မည်ဖြစ်ကြောင်း၊ အဆိုပါ ရထားဆိုက်ရောက်ခြင်းကြောင့် နမ္မချီ ကျောက်စိမ်း မော်ဒေသနှင့် မော်ဟန် ကျေးရွာဒေသခံများအတွက် ဆက်သွယ်သွားလာရေးတို့တွင် အဆင်ပြေ လွယ်ကူစွာသွားလာ နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**




# ကျေးရွာအရောက် အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

**သရက် ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မကျည်းတော ကျေးရွာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများအား ကျေးရွာအရောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းအခမ်းအနားကို ဩဂုတ် ၂၀ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာစိုးက ကျန်းမာပျော်ရွှင်ဘဝတစ်ခွင်ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်က သွားကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောပေးခဲ့သည်။

ထို့နောက် မြို့နယ် သူနာပြု(၁) ဒေါ်နိုရင်းက (HIV) ရောဂါအကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပေးခဲ့ပြီး ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်ထွေးရီက တီဘီရောဂါအကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။ ယင်းနောက် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သီတာစိုး၊ သွားဆရာဝန် ဒေါက်တာစိုးလင်းနိုင်၊ ဒေါက်တာနှင်းဝေဝေလွင်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကျေးရွာနေပြည်သူများမှ လာရောက်ပြသကြရာ အထွေထွေရောဂါ ၃၀၅ ဦးနှင့် သွားဝေဒနာရှင် ၃၈ ဦးတို့အား ကုသပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## Open Tender ခေါ်ယူခြင်း

၁။ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၂၂-၈-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် (၂၁) တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၀-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ ရုံးသုံးစက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar. org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

---

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၏ အမှတ် ၃၅အကြီးစားစက်ရုံ၊ (အဆင့်မြင့်ကြွေသီးစက်ရုံ-ချောက်)အား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်၃၅ အကြီးစားစက်ရုံ၊ (အဆင့်မြင့်ကြွေသီးစက်ရုံ-ချောက်)အား ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့်စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ Expression of Interest-(EOI) အား စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့လိပ်မူလျက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ရက် ညနေ၃း၀၀နာရီ(မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ၊ EOI ပုံစံ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့်စာရွက်စာတမ်းများအား မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၃-၈-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား

- သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

**(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၂**

ဒေါ်ဝင်းဝင်းနု **နှင့်** ဦးဇာနည်ထွန်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်ခင်ကြွယ်ကြွယ်ဌေး)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၅ လမ်း၊ တိုက်အမှတ်(၁၅)၊ လေးလွှာ(ညာ)နေ တရားပြိုင်ဦးဇာနည်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂-၁-၂၀၁၅ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ စရန်ငွေကျပ်သိန်း(၁၀၀)၏ နှစ်ဆဖြစ်သော ငွေကျပ်သိန်း(၂၀၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်မြအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပဲခူးမြို့နယ်တရားမရုံး၌**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁၁**

၁။ ဦးစိုးနိုင် **နှင့်** ဗိုလ်ကြီးစိုးမြင့်
အမှတ်၃၄၆၊ ကျိုက္ကလွန့်ပွန်ဘုရားလမ်း၊ အမှတ် ၃၄၆၊ ကျိုက္ကလွန့်ပွန်
ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ပဲခူးမြို့။ ဘုရားလမ်း၊ ဗိုလ်ကုန်း
၂။ ဒေါ်သီသီခိုင် (၁၈)ရပ်ကွက်၊ ပဲခူးမြို့။
(အတူနေဇနီးမောင်နှံ) (ယခုနေရပ်လိပ်စာမသိ)
**တရားလိုများ** **တရားပြိုင်**

ပဲခူးမြို့၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ကျိုက္ကလွန့်ပွန်ဘုရားလမ်း၊ အမှတ် ၃၄၆နေ တရားပြိုင်ဖြစ်သည့် ဗိုလ်ကြီးစိုးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုလက်ရှိထားနေထိုင်ကြောင်း မြွက်ဟကြေညာ ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(သူဇာဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပဲခူးမြို့နယ်တရားရုံး**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး ကရင်ပြည်နယ်၊ ဘားအံမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်အဆင့်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပထမအရစ်အဖြစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။ FDAအသိအမှတ်ပြုဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်ရက်** - ၂၃-၈-၂၀၁၆ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၂၃-၉-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ

၄။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး**
**ကရင်ပြည်နယ်၊ ဘားအံမြို့**
**ဖုန်း-၀၅၈-၂၃၄၉၃**

---

## ဒေါ်လှခင်(အလုပ်ရှင်)၊ မေဇင်သိန်းခြံ၊ မေဇင်သိန်းလမ်း၊ ထိန်ကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင်နေထိုင်သူ သိရှိစေရန်ကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အလုပ်ရှင် ဦးလောလူနှင့် ဒေါ်လှခင်တို့ထံမှ ကယားတိုင်းရင်းသားအလုပ်သမားများ၏ လုပ်အားခကျန်ငွေ ပေးချေနိုင်ရန် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ အခွန်အရာရှိရုံးမှ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေါ်လှခင် (အလုပ်ရှင်) အမည်ပေါက်ပိုင်ဆိုင်သည့် မဟာအောင်မြေမြို့နယ်၊ ၅၈ လမ်း၊ မုံလယ်ဂုဏ်ရည်လမ်းနှင့် စိန်စံပယ်လမ်းကြားရှိ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် ၅၂ မှ ၆၁ ထိ (ပေ ၄၀×ပေ ၆၀)မြေကွက်၁၀ကွက်အား ကြမ်းခင်းဈေးသတ်မှတ်ပြီး လေလံတင်ရောင်းချနိုင်ရန် လေလံတင်ရောင်းချရေးကော်မတီနှင့် ၂၁-၉-၂၀၁၆ ရက် နောက်ဆုံးထား၍ လာရောက်တွေ့ဆုံဆွေးနွေးရန် အကြောင်းကြားပါသည်။

၂။ လာရောက်တွေ့ဆုံဆွေးနွေးရန်ပျက်ကွက်ပါက ၎င်း၏မျက်ကွယ်တွင် လေလံတင်ရောင်းချရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်မြေကွက်များအား ကြမ်းခင်းဈေး သတ်မှတ်ရောင်းချမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

**အခွန်အရာရှိ**
**လေလံတင်ရောင်းချရေးကော်မတီ**

---

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားအထွေထွေမှုအမှတ် -၂၂**

ကွယ်လွန်သူ ဒေါ်ဟဝှာဘီ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။
ဒေါ်ကြည်ကြည်မြင့် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (ယခင်)တိုးချဲ့ပေါက်တောရပ်ကွက်၊ (ယခု)မြို့သစ်(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၂)လမ်း၊ အမှတ် ၄၂တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဟဝှာဘီ၏ ကျန်ရှိရစ်သောပစ္စည်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇အရ ကွယ်လွန်သူ ဒေါ်ဟဝှာဘီ ကျန်ရစ်ခဲ့သောပစ္စည်းများအား စီမံခန့်ခွဲခွင့်ပြုပါရန်နှင့် ပုဒ်မ ၃၀၇ ပါ ပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်များဆောင်ရွက်ခွင့်ပြုပါမည့်အကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (ယခင်)တိုးချဲ့ပေါက်တောရပ်ကွက်၊ (ယခု)မြို့သစ်(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၂)လမ်း၊ အမှတ်၄၂နေ ဒေါ်ကြည်ကြည်မြင့်မှ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက်)တွင် ကြားနာရန် ချိန်းဆိုထားသောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဟဝှာဘီ၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟုအဆိုရှိသူတို့သည် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက်)နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသောကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်ကြည်ကြည်မြင့်၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖော်ညွန့်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/သာဓိအရှေ့၊ မြေကွက်အမှတ်(၁၅^က)၊ ဧရိယာ ၀ ဒသမ ၂၄၉ ဧကရှိ ဦးညွန့်အောင်(ပါ)လေးဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးညွန့်အောင် ၉/ပမန(နိုင်)၀၁၈၃၇၂ (ဘ)ဦးထွန်းမြမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးကျော်ဇေယျ ၁၂/ပဘတ(နိုင်)၀၁၅၈၈၆ နှင့် အများသိစေရန်

ဖခင်ဖြစ်သူ ဦးထွန်းရင် ၁၉၉၉ခုနှစ် (ကွယ်လွန်)နှင့် ဒေါ်သန်းချစ် ၂၀၀၉ ခုနှစ်(ကွယ်လွန်)တို့တွင် ဒေါ်မြင့်မြင့်သန်း ၁၂/အစန(နိုင်)၁၆၇၆၃၇၊ ဒေါ်ချိုချိုသန်း ၁၂/ပဘတ(နိုင်)၀၁၆၃၁၆၊ ဦးကျော်ဇေယျ ၁၂/ပဘတ(နိုင်)၀၁၅၈၈၆ သားသမီးသုံးဦး မွေးဖွားခဲ့ပါသည်။

၁၀-၁၂-၁၉၉၉ ရက်၌ မိခင်ကြီး သက်ရှိထင်ရှားရှိစဉ် သားသမီးသုံးဦးတို့အား အမွေဝေစု အပြီးအပိုင်ခွဲဝေခဲ့ပြီးဖြစ်ပါသည်။ မိခင်ကြီး သက်ရှိထင်ရှားရှိစဉ်အခါ ဒေါ်မြင့်မြင့်သန်းသည် မိခင်ကြီးစိတ်ချမ်းသာမှုအတွက် မောင်ဖြစ်သူဦးကျော်ဇေယျအပေါ် ငွေကြေးများ ထောက်ပံ့ခဲ့ပါသည်။ မိခင်ကြီး ကွယ်လွန်သည့်နောက်ပိုင်း ၎င်းမှာ ဒေါ်မြင့်မြင့်သန်းအပေါ် အမျိုးမျိုးသော စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ခဲ့သဖြင့် ဦးကျော်ဇေယျနှင့်ပတ်သက်၍ လူမှုရေးကိစ္စနှင့် ငွေကြေးကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဲစုထွေး LL.B,D.B.L, D.M.L, D.I.L** **ဦးမြတ်ထွန်း B.Sc, R.L**
**အထက်တန်းရှေ့နေ(စဉ်-၂၇၁၂၈)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)**
**အမှတ်-၅၅၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်

## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် (၁) FDA အသိအမှတ်ပြုဆေးဝါးများ၊ (၂) ဓာတ်ခွဲခန်းသုံးဆေးရည်နှင့် (၃)ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁-၉-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ဆေးပစ္စည်းများစာရင်းအသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့် ဖုန်း-၀၁-၂၃၀၆၄၀၀၊ ၀၁-၂၃၀၆၄၀၃

**လိပ်စာ** - **စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်**

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## အဖအမည်အမှန် ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းဒေသ၊ အမက၊ သဖန်းပင်မှ ကျောင်းဝင်အမှတ် ၂၃၅၂ မောင်အောင်ကိုဦးနှင့် ကျောင်းဝင်အမှတ်- ၂၆၁၃ မောင်အောင်ကိုဖြိုးတို့၏ဖခင် ဦးအေးမင်းစိုး၏ အမည်မှန်မှာ ဦးအေးမင်း ၁၄/အဂပ(နိုင်)၁၃၆၆၆၈ ဖြစ်ကြောင်း သိစေအပ်ပါသည်။

---

## မြေညီတိုက်ခန်းရောင်းမည်

မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်မီးပွိုင့်အနီး လမ်းမတော် လမ်းမပေါ် (၁၀'×၂၇') ၁၇' အမြင့် (ထပ်ခိုးအပြည့်ပါ) ရောင်းမည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၀၇၈၃၉၁**

---

## ဝန်ထမ်းအလိုရှိသည်

**အမှတ်(၁၃၀)၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**Ph:01-540742, 540747, 558973, E-mail:hrmgr.gh@gmail.com**

ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်မည့် ဆေးရုံသစ်ကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ပါရာထူးများအတွက် ဖော်ပြပါအရည်အချင်းများနှင့် ကိုက်ညီသူ (မည်သူမဆို)၊ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ သတင်းစာတွင် ဖော်ပြသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

(၁) **Medical Officer**
(က) M.B.,B.S ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) ဆေးကုသခွင့်လိုင်စင်(ဆမ)ရရှိပြီးသူဖြစ်ရမည်။

(၂) **Nurse**
(က) B.N.Sc (သို့) Dip in Nursing(သို့)Certificate in Mid-wife ရရှိပြီးသူဖြစ်ရမည်။
(ခ) သူနာပြု လိုင်စင်ရရှိပြီးသူဖြစ်ရမည်။

(၃) **Radiographer**
(က) B.Med. Tech(Medical Imaging Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၄) **Laboratory Technician**
(က) B.Med. Tech (Medical Laboratory Technology) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(၅) **Receptionist**
(က) ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(၆) **Cleaner**

(၇) **Security Officer**

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာရဲစခန်းထောက်ခံစာမိတ္တူနှင့်တကွ လျှောက်ထားနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း

****************

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ် (၂၄) ရှိ နှစ်ခန်းတွဲ (၆) ထပ်တိုက်၏ (၅)ထပ်ခြေရင်းခန်း အကျယ်အဝန်း (12.5'x50')ရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်း (၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ဒေါ်ပပလွင် (၁၂/မရက (နိုင်) ၀၄၄၃၅၃)၊ ဒေါ်သက်တည်ဦး (၁၂/မဂဒ (နိုင်) ၀၁၃၃၆၈)က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဝေါင်ကွီးလျံ (ခ) မြင့်မြင့်ထွေးမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြေငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |
|---|---|---|
| ဒေါ်ဖြူဖြူလွင် (စဉ်-၁၀၃၆၃) | ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃) | ဒေါ်ချမ်းမြေ့မွန် (စဉ်-၄၅၄၆၉) |
| (LL.B,D.B.L,D.I.L,D.M.L) | (LL.B,D.B.L,D.I.L,D.M.L) | (LL.B) |

**ESTATE MYANMAR ENTERPRISE**

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးလုပ်ငန်း

ရုံးချုပ် - အမှတ် (၈၂)၊ သံလွင်လမ်းမ၊ ဝင်ဒါမီယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၅၃၁၄၈၄၊ ၅၂၄၉၀၁၊ ၇၀၄၉၄၂။


ဂရိတ်ဝေါ်ရွှေမြေကုမ္ပဏီလီမိတက်
ရယ်ဒီမိတ်အိမ် များကို စတင်ထုတ်လုပ်ပေးနေပါသည်။
◈ ရယ်ဒီမိတ်အိမ်များကို စိတ်တိုင်းကျ တပ်ဆင်ပေးနေပါသည်။
◈ ရယ်ဒီမိတ်အိမ်တွင် မျက်နှာကျက် ၊ ခြင်လုံဇကာ ၊ အိပ်ခန်း ၊ ဧည့်ခန်း ၊ ရေချိုးခန်း၊ သန့်စင်ခန်း ၊ မီးဖိုခန်းများကို ( ၂၄ - ၈၀ )နာရီခန့်အတွင်း အပြီးအစီး တပ်ဆင်ပေးပါမည်။ (အဆင်သင့်နေနိုင်ပါသည်)
✸ ကိုယ်စားလှယ်ယူလိုသူများ လာရောက်ဆက်သွယ်နိုင်ပါသည် ✸
➢ အမှတ် (ဂ၅) ၊ ကနောင်မင်းသားကြီးလမ်း ၊ ရွှေလင်ပန်းစက်မှုဇုန် ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 250500099, 09 250500088, 09 250500066, 09 73227622, 09 31652227, 09 263442264, 09 785092343
➢ အမှတ် (၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 381999, 01 382333, 09 250065716, 09 73048157


Number One Directory in Myanmar
YELLOW PAGES
ဘာပဲလိုလို
The YANGON DIRECTORY
Mobile App
Website
ရန်ကုန်လမ်းညွှန် ရဲ့
DIGITAL လောကသို့ ဝင်ရောက်လိုက်ပါ..
www.yangondirectory.com I SALES DIRECT LINE: 09-448001662


အူရီဒူးရဲ့အတန်ဆုံး အကောင်းဆုံး
စမတ်စီးရီးဖုန်းများ
ဆင်းကတ် နှစ်ကတ်သုံး၊ ရှေ့နောက်ကင်မရာ၊ သီချင်း၊ ဗီဒီယိုကင်မရာ၊
Android 5.1 ဗားရှင်းနဲ့ဖုန်းကို အဆင့်မြင့်မြင့်သုံးစွဲဖို့ အခုပဲရယူလိုက်ရအောင်
ooredoo
Smart Series
၃၀,၀၀၀ ကျပ် မှစတင်၍
တစ်နှစ်အာမခံ
အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# အစိုးရသစ်၏ ပထမရက် (၁၀၀) စတုတ္ထအကြိမ် သတင်းစာရှင်းလင်းပွဲကျင်းပ

# ပြန်ကြားရေး၊ ပညာရေး၊ စီးပွား/ကူးသန်းနှင့် စက်မှုဝန်ကြီးဌာနတို့က ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၂၃**

အစိုးရသစ်၏ ပထမရက် (၁၀၀)ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် စတုတ္ထအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ဝန်ကြီးဌာနအလိုက် ကိုယ်စားလှယ်များက ဖြေကြားကြသည်။ **(ယာပုံ)**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပထမ ရက် (၁၀၀)ကာလအတွင်း ဝန်ကြီးရုံးအနေဖြင့် အဓိကလုပ်ခဲ့သည်မှာ ကဏ္ဍနှစ်ခုရှိပြီး ယင်းမှာ ဝန်ကြီးဌာနအသီးသီးမှ ပြောရေးဆိုခွင့်ရှိသူပုဂ္ဂိုလ်များစုဖွဲ့၍ သတင်းထုတ်ပြန်ခြင်းဆိုင်ရာကိစ္စရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲများပြုလုပ်ခြင်း၊ ပြောရေးဆိုခွင့်ရှိသူများအား နိုင်ငံတကာမီဒီယာပညာရှင်များနှင့် ပြည်တွင်းမီဒီယာပညာရှင်များပါဝင်သည့် ရက်တိုလေ့ကျင့်မှုအစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် ဝန်ကြီးဌာနအလိုက် သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်းတို့ ဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်း PSB (Public Service Broadcasting) အဖြစ် ပြောင်းလဲနိုင်ရေးအတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Channel Logo နှင့် Main Title တို့ကို Look and Feel ဖြစ်စေရေးအတွက် ပြင်ဆင်ပြောင်းလဲနိုင်ရေးကို Vizrt Company နှင့် ညှိနှိုင်းရေးဆွဲလျက်ရှိရာ မူကြမ်းရရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁* ✻

# ခရီးသွားလုပ်ငန်းနှင့်အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချင်းပြည်နယ်အစိုးရ မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်မည်



ပြည်ပခရီးသည် သွားရောက်မှုအများဆုံးဖြစ်သည့် ချင်းပြည်နယ်၏ နတ်မတောင်ကို တွေ့ရစဉ်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသဖြစ်သည့် ချင်းပြည်နယ်ကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၆- ၂၀၂၀ ငါးနှစ်အတွင်းလုပ်ငန်းစဉ်များ မဟာဗျူဟာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"ချင်းပြည်နယ်အနေနဲ့ အခုလိုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ငန်းစဉ်တွေချမှတ်တဲ့အခါမှာ အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ *စာမျက်နှာ ၉ ကော်လံ ၁* ❐

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌအဖြစ် ဦးသန်းဌေးအား ရွေးချယ်တင်မြှောက်**

စာမျက်နှာ-၈

**လူဝီစီယားနားရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ၌ ပြည်သူ ၃၀၀၀ ကျော် သောင်တင်နေဆဲဖြစ်**

စာမျက်နှာ-၁၀

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2016